# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**လောကကို မဂ်ဉာဏ်ရောင်ဖြင့် ထွန်းလင်းစေ၏**

ရှေးငယ်စဉ်အခါက ကုသိုလ်၌ မေ့လျော့ခဲ့၍ နောင်ကြီးပြင်းသောအခါ၌ မမေ့လျော့သောသူသည် တိမ်တိုက်မှ လွတ်သောလကဲ့သို့ ဤလောကကို မဂ်ဉာဏ်ရောင်ဖြင့် ထွန်းလင်းတောက်ပစေ၏။

လောကဝဂ်(ဓမ္မပဒ-၁၇၂)


၁၃၈၈ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၀ ရက် ၂၀၂၆ ခုနှစ်၊ အောက်တိုဘာ ၆ ရက်၊ အင်္ဂါနေ့ အတွဲ(၆၆)၊ အမှတ်(၀၀၆)



**တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ၁၁ ရက်မြောက်နေ့ကျင်းပ**

လွှတ်တော်ရေးရာ စာ ၆

**တတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး သတ္တမနေ့ကျင်းပ**

လွှတ်တော်ရေးရာ စာ ၈

**မြန်မာနိုင်ငံ၏ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးလမ်းခရီးနှင့် ရေရှည်တည်တံ့သော စွမ်းအင်မဟာဗျူဟာ**

ဆောင်းပါး စာ ၁၂






ဘဏ္ဍာရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဘဏ္ဍာရေးကော်မရှင်အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

## ဘဏ္ဍာရေးကော်မရှင်ဥက္ကဋ္ဌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဘဏ္ဍာရေးကော်မရှင်အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား

နေပြည်တော် အောက်တိုဘာ ၅

ဘဏ္ဍာရေးကော်မရှင်အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံးတော်အစည်းအဝေးခန်းမ၌ကျင်းပရာ ဘဏ္ဍာရေးကော်မရှင်ဥက္ကဋ္ဌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ❖

## သီးထပ်စိုက်ပျိုးသည့် တောင်သူများအတွက် စိုက်ပျိုးစရိတ်ချေးငွေ ချဲ့ထွင်ထုတ်ချေးမည့်အစီအစဉ် အသိပေးကြေညာ

၁။ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်သည် နိုင်ငံတော်အစိုးရ၏မူဝါဒများနှင့်အညီ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် စိုက်ပျိုးစရိတ်ချေးငွေကို ယခင်နှစ်နှုန်းထားထက် ပျမ်းမျှ နှစ်ဆတိုးမြှင့်၍ မိုး၊ ဆောင်း၊ မိုးကြိုရာသီအလိုက် စိုက်ပျိုးစရိတ်ချေးငွေများကို ထုတ်ချေးပေးလျက်ရှိပါသည်။

၂။ လယ်ယာကဏ္ဍတွင် သီးထပ်စွမ်းအား တိုးမြှင့်လာစေပြီး နိုင်ငံတော်၏ ကုန်ထုတ်လုပ်မှု တိုးတက်စေရန်အတွက် ၂၀၂၆ ခုနှစ် ဆောင်းရာသီစိုက်ပျိုးစရိတ်ချေးငွေ ထုတ်ချေးချိန်မှစ၍ မြေတစ်မျိုးတည်းတွင် သီးထပ်သီးနှံအဖြစ် စိုက်ပျိုးပါက တိုးမြှင့်ချေးငွေနှုန်းထားအတိုင်း ချေးငွေထပ်မံထုတ်ချေးသွားမည်ဖြစ်ပါသည်။ သီးထပ်စိုက်ပျိုးရေးချေးငွေ ထုတ်ချေးရာတွင် စပါး၊ အစေ့ထုတ်ပြောင်း၊ မြေပဲ၊ နှမ်း၊ နေကြာ၊ မတ်ပဲ၊ ပဲတီစိမ်း၊ ပဲစင်းငုံ၊ ချည်မျှင်ရှည်ဝါနှင့် ချက်ကြံ

*စာမျက်နှာ ၅ ကော်လံ ၅* ✻



## အမျိုးသမီးစက်ခေါင်းမောင်းသူများအား ရန်ကုန်မြို့ပတ်ရထားလမ်းပိုင်း စတင်တာဝန်ပေးအပ်

ရန်ကုန် အောက်တိုဘာ ၅

မြန်မာ့မီးရထားသမိုင်းတစ်လျှောက် ပထမဆုံးအကြိမ်အဖြစ် ရန်ကုန်မြို့ပတ်ရထားလမ်းပိုင်းတွင် ပြေးဆွဲနေသည့်ရထားများ၌ အမျိုးသမီး စက်ခေါင်းမောင်းသူများကို ထည့်သွင်းတာဝန်ပေးရန် မြန်မာ့မီးရထား၊ သွား/လာရေးဌာနက စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

လက်ရှိတွင် ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်မှ AGTI ဒီပလိုမာရရှိထားသူ အမျိုးသမီး ငါးဦးအား ရထားစက်ခေါင်းမောင်းများအဖြစ် လေ့ကျင့်မွေးထုတ်ထားပြီးဖြစ်သည်။

*စာမျက်နှာ ၇ ကော်လံ ၁* ❐

## လေယာဉ်လက်မှတ်ခနှုန်းထားများအား သတ်မှတ်ဈေးနှုန်းထက် ပိုမိုသည့်နှုန်းထားဖြင့် ဝယ်ယူခဲ့ရခြင်း၊ Fake Accounts များမှတစ်ဆင့် ဝယ်ယူခဲ့ရခြင်းများရှိပါက တိုင်ကြားနိုင်

နေပြည်တော် အောက်တိုဘာ ၅

လေကြောင်းလိုင်းများ၏ လေယာဉ်လက်မှတ်ခနှုန်းထားများအား သတ်မှတ်ဈေးနှုန်းထက် ပိုမိုသည့်နှုန်းထားဖြင့် ဝယ်ယူခဲ့ရခြင်း၊ Fake Accounts များမှတစ်ဆင့် ဝယ်ယူခဲ့ရခြင်းများရှိပါက ခရီးသည်အမည်၊ ဝယ်ယူခဲ့သည့်ရက်စွဲ၊ ခရီးစဉ်အချက်အလက်၊ Booking PNR/Ticket အမှတ်၊ ဝယ်ယူခဲ့ရသည့်ဈေးနှုန်းနှင့် ငွေပေးချေသည့် အထောက်အထားစသည့် တိကျသည့် သတင်းအချက်အလက်များနှင့်အတူ သက်ဆိုင်ရာလေကြောင်းလိုင်းများသို့ တိုက်ရိုက်တိုင်ကြားနိုင်ပါကြောင်းနှင့် လေယာဉ်လက်မှတ်ခနှုန်းထားများကို သတ်မှတ်ဈေးနှုန်းထက် ပိုမိုရောင်းချခြင်း၊ Fake Accounts များမှတစ်ဆင့် ရောင်းချခြင်းများတွေ့ရှိရပါက မည်သူမဆို ပြစ်မှုဆိုင်ရာ ဥပဒေကြောင်းအရ ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက အသိပေးချက်ထုတ်ပြန်ထားသည်။

**သတင်းစဉ်**

## လေးမျက်နှာမြို့နယ်၊ ရေကြည်မြို့နယ်၊ ငါးသိုင်းချောင်းမြို့နယ်၊ ကျုံပျော်မြို့နယ်နှင့် ကျောင်းကုန်းမြို့နယ်များရှိ ရေပြန်လည်ကျဆင်းသွားသည့် မြို့၊ ရွာ၊ ရပ်ကွက်များ၌ တင်ကျန်ခဲ့သည့် နုန်းများ၊ အမှိုက်များအား ဖယ်ရှားရှင်းလင်း

နေပြည်တော် အောက်တိုဘာ ၅

ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်အတွင်း ဇူလိုင် ၃၀ ရက် ညပိုင်းတွင် မိုးသည်းထန်စွာရွာသွန်းမှုနှင့် မြစ်ရေတိုက်စားမှုများကြောင့် ငဝန်မြစ်ရေကာတာ၏ အောက်ခံ မြစ်ကျိုးအင်းသဲကြောမှ ထူးပေါက်၍ ရပ်ကွက်ကျေးရွာများအတွင်း ရေဖြတ်သန်းစီးဆင်းဝင်ရောက်မှု ဖြစ်ပွားခဲ့သည်။ အဆိုပါရေဝင်ရောက်မှုကြောင့် လေးမျက်နှာမြို့ပေါ် ရပ်ကွက် ငါးခုနှင့် ကျေးရွာအချို့အပြင် ဟသ်ာတ၊ ရေကြည်၊ ကျုံပျော်နှင့် ကျောင်းကုန်းမြို့နယ်များရှိ ရပ်ကွက်ငါးခုနှင့် ကျေးရွာအချို့တို့တွင် ရေဝင်ရောက်မှုများဖြစ်ပွားခဲ့သည်။

အဆိုပါငဝန်မြစ်ရေသည် အောက်တိုဘာ ၁ ရက်တွင် လေးမျက်နှာမြို့နယ်၌ လည်းကောင်း၊ အောက်တိုဘာ ၂ ရက်တွင် ကျောင်းကုန်းမြို့နယ်၌လည်းကောင်း၊ ယနေ့တွင်

*စာမျက်နှာ ၅ ကော်လံ ၁* ❍

❒ နိုင်ငံတော်အနေဖြင့် အဓိကကျသည့်ကဏ္ဍများဖြစ်သည့် ပညာရေး၊ ကျန်းမာရေး၊ လျှပ်စစ်နှင့် စွမ်းအင်ကဏ္ဍနှင့် အားကစားကဏ္ဍတို့တွင် ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရေး အလေးထားဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ နိုင်ငံတော်ဘဏ္ဍာငွေများကို နှစ်စဉ် တိုးမြှင့်သုံးစွဲသွားမည်

❒ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များအနေဖြင့် ဖြည့်စွက်ခွင့်ပြုငွေတင်ပြချိန်တွင် ရငွေတိုးမြှင့်ရရှိသည့်ဌာနများရှိသကဲ့သို့ ရငွေလျော့နည်းသွားသည့်ဌာနများရှိပြီး ရငွေများကို လျာထားသည့်အတိုင်း အပြည့်အဝကောက်ခံရရှိရေး ကြိုးပမ်းဆောင်ရွက်

❖ *ရွှေဖုံးမှ*

အစည်းအဝေးသို့ ဘဏ္ဍာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် ဒုတိယသမ္မတ ဦးညိုစောနှင့် ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး၊ ဘဏ္ဍာရေးကော်မရှင် အတွင်းရေးမှူး ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ကံဇော်၊ သီးခြားဖိတ်ကြားထားသည့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုစာရင်းစစ်ချုပ် ဒေါ်နိုင်သက်ဦး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် ဒုတိယဝန်ကြီးများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက Video Conferencing ဖြင့် တက်ရောက်ကြသည်။

ဦးစွာ ဘဏ္ဍာရေးကော်မရှင်ဥက္ကဋ္ဌ၊ နိုင်ငံတော်သမ္မတက အဖွင့်အမှာစကားပြောကြားရာတွင် ယနေ့ကျင်းပသည့် ဘဏ္ဍာရေးကော်မရှင်အစည်းအဝေးသည် ပြည်ထောင်စုနှင့် တိုင်းဒေသကြီး၊ ပြည်နယ်များ၏ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်အတွက် ဖြည့်စွက်ခွင့်ပြုငွေတောင်းခံမှုများကို ဘဏ္ဍာရေးကော်မရှင်က အတည်ပြုပေးရန်နှင့် ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေကြမ်းကို အတည်ပြုပြီး ပြည်ထောင်စုလွှတ်တော်သို့ပေးပို့နိုင်ရေး ဆွေးနွေးဆုံးဖြတ်ကြရန်ဖြစ်ကြောင်း။

ဖြည့်စွက်ခွင့်ပြုငွေဆိုသည်မှာ သက်ဆိုင်ရာဘဏ္ဍာရေးနှစ်အတွင်း မဖြစ်မနေ ဆက်လက်ဆောင်ရွက်ရမည့်လုပ်ငန်းများ၊ စီမံကိန်းများအတွက် အသုံးစရိတ်များကို ကျခံသုံးစွဲနိုင်ရန် မူလခွင့်ပြုငွေဖြင့် မလုံလောက်ခြင်း၊ မူလခွင့်ပြုငွေအတွင်း ရန်ပုံငွေလွှဲပြောင်းသုံးစွဲရန်မဖြစ်နိုင်ခြင်း၊ "အထွေထွေ ပိုလျှံရန်ပုံငွေ" (GRF) မှ လွှဲပြောင်းကျခံ သုံးစွဲရန် မဖြစ်နိုင်ခြင်း စသည့်အခြေအနေများကြောင့် အသားတင်ထပ်မံလိုအပ်လာသည့်ငွေကိုသာ ဖြည့်စွက်ခွင့်ပြုငွေအဖြစ် စိစစ်ခွင့်ပြုခြင်းဖြစ်ကြောင်း။

ထို့ကြောင့် ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်အတွင်း ထပ်မံလိုအပ်လာသည့် ကုန်ထုတ်လုပ်မှုတိုးမြှင့်ရေးနှင့် နိုင်ငံ့စီးပွားမြှင့်တင်ရေးအသုံးစရိတ်များ၊ ပြည်ပအကူအညီ၊ ချေးယူရငွေများနှင့် ဆက်နွယ်သည့် အသုံးစရိတ်များ၊ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် အမျိုးသားစီမံကိန်းဥပဒေတွင်ပါဝင်ပြီး ရန်ပုံငွေမလုံလောက်သည့် ကိစ္စရပ်များ၊ နိုင်ငံတော်မူဝါဒ၊ လမ်းညွှန်ချက်အရ မဖြစ်မနေဆောင်ရွက်ရမည့် လုပ်ငန်းစီမံကိန်းသစ်များနှင့် လုပ်ငန်းသစ်များအတွက် အသုံးစရိတ်များကိုအဓိကထားပြီး ဖြည့်စွက်ခွင့်ပြုငွေတောင်းခံထားသည်ကို တွေ့ရကြောင်း။

ဖြည့်စွက်ခွင့်ပြုငွေကို ပြည်ထောင်စုလွှတ်တော်က နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေအဖြစ် အတည်ပြုပြဋ္ဌာန်းပြီးမှသာ သုံးစွဲနိုင်မည်ဖြစ်ပြီး ဖြည့်စွက်ခွင့်ပြုငွေသုံးစွဲနိုင်မည့် ကာလမှာလည်း (၄)လခန့်သာရှိသည့်အတွက် ဘဏ္ဍာရေးနှစ်အတွင်း ပြီးစီးအောင် ဆောင်ရွက်ကြရန် အလေးထားမှာကြားလိုကြောင်း။

နိုင်ငံတော်အနေဖြင့် စိုက်ပျိုးမွေးမြူရေးကို အခြေခံသောနိုင်ငံဖြစ်သည့်အတွက် လယ်ယာထွက်ကုန်မှ တန်ဖိုးမြှင့်ထုတ်ကုန်၊ MSME လုပ်ငန်းများမှ ပြည်တွင်းစားသုံးမှုနှင့် ပြည်ပပို့ကုန်ဈေးကွက်အထိ တန်ဖိုးကွင်းဆက်တစ်လျှောက် ချိတ်ဆက်ပြီး နိုင်ငံ့ထုတ်ကုန်တိုးတက်လာစေရေးအတွက် **"လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုမှသည် နိုင်ငံ့ထုတ်ကုန်တိုးတက်မှုသို့"** အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲကို ပြီးခဲ့သည့်လက ကျင်းပခဲ့ကြောင်း၊ အဆိုပါအလုပ်ရုံဆွေးနွေးပွဲမှ ထွက်ပေါ်လာသည့် အကြံပြုချက်၊ မဟာဗျူဟာလုပ်ငန်းစဉ်များနှင့် လုပ်ငန်းစီမံချက်များကို လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည့် မူဝါဒနှင့် Action Plan များအဖြစ်ပြောင်းလဲပြီး Agro-based Industries ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ကြရမည်လည်းဖြစ်ကြောင်း။

**"နိုင်ငံတော်ရွှေသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့"** ဆိုသည့်အတိုင်း စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်ကုန်ထုတ်လုပ်ငန်းများ ပန်းတိုင်ရည်မှန်းချက်ပြည့်မီအောင် စိုက်ပျိုးထုတ်လုပ်ပြီး အိမ်နီးချင်းနိုင်ငံများနှင့် ဒေသတွင်းနိုင်ငံများ၏ ဈေးကွက်လိုအပ်ချက်ကိုပြည့်မီအောင် တင်ပို့နိုင်မည်ဆိုပါက နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးကို များစွာအထောက်အကူပြုမည်ဖြစ်ကြောင်း။

ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတစ်နိုင်ငံတည်ဆောက်ရာတွင် လူသားအရင်းအမြစ်သည် အဓိကအကျဆုံးဖြစ်သည့်အတွက် **"နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့"** ဆိုသည့် ဆောင်ပုဒ်နှင့်အညီ ပညာရေးကဏ္ဍ ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးလျက်ရှိပြီး အခြေခံပညာကဏ္ဍမှာလည်း KG+9 အဆင့်ထိ အားလုံးသင်ယူနိုင်ကြရန် မူဝါဒချမှတ်ဆောင်ရွက်လျက်ရှိကြောင်း။

ပညာရေးကဏ္ဍနှင့်အတူ ကျန်းမာရေးကဏ္ဍအဆင့်မြှင့်တင်ရေးကိုလည်း ဘက်ပေါင်းစုံမှ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ **"လူ့အသက်ထက် အရေးကြီးတာ ဘာမျှမရှိ"** ဆိုသည့်ခံယူချက်ဖြင့် တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးနှင့် ကျန်းမာရေး အဆင့်မြှင့်တင်ရေးလုပ်ငန်းများကို ထိရောက်သည့်မူဝါဒများ ချမှတ်အကောင်အထည်ဖော်ရမည်ဖြစ်ကြောင်း။

ထို့ကြောင့် နိုင်ငံတော်အနေဖြင့် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးနှင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးကို အဘက်ဘက်မှ တွန်းအားပေးဆောင်ရွက်လျက်ရှိသကဲ့သို့ ဘက်စုံပညာရေးကဏ္ဍ မြှင့်တင်ရေးဆိုင်ရာ အသုံးစရိတ်များ၊ တစ်မျိုးသားလုံး သက်ရှည်ကျန်းမာသည့် ကျန်းမာရေးစနစ် ပေါ်ပေါက်လာရေးအတွက် ကျန်းမာရေးကဏ္ဍ မြှင့်တင်ရေးဆိုင်ရာ အသုံးစရိတ်များ၊ လျှပ်စစ်နှင့်စွမ်းအင်၊ စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အသုံးစရိတ်များအပါအဝင် အခြားကဏ္ဍများတွင်လည်း အသုံးစရိတ်များကို လိုအပ်ချက်နှင့်အညီ နှစ်စဉ်ခွင့်ပြုပေးလျက်ရှိကြောင်း။

ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များအနေဖြင့် နိုင်ငံတော်က ချမှတ်ဆောင်ရွက်လျက်ရှိသည့် မူဝါဒ၊ ရည်မှန်းချက်များ အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်အတွက် ခွင့်ပြုပေးထားသည့်ရန်ပုံငွေများနှင့် ယခုထပ်မံခွင့်ပြုမည့် ဖြည့်စွက်ခွင့်ပြုငွေများကို အကျိုးရှိထိရောက်စွာဖြင့် အလေအလွင့်မရှိအောင် စိစစ်သုံးစွဲကြရန်လိုကြောင်း။

ဘဏ္ဍာရေးကော်မရှင် အတွင်းရေးမှူး ရှင်းလင်းတင်ပြမည့် ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများ၏ ဖြည့်စွက်ခွင့်ပြုငွေတောင်းခံမှု၊ ထိုသို့ တောင်းခံမှုအပါအဝင် ရငွေ၊ သုံးငွေပြောင်းလဲမှုအရ ပြန်လည်ရေးဆွဲထားသည့် ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်အတွက်ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်း၊ ပြည်ထောင်စုမှ တိုင်းဒေသကြီး၊ ပြည်နယ်များကို ထပ်မံထောက်ပံ့ပေးရမည့် ထောက်ပံ့ငွေ၊ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေကြမ်းတို့အပေါ် ဝိုင်းဝန်းဆွေးနွေးအတည်ပြုပေးကြရန် ပြောကြားလိုကြောင်း ပြောကြားသည်။

ထို့နောက် ဘဏ္ဍာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ၊ ဒုတိယသမ္မတ ဦးညိုစောက ပြည်ထောင်စုအဆင့်ဌာန၊ အဖွဲ့အစည်းများ၏ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်အတွက် ဖြည့်စွက်ခွင့်ပြုငွေတောင်းခံမှုများကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဘဏ္ဍာရေးကော်မရှင်သို့ တင်ပြမှုအခြေအနေ၊ ဖြည့်စွက်ခွင့်ပြုငွေများကို စိစစ်ဆောင်ရွက်ခဲ့မှုအခြေအနေ၊ ငွေလုံးငွေရင်း အသုံးစရိတ်အပိုင်းတွင် နိုင်ငံတော်၏ မူဝါဒ၊ လမ်းညွှန်ချက်အရ ယခုဘဏ္ဍာရေးနှစ်အတွင်း မဖြစ်မနေဆောင်ရွက်ရန် လိုအပ်သော လုပ်ငန်းများအတွက် အသုံးစရိတ်များ၊ လွှတ်တော်ကတိကဝတ်ပြုခဲ့သည့်ကိစ္စရပ်များအတွက် အသုံးစရိတ်များ၊ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်၊ အမျိုးသားစီမံကိန်းဥပဒေတွင်ပါဝင်ပြီး ရန်ပုံငွေမလုံလောက်သည့် လုပ်ငန်းများ၊ လက်ရှိဘဏ္ဍာရေးနှစ်အတွင်း အပြီးသတ်ဆောင်ရွက်ရမည့်လုပ်ငန်းများ၊ ထပ်မံရရှိရန် သေချာပြီး ဘဏ္ဍာရေးနှစ်အတွင်း အမှန်တကယ် အကောင်အထည်ဖော်နိုင်မည့် ပြည်ပအကူအညီရငွေ၊ ပြည်ပ ချေးယူရငွေဖြင့် ဆောင်ရွက်မည့် လုပ်ငန်းများအတွက် အသုံးစရိတ်များကို ဦးစားပေးစိစစ်၍ ခွင့်ပြုပေးခဲ့မှုအခြေအနေ၊ ဖြည့်စွက်ခွင့်ပြုငွေတောင်းခံမှုများမှ ပိုလျှံငွေအပ်နှံမှုများစွာမရှိစေရန်၊ ဘတ်ဂျက်ခန့်မှန်းမှု အားကောင်းလာစေရန်အတွက် အချို့သော ဖြည့်စွက်ခွင့်ပြုငွေ တောင်းခံမှုများအား မူလခွင့်ပြုငွေအတွင်း ပိုလျှံသော ခေါင်းစဉ်များမှ ရန်ပုံငွေလွှဲပြောင်းသုံးစွဲခြင်း၊ အထွေထွေ ပိုလျှံငွေ (GRF)သို့ အပ်နှံပြီး ပြန်လည်သုံးစွဲခြင်းတို့ကို ဆောင်ရွက်ခဲ့မှုအခြေအနေများနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ ထောက်ပံ့ငွေအပါအဝင် ပြည်ထောင်စုအဆင့်ဌာန၊ အဖွဲ့အစည်းများ၏ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်၊ ဖြည့်စွက်ခွင့်ပြုငွေစာရင်းနှင့် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေကြမ်းတို့ကို ဘဏ္ဍာရေးကော်မရှင်က အတည်ပြုထောက်ခံပေးနိုင်ရန် ဆွေးနွေးတင်ပြသည်။

ယင်းနောက် ဘဏ္ဍာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ၊ ဒုတိယသမ္မတ ဒေါ်နန်းနီနီအေးက ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ ဖြည့်စွက်ခွင့်ပြုငွေတောင်းခံမှုများကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီစိစစ်ပြီး ပြည်ထောင်စုမှ ထောက်ပံ့ပေးရမည့် ထောက်ပံ့ငွေများနှင့်စပ်လျဉ်း၍ သာမန်အသုံးစရိတ်၊ ငွေလုံးငွေရင်းအသုံးစရိတ်၊ ကြွေးမြီ အသုံးစရိတ် ဖြည့်စွက်ခွင့်ပြုငွေတောင်းခံမှုများနှင့် စိစစ်ခွင့်ပြုပေးခဲ့မှုအခြေအနေများနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်၊ ဖြည့်စွက်ခွင့်ပြုငွေစာရင်းနှင့် ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းအရ ပြည်ထောင်စုမှ ထပ်မံထောက်ပံ့ပေးရမည့် ဘဏ္ဍာငွေများအား ဘဏ္ဍာရေးကော်မရှင်က ဆွေးနွေးအတည်ပြုပေးနိုင်ရန် ဆွေးနွေးတင်ပြသည်။

ဆက်လက်၍ ဘဏ္ဍာရေးဆိုင်ရာကော်မရှင် အတွင်းရေးမှူး၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ကံဇော်က ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ဖြည့်စွက်ခွင့်ပြုငွေစာရင်း စိစစ်ပြီးစီးမှုအခြေအနေ၊ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ ဖြည့်စွက်ခွင့်ပြုငွေစိစစ်ပြီးစီးမှုအခြေအနေ၊ ပြည်ထောင်စု၏ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်၊ မူလခန့်မှန်းခြေငွေစာရင်းနှင့် ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်း၊ နိုင်ငံပိုင် နိုင်ငံခြားငွေအခြေအနေနှင့် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေကြမ်းတို့ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုရှေ့နေချုပ်နှင့် ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သီတာဦးက ပြည်နယ်များ၏ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်အတွက် ဖြည့်စွက်ခွင့်ပြုငွေတောင်းခံမှုနှင့် ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေကြမ်းကို ထောက်ခံမှုအခြေအနေနှင့်ပတ်သက်၍ လည်းကောင်း၊ ပြည်ထောင်စုစာရင်းစစ်ချုပ်က ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၏ ဘဏ္ဍာငွေအရအသုံး ခန့်မှန်းခြေငွေစာရင်းများနှင့် စပ်လျဉ်း၍ စစ်ဆေးတွေ့ရှိချက်အရ အနာဂတ်ကာလတွင် ဆောင်ရွက်သင့်သည့်အချက်များကို လည်းကောင်း အကြံပြုဆွေးနွေးတင်ပြသည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက တင်ပြကြသည်။

တင်ပြမှုများနှင့်ပတ်သက်၍ နိုင်ငံတော်သမ္မတက ရငွေအပိုင်းတွင် နိုင်ငံတော်မှ အခွန်အခများ ပိုမိုရရှိစေရေးအတွက်အခွန်ငွေကို တိုးမြှင့်ကောက်ခံခြင်းထက် အမှန်တကယ်ကောက်ခံရရှိရမည့် အခွန်ငွေများကို အပြည့်အဝမှန်မှန်ကန်ကန် ကောက်ခံရရှိနိုင်ရေး သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များမှ စိစစ်ဆောင်ရွက်ကောက်ခံသွားကြရန်လိုကြောင်း၊ သို့မှသာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအတွက် လိုအပ်သည့် ဘဏ္ဍာငွေများကို အပြည့်အဝရရှိသုံးစွဲနိုင်မည်ဖြစ်ကြောင်း၊ အလားတူ ရငွေများပိုမိုတိုးတက်ရရှိစေရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက်၊ မိမိတို့ဒေသအလိုက် ဒေသ၏အားသာချက်များကို အသုံးချ၍ ကုန်ထုတ်လုပ်ငန်းများ ပိုမိုတိုးတက်ဖွံ့ဖြိုးအောင်လည်း အစွမ်းကုန်ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်သွားကြရန်လိုကြောင်း၊ ဘဏ္ဍာငွေများ သုံးစွဲရာတွင်လည်း နိုင်ငံတော်အတွက် အမှန်တကယ်အကျိုးရှိသည့် သုံးစွဲမှုများဖြစ်စေရေးနှင့် မကုန်သင့်သည့်နေရာများတွင် အပိုသုံးစွဲမှုမဖြစ်စေရေး စနစ်တကျစိစစ်သုံးစွဲသွားကြရန်လိုကြောင်း ဖြည့်စွက်ပြောကြားသည်။

ဆက်လက်၍ ဘဏ္ဍာရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်သမ္မတက နိဂုံးချုပ်အမှာစကားပြောကြားရာတွင် ယနေ့ဘဏ္ဍာရေးကော်မရှင် အစည်းအဝေးတွင် ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်၊ ပြည်ထောင်စုနှင့် တိုင်းဒေသကြီး၊ ပြည်နယ်များ၏ ဖြည့်စွက်ခွင့်ပြုငွေတောင်းခံမှုစာရင်း၊ ပြည်ထောင်စုမှတိုင်းဒေသကြီးနှင့် ပြည်နယ်များကို ထောက်ပံ့ပေးရမည့်ငွေ၊ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်၊ ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေကြမ်းတို့ကို ဆွေးနွေးအတည်ပြုပြီးဖြစ်ကြောင်း၊ ဆွေးနွေးအတည်ပြုထားသည့်အတိုင်း ဘဏ္ဍာရေးကော်မရှင်၏ ထောက်ခံချက်နှင့်အတူ ပြည်ထောင်စုအစိုးရအဖွဲ့က ပြည်ထောင်စုလွှတ်တော်သို့ပေးပို့ရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးတွင် အဓိကကျသည့် နိုင်ငံသားများ၏ လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်စေရေး အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေး၊

*စာမျက်နှာ ၄ သို့*




နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးနှင့်ပတ်သက်၍ လမ်းညွှန်မှာကြားစဉ်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးနှင့်ပတ်သက်၍ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များအား လိုအပ်သည်များလမ်းညွှန်မှာကြား

**နေပြည်တော် အောက်တိုဘာ ၅**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များအား ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံးတော် အစည်းအဝေးခန်းမ၌ တွေ့ဆုံ၍ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးနှင့်ပတ်သက်၍ လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ ဒုတိယသမ္မတများ ဖြစ်ကြသည့် ဦးညိုစောနှင့် ဒေါ်နန်းနီနီအေး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် ဒုတိယဝန်ကြီးများတက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက Video Conferencing ဖြင့် တက်ရောက်ကြသည်။

**နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းဆောင်ရွက်**

ဦးစွာ နိုင်ငံတော်သမ္မတက အဖွင့်အမှာစကား ပြောကြားရာတွင် ဖွံ့ဖြိုးဆဲမိမိတို့နိုင်ငံအနေဖြင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီးပွားရေးအရ အားကောင်းလာစေရေး ဆောင်ရွက်သွားရန်မှာ အဓိကအရေးကြီးကြောင်း၊ အစိုးရတစ်ရပ်အနေဖြင့် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် မလွဲမသွေ ဆောင်ရွက်နိုင်ရမည်ဖြစ်ကြောင်း၊ မိမိတို့အစိုးရအနေဖြင့် နိုင်ငံတော်၏ တာဝန်များကို ထမ်းဆောင်ခဲ့သည်မှာ မကြာမီရက်ပိုင်းအတွင်း ၆ လ ပြည့်မြောက်တော့မည်ဖြစ်ကြောင်း၊ အစိုးရတစ်ရပ်အနေဖြင့် နိုင်ငံ့စီးပွား ပြန်လည်တိုးတက်လာအောင် ဆောင်ရွက်နိုင်မှသာလျှင် ပြည်သူလူထုမှ အစိုးရအပေါ် ယုံကြည်အားကိုးပြီး အဘက်ဘက်မှ နိုင်ငံဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံ၏ စီးပွားရေးတိုးတက်မှုနှင့်ပတ်သက်၍ နိုင်ငံ၏ ဂျီဒီပီမှာ ၃ ရာခိုင်နှုန်းခန့် တိုးတက်လာသည်ဟု အချက်အလက်များအရသိရှိရပြီး ဒေသတွင်းနိုင်ငံများနှင့်နှိုင်းယှဉ်ပါက တိုးတက်မှုနှုန်း နှေးကွေးလျက်ရှိနေသည်ကို တွေ့မြင်ရမည်ဖြစ်ကြောင်း၊ ပြည်တွင်း တည်ငြိမ်အေးချမ်းမှုမရှိခြင်းကြောင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှုအားနည်းပြီး နိုင်ငံ၏စီးပွားရေးသည်လည်း ဖွံ့ဖြိုးတိုးတက်မှု နှေးကွေးနေရခြင်းဖြစ်သည်ကို တွေ့ရှိရကြောင်း၊ ထို့ပြင်ကုန်ထုတ်လုပ်ငန်းများတွင် စွမ်းအားပြည့် အလုပ်မလုပ်ကြခြင်းများကြောင့်လည်း စီးပွားရေးအရ အားနည်းခြင်းများကို တွေ့ရကြောင်း၊ ထိုသို့နိုင်ငံရေးအရ မတည်ငြိမ်မှုများဖြစ်ပေါ်ပြီး စီးပွားရေးအရ ပိတ်ဆို့မှုများနှင့် ဘဏ္ဍာရေးအရအကူအညီများ မရရှိခြင်း၊ ထုတ်ကုန်ပစ္စည်းများ နိုင်ငံတကာဈေးကွက်အပြည့်အဝမရရှိခြင်း၊ ကုန်သွယ်မှုများ ကျဆင်းခြင်းတို့ကြောင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများအနေဖြင့် စွမ်းအားပြည့် လုပ်ဆောင်နိုင်ရန် အခက်အခဲများဖြစ်ပေါ်လျက်ရှိကြောင်း၊ နိုင်ငံရေးအရ မတည်ငြိမ်မှုများနှင့် အဖျက်အမှောင့်လုပ်ရပ်များကြောင့် လုံခြုံရေးထိခိုက်လာကာ ကုန်ထုတ်လုပ်မှု၊ ဝန်ဆောင်မှုနှင့် စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှုကို အားနည်းလာစေခြင်းဖြစ်ကြောင်း။

အကြမ်းဖက်လက်နက်ကိုင်များ၏ လုပ်ရပ်များကြောင့် လမ်းတံတားများနှင့် အခြားအခြေခံအဆောက်အအုံများ ပျက်စီးဆုံးရှုံးမှုများကို ပြန်လည်ပြုပြင် တည်ဆောက်ရာတွင် နိုင်ငံတော်မှ ဘဏ္ဍာငွေများ၊ လူ့စွမ်းအားနှင့်အချိန်များကို ထပ်မံအသုံးပြုရခြင်းကြောင့် မူလရည်မှန်းထားသည့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်နိုင်ရန် အခက်အခဲများဖြစ်ပေါ်လျက်ရှိကြောင်း၊ အဆိုပါ အခြေအနေသည် “သမင်မွေးရင်း ကျားစားရင်း” ဖြစ်နေသကဲ့သို့ တည်ဆောက်ခြင်း၊ ဖျက်ဆီးခံရခြင်း၊ ပြန်လည်တည်ဆောက်ခြင်း စသည်ဖြင့် လည်ပတ်နေရသဖြင့် နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအပေါ် များစွာထိခိုက်နှောင့်နှေးမှုများ ဖြစ်ပေါ်စေလျက်ရှိကြောင်း၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများကိုလည်း အရှိန်အဟုန်ဖြင့် ဆောင်ရွက်နိုင်ရန် အကန့်အသတ်များဖြစ်ပေါ်လျက်ရှိကြောင်း။

နိုင်ငံမတည်ငြိမ်မှုများကြောင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အဟန့်အတား အနှောင့်အယှက်ဖြစ်စေခဲ့သည်ကိုတွေ့ရကြောင်း၊ ထိုသို့သောအခြေအနေတွင် မိမိတို့အနေဖြင့် မိမိတို့ကြိုးစားလုပ်ကိုင်နိုင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများကိုမူ ဆောင်ရွက်၍ရနိုင်ကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများ ပန်းတိုင်ရည်မှန်းချက်ရရှိရေးနှင့် အထွက်နှုန်းများ တိုးမြှင့်ရရှိအောင် ဆောင်ရွက်ကြရန်လိုကြောင်း၊ အဆိုပါစိုက်ပျိုးမွေးမြူရေးလုပ်ငန်းများတွင် ပြည်တွင်းတိုင်းရင်းသားလုပ်ငန်းရှင်များအနေဖြင့် ဝင်ရောက်ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်မည်ဆိုပါက စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများ တိုးတက်လာမည်ဖြစ်ပြီး နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးကို များစွာအထောက်အကူပြုစေနိုင်မည်ဖြစ်ကြောင်း။

နိုင်ငံအတွင်းကုန်ထုတ်လုပ်ငန်းများ ယခုထက်ပိုမိုတိုးတက်အောင် ဆောင်ရွက်နိုင်ရေးအတွက် လုပ်သားအရင်းအမြစ်များရှိရန် လိုအပ်ကြောင်း၊ ပြည်ပနိုင်ငံများသို့ အကြောင်းအမျိုးမျိုးကြောင့် သွားရောက်အလုပ်လုပ်ကိုင်နေကြမှုများလည်းရှိပြီး ပြည်တွင်း၌ လုပ်သားအင်အား ဆုံးရှုံးမှုများလည်း ရှိကြောင်း၊ ထို့ပြင်မိမိတို့နိုင်ငံ၌ ပညာတတ်လူသားအရင်းအမြစ်များအားနည်းပြီး အများစုမှာ ကိုယ်ကာယပိုင်းကို အားပြု၍ လုပ်ကိုင်ရသည့် လုပ်ငန်းများတွင်သာ လုပ်ကိုင်ကြရကြောင်း။

ထို့ပြင် နယ်မြေမတည်ငြိမ်မှု ဖြစ်ပေါ်လျက်ရှိသည့် ဒေသများတွင် မြေပေါ်မြေအောက်သယံဇာတပစ္စည်းများကို ကိုယ်ကျိုးစီးပွားအတွက် တရားမဝင်ခိုးယူသုံးစွဲခြင်းများပြုလုပ်၍ ပြည်ပနိုင်ငံသို့ တရားမဝင်လမ်းကြောင်းများမှ တင်ပို့နေကြသဖြင့် နိုင်ငံအတွက် ထိခိုက်ဆုံးရှုံးမှု များစွာဖြစ်ပေါ်လျက်ရှိကြောင်း၊

*စာမျက်နှာ ၅ သို့*

*စာမျက်နှာ ၃ မှ*

မွေးမြူရေးနှင့် စက်မှုစီးပွားကဏ္ဍများကို ဟန်ချက်ညီညီ ပေါင်းစပ်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ နိုင်ငံ့စီးပွားမြှင့်တင်ရေးနှင့် ပြည်ပသွင်းကုန် အစားထိုးနိုင်ရေးအတွက် စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် တန်ဖိုးမြှင့်ကုန်ထုတ်လုပ်ငန်း၊ Agro-based Industries များနှင့် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်အောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပေးကြရန် မှာကြားလိုကြောင်း။

မြန်မာနိုင်ငံအတွက် လယ်ယာကဏ္ဍသည် စားရေရိက္ခာဖူလုံရေး၊ ပြည်သူများ၏ လူမှုစီးပွားဘဝ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အခြေခံအကျဆုံးကဏ္ဍဖြစ်ကြောင်း၊ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ တန်ဖိုးမြှင့်ထုတ်ကုန်၊ စက်မှုနှင့်ဝန်ဆောင်မှုကဏ္ဍများဖွံ့ဖြိုးလာပြီး အလုပ်အကိုင်နှင့် ပြည်သူ့ဝင်ငွေတိုးတက်လာကာ GDP မြင့်မားလာနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် လယ်ယာကဏ္ဍမြှင့်တင်ရေးသည် နိုင်ငံ့စီးပွားတိုးတက်ရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးတို့အတွက် အရေးကြီးသည့် ပထမခြေလှမ်းဖြစ်ကြောင်း။

နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးအရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်မှုသည်လည်း အလွန်အရေးကြီးသည့် မောင်းနှင်အားတစ်ခုဖြစ်ကြောင်း၊ **“လမ်းပန်းဆက်သွယ်ရေးကောင်းမွန်မှ စီးပွားရေးဖွံ့ဖြိုးမည်”** ဟူသည့် ဆောင်ပုဒ်နှင့်အညီ ပြည်သူများ သွားလာမှု ပိုမိုမြန်ဆန်စွာချောမွေ့စေရန်နှင့် ကုန်စည်စီးဆင်းမှု အရှိန်အဟုန်မြှင့်တင်နိုင်ရေးအတွက် ကုန်းလမ်း၊ ရထားလမ်းနှင့် ရေကြောင်းလမ်း၊ လေကြောင်းလမ်း ပို့ဆောင်ရေးလုပ်ငန်းများကို ဟန်ချက်ညီညီ အဆင့်မြှင့်တင်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ထိုကဲ့သို့ ဆောင်ရွက်နိုင်ရေး သဘာဝဘေးအန္တရာယ်နှင့် ပဋိပက္ခများကြောင့် ပျက်စီးခဲ့ရသည့် လမ်း၊ တံတား၊ အခြေခံအဆောက်အအုံများကိုလည်း အမြန်ဆုံးပြန်လည်ထူထောင်ပေးလျက်ရှိကြောင်း။

နိုင်ငံတော်အနေဖြင့် အဓိကကျသည့်ကဏ္ဍများဖြစ်သည့် ပညာရေး၊ ကျန်းမာရေး၊ လျှပ်စစ်နှင့် စွမ်းအင်ကဏ္ဍနှင့် အားကစားကဏ္ဍတို့တွင် ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရေး အလေးထားဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ နိုင်ငံတော်ဘဏ္ဍာငွေများကို နှစ်စဉ်တိုးမြှင့်သုံးစွဲသွားမည်ဖြစ်ကြောင်း။

ပြည်ထောင်စုဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များအနေဖြင့် ဖြည့်စွက်ခွင့်ပြုငွေတင်ပြချိန်တွင် ရငွေတိုးမြှင့်ရရှိသည့်ဌာနများရှိသကဲ့သို့ ရငွေလျော့နည်းသွားသည့် ဌာနများရှိကြောင်း၊ ရငွေများကို လျာထားသည့်အတိုင်း အပြည့်အဝ ကောက်ခံရရှိရေး ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း။

ယခုခွင့်ပြုပေးလိုက်သည့် ဖြည့်စွက်ခွင့်ပြုငွေများအပါအဝင် ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်အတွက် လျာထားခွင့်ပြုပေးခဲ့သည့် အသုံးစရိတ်များနှင့် လုပ်ငန်းများ အကောင်အထည်ဖော်ရာတွင် သတ်မှတ်ကာလအတွင်း အရည်အသွေးပြည့်ဝစွာ အချိန်မီပြီးစီးစေရေး အဆင့်ဆင့်တာဝန်ယူမှု၊ တာဝန်ခံမှုအပြည့်ဖြင့် အလေအလွင့်မရှိအောင် အကောင်အထည်ဖော် ဆောင်ရွက်ကြရန်နှင့် သုံးစွဲမှုများကိုလည်း စနစ်တကျစာရင်းစစ်ဆေးမှုခံယူနိုင်ကြရန်လည်း သတိပေးမှာကြားလိုကြောင်း။

ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များအနေဖြင့် နိုင်ငံတော်က ချမှတ်ထားသည့် မူဝါဒများနှင့်အညီ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုမည့် လုပ်ငန်းအသုံးစရိတ်များကို စနစ်တကျအကျိုးရှိရှိ ထိထိရောက်ရောက်သုံးစွဲကြရန်၊ လုပ်ငန်းကို အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်ကြရန်နှင့် ပိုလျှံငွေအများအပြား ပြန်လည်အပ်နှံရမှုမဖြစ်စေရေးကို အထူးဂရုပြုဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားလိုကြောင်းဖြင့်ပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

*စာမျက်နှာ ၄ မှ*

**✿ အကြမ်းဖက်လက်နက်ကိုင်များ၏ လုပ်ရပ်များကြောင့် လမ်းတံတားများနှင့် အခြားအခြေခံအဆောက်အအုံများ ပျက်စီးဆုံးရှုံးမှုများကို ပြန်လည်ပြုပြင်တည်ဆောက်ရာတွင် နိုင်ငံတော်မှ ဘဏ္ဍာငွေများ၊ လူ့စွမ်းအားနှင့်အချိန်များကို ထပ်မံအသုံးပြုရခြင်းကြောင့် မူလရည်မှန်းထားသည့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့်ဆောင်ရွက်နိုင်ရန် အခက်အခဲများဖြစ်ပေါ်လျက်ရှိ**

**✿ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများတွင် ပြည်တွင်းတိုင်းရင်းသားလုပ်ငန်းရှင်များအနေဖြင့် ဝင်ရောက်ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်မည်ဆိုပါက စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်ကုန်ထုတ်လုပ်ငန်းများ တိုးတက်လာမည်ဖြစ်ပြီး နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးကို များစွာအထောက်အကူပြုစေနိုင်မည်**

**✿ အယ်လ်နီညို ရာသီဥတုပူပြင်းမှုဒဏ်ကို ကျော်ဖြတ်နိုင်ရေးအတွက် သောက်သုံးရေနှင့် စိုက်ပျိုးရေများ ထိန်းသိမ်းသုံးစွဲခြင်း၊ အပူရှောင်စခန်းများဖွင့်လှစ်ခြင်း၊ ဆည်၊ တာတမံများ၌ ရေများသိုလှောင်စုဆောင်းခြင်း၊ မလိုလားအပ်ဘဲ ရေဆုံးရှုံးမှုမရှိအောင် ထိန်းသိမ်းကြပ်မတ်ဆောင်ရွက်ခြင်း၊ ကြာရှည်စွာအထားခံစားသောက်၍ရနိုင်သည့် အသီးအနှံနှင့် စားရေရိက္ခာများကို စုဆောင်းထားရှိခြင်းနှင့် မိုးနှောင်းရာသီသီးနှံများကို ပန်းတိုင်ရည်မှန်းချက်ရသည်အထိ စိုက်ပျိုးခြင်း၊ မွေးမြူရေးလုပ်ငန်းများကို စဉ်ဆက်မပြတ်ဖြစ်အောင် စီမံဆောင်ရွက်ခြင်းတို့ဖြင့် ပြင်ဆင်ဆောင်ရွက်**

ထိုသို့တစ်ဦးချင်း၏ ကိုယ်ကျိုးအတွက် တရားမဝင်သည့် နည်းလမ်းများဖြင့် အလုပ်အကိုင်နှင့် ဝင်ငွေများရှာဖွေရရှိနေကြခြင်းကြောင့် တရားဝင်ကုန်ထုတ်လုပ်ငန်းများတွင် ဝင်ရောက်လုပ်ကိုင်မှုများအားနည်းပြီး လက်နက်ကိုင်အဖွဲ့များအနေဖြင့်လည်း အဆိုပါဒေသများတွင် ဆက်လက်တည်မြဲနေခြင်းဖြစ်ကာ ဒေသတည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုကို များစွာထိခိုက်လျက်ရှိနေခြင်းဖြစ်ကြောင်း။

မိမိတို့အနေဖြင့် အနာဂတ်နိုင်ငံတော်ကို တည်ဆောက်နိုင်ရေးအတွက် ပညာရည်မြှင့်တင်မှုလုပ်ငန်းများကို အစဉ်တစိုက်အားပေးဆောင်ရွက်လျက်ရှိကြောင်း၊ ဒေသတွင်းနိုင်ငံများ၊ အိမ်နီးချင်းနိုင်ငံများနှင့် နှိုင်းယှဉ်ကြည့်မည်ဆိုပါကလည်း မိမိတို့နိုင်ငံအနေဖြင့် ပညာရေးအရအားနည်းချက်များစွာရှိနေဆဲဖြစ်သည်ကို တွေ့မြင်ရမည်ဖြစ်ကြောင်း၊ နိုင်ငံရေးနှင့်စီးပွားရေးကို ကွဲပြားစွာသိမြင်ကြရန်လိုအပ်ကြောင်း၊ နိုင်ငံ့အရေးနှင့် နိုင်ငံရေးကို ကွဲပြားစွာသိမြင်နိုင်ခြင်းမရှိဘဲ တည်ငြိမ်အေးချမ်းမှုပျက်ပြားအောင် ဆောင်ရွက်နေမှုများသည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးနေခြင်းပင်ဖြစ်ကြောင်း။

ဆီထွက်သီးနှံနှင့်ပတ်သက်၍ မိမိအနေဖြင့် ပြည်တွင်း၌ ဆီထွက်သီးနှံများ အောင်မြင်စွာဖြစ်ထွန်းပြီး ပန်းတိုင်ရည်မှန်းချက်ပြည့်မီစွာ စိုက်ပျိုးထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားကြရန်၊ ပြည်တွင်းစားသုံးမှုဖူလုံအောင် ထုတ်လုပ်နိုင်ရေး ဆောင်ရွက်သွားကြရန် အမြဲမပြတ် လမ်းညွှန်မှာကြားလျက်ရှိကြောင်း၊ သို့သော်လည်း အကြောင်းအမျိုးမျိုးကြောင့် မိမိတို့အနေဖြင့် ပြည်တွင်းစားသုံးမှုအတွက် လိုအပ်သည့် စားသုံးဆီများကို ပြည်ပမှနှစ်စဉ်တင်သွင်းနေရဆဲဖြစ်ကြောင်း၊ သို့ဖြစ်၍ ပြည်တွင်းစားသုံးဆီဖူလုံမှုရရှိရေး ဆီထွက်သီးနှံများ စိုက်ပျိုးဖြစ်ထွန်းသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များအနေဖြင့် ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း၊ မိမိတို့အနေဖြင့် ပြည်တွင်းစားသုံးမှုဖူလုံအောင်ထုတ်လုပ်ပြီး ပိုလျှံမည်ဆိုပါက ပြည်ပဈေးကွက်များသို့ တင်ပို့နိုင်မည့် ဈေးကွက်လိုအပ်ချက်များ ရှိပြီးဖြစ်ကြောင်း၊ ဆီထွက်သီးနှံများ အောင်မြင်စွာထွက်ရှိစေရေးအတွက်လည်း လိုအပ်သည့် သွင်းအားစုများဖြစ်သည့် မျိုးကောင်းမျိုးသန့်ရရှိရေး၊ မြေဩဇာ၊ ပိုးသတ်ဆေး၊ စက်မောင်းဆီနှင့် အခြားအခြေခံလိုအပ်ချက်များကို သက်ဆိုင်ရာဝန်ကြီးဌာနနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များအနေဖြင့် မိမိတို့တတ်နိုင်သည့်ဘက်မှ ဖြည့်ဆည်းဆောင်ရွက်ပေးသွားကြရန်လိုကြောင်း၊ ဆီထွက်သီးနှံများစိုက်ပျိုးထုတ်လုပ်မှု တိုးတက်လာစေရေးအတွက် ရင်းနှီးမြှုပ်နှံမှုများပိုမိုတိုးတက်လာအောင် ဒေသအလိုက် တာဝန်ရှိသူများအနေဖြင့် တိုက်တွန်းဆောင်ရွက်ကြစေလိုကြောင်း။

မိမိတို့နိုင်ငံသည် ရော်ဘာထုတ်လုပ်သည့် နိုင်ငံတစ်ခုဖြစ်သဖြင့် ရော်ဘာကိုအခြေခံသည့် မော်တော်ဆိုင်ကယ်နှင့် စက်ဘီးတာယာများ၊ ကျွတ်များကို ပြည်တွင်း၌ ထုတ်လုပ်နိုင်ရန်လိုအပ်သကဲ့သို့ အခြားလူသုံးကုန်ပစ္စည်းများကိုလည်း ထုတ်လုပ်သွားနိုင်ရန်လိုကြောင်း၊ အလားတူ ဝါစိုက်ပျိုးထုတ်လုပ်မှုမှ စက်မှုကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရေးနှင့်ပတ်သက်၍လည်း မိမိအနေဖြင့် အမြဲမပြတ် အလေးထားမှာကြားလျက်ရှိကြောင်း၊ ဝါမှ ဝါဂွမ်း၊ ချည်မျှင်၊ ချည်ထည်၊ ပိတ်၊ အထည်အလိပ် စသည်ဖြင့် စဉ်ဆက်မပြတ်သည့် ကုန်ထုတ်လုပ်မှုနှင့် အလုပ်အကိုင်အခွင့်အလမ်းများကို ဖြစ်ပေါ်စေပြီး ဝင်ငွေများ တိုးတက်ရရှိစေနိုင်မည်ဖြစ်သည့်အတွက် အောင်မြင်အောင် ဆောင်ရွက်သွားကြစေလိုကြောင်း။

အလားတူ ကြက်သွန်နီ၊ ကြက်သွန်ဖြူ၊ အာလူး၊ ငရုတ်တို့ အပါအဝင် မီးဖိုချောင်သုံး အခြေခံစားကုန်သီးနှံများသည်လည်း ဒေသတွင်းဈေးကွက်လိုအပ်ချက်မြင့်မားစွာရှိနေသည့်အတွက် အထွက်နှုန်းများ တိုးတက်ရရှိရေး၊ ဈေးကွက်တိုးမြှင့်ရရှိရေး အလေးထားဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း၊ အသားထုတ်လုပ်မှုနှင့် ပတ်သက်၍လည်း ကြက်၊ ဘဲ၊ ဝက်၊ ဆိတ်၊ နွား၊ ငါးနှင့် ရေထွက်ကုန်များကိုလည်း အထွက်နှုန်းများ တိုးတက်ရရှိအောင် တိုးမြှင့်ဆောင်ရွက်နိုင်မည်ဆိုပါက ပြည်ပဈေးကွက်လိုအပ်ချက်မြင့်မားစွာရှိနေသည့်အတွက် နိုင်ငံ့စီးပွားရေးအားကောင်းလာနိုင်မည်ဖြစ်ကြောင်း၊ လိုအပ်နေသည်မှာ မှန်မှန်ကန်ကန်နှင့် ကြိုးကြိုးစားစား အလုပ်လုပ်ကြရန်သာဖြစ်ကြောင်း၊ နိုင်ငံ့စီးပွားရေး တိုးတက်စေရေးအတွက် နည်းလမ်းပေါင်းစုံဖြင့် မည်ကဲ့သို့ဆောင်ရွက်သွားနိုင်မည်ကို စဉ်ဆက်မပြတ် တွေးခေါ်စီမံဆောင်ရွက်နေရန် လိုကြောင်း။

ရင်းနှီးမြှုပ်နှံမှုနှင့်ပတ်သက်၍ ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှုများတွင် ပြည်တွင်းရင်းနှီးမြှုပ်နှံသူများကို ဦးစားပေးဆောင်ရွက်သွားကြရန်လိုသကဲ့သို့ ပြည်ပရင်းနှီးမြှုပ်နှံမှုများကိုလည်း ဖိတ်ခေါ်ဆောင်ရွက်သွားကြရန်လိုကြောင်း၊ ကုန်ဈေးနှုန်းကြီးမြင့်မှုများနှင့်ပတ်သက်၍ ကုန်ထုတ်လုပ်မှု တိုးတက်လာစေရေးနှင့် စားသုံးမှုဖူလုံမှုရှိစေရေး ဆောင်ရွက်ကြရန်လိုအပ်ကြောင်း၊ ထုတ်လုပ်မှုနှင့် စားသုံးမှုမမျှတခြင်း၊ ထုတ်လုပ်မှုကုန်ကျစရိတ် ကြီးမြင့်ခြင်းတို့ကြောင့် ကုန်ဈေးနှုန်းကြီးမြင့်မှုကို ဖြစ်ပေါ်စေခြင်းဖြစ်ကြောင်း၊ နိုင်ငံ့စီးပွားရေးမြှင့်တင်နိုင်ရေးအတွက် အားလုံးက အလေးထား ဆောင်ရွက်သွားကြစေလိုကြောင်း။

ကုန်သွယ်မှုနှင့်ပတ်သက်၍ မိမိတို့နိုင်ငံအနေဖြင့် အရည်အသွေးကောင်းသည့် ဆန်များကို ပြည်ပသို့ တင်ပို့လျက်ရှိပြီး ပို့ကုန်ပမာဏတိုးမြှင့်ရရှိနိုင်ရေးအတွက် အရည်အသွေးကောင်းမွန်သည့် စပါးမျိုးများ စိုက်ပျိုးရန်၊ ဆန်စက်များ အရည်အသွေးမြှင့်တင်ရန်နှင့် ဈေးကွက်ရရှိရန်လိုကြောင်း၊ ဆန်ထုတ်လုပ်မှုနှင့်အတူ ဆန်ကွဲများကို ပြည်ပသို့ တိုက်ရိုက်တင်ပို့ခြင်းများ ဆောင်ရွက်ခြင်းအစား အရည်အသွေးမြင့်ထုတ်ကုန်အဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်သွားမည်ဆိုပါက ဝင်ငွေတိုးတက်ရရှိလာနိုင်မည် ဖြစ်ကြောင်း၊ နိုင်ငံများအလိုက် ခန့်အပ်ထားသည့် စီးပွားရေးဆိုင်ရာသံမှူးများအနေဖြင့်လည်း မိမိတို့နိုင်ငံမှ ထွက်ရှိသည့် ထုတ်ကုန်များ ပြည်ပနိုင်ငံများသို့ တင်ပို့နိုင်ရေး ဈေးကွက်ရှာဖွေဆောင်ရွက်နေကြရန် လိုကြောင်း။

### အယ်လ်နီညိုရာသီဥတုကြောင့် ဖြစ်ပေါ်လာနိုင်သည်များအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရန်

အယ်လ်နီညိုရာသီဥတုနှင့်ပတ်သက်၍ ကမ္ဘာ့နိုင်ငံများနည်းတူ မိမိတို့နိုင်ငံသည်လည်း ပြင်းထန်ဆိုးရွားသည့် အပူဒဏ်လွန်ကဲမှုကို ရင်ဆိုင်ကြုံတွေ့လာရနိုင်သည်ဟု သုံးသပ်မှုများရှိနေကြောင်း၊ မကြာမီ မိမိတို့နိုင်ငံ၌ ဆောင်းရာသီသို့ ရောက်ရှိတော့မည်ဖြစ်သော်လည်း အယ်လ်နီညိုကြောင့် ပူပြင်းခြောက်သွေ့မှုများ၊ မြေအောက်ရေခန်းခြောက်မှုများ ကြုံတွေ့ရနိုင်ကြောင်း၊ လက်ရှိအချိန်၌ပင် အချို့သောမြို့နယ်များ၌ ပုံမှန်ထက် အပူချိန်ပိုမိုမြင့်မားနေမှုများကို တွေ့မြင်ရကြောင်း၊ မည်ကဲ့သို့ပင်ဖြစ်စေ မိမိတို့အနေဖြင့် ကြုံတွေ့လာရနိုင်သည့် ရာသီဥတုဆိုးရွားမှုနှင့်ပတ်သက်၍ လိုအပ်သည့် ကြိုတင်ပြင်ဆင်မှုများကို အလေးထားဆောင်ရွက်သွားကြရန်လိုပြီး လာမည့် ၂၀၂၇ ခုနှစ် မိုးရာသီကာလမတိုင်မီအထိ အယ်လ်နီညို ရာသီဥတုပူပြင်းမှုဒဏ်ကို ကျော်ဖြတ်နိုင်ရေးအတွက် သောက်သုံးရေနှင့် စိုက်ပျိုးရေများ ထိန်းသိမ်းသုံးစွဲခြင်း၊ အပူရှောင်စခန်းများ ဖွင့်လှစ်ခြင်း၊ ဆည်၊ တာတမံများ၌ ရေများသိုလှောင်စုဆောင်းခြင်း၊ မလိုလားအပ်ဘဲ ရေဆုံးရှုံးမှုမရှိအောင် ထိန်းသိမ်းကြပ်မတ်ဆောင်ရွက်ခြင်း၊ ကြာရှည်စွာအထားခံ စားသောက်၍ရနိုင်သည့် အသီးအနှံနှင့် စားရေရိက္ခာများကို စုဆောင်းထားရှိခြင်းနှင့် မိုးနှောင်းရာသီသီးနှံများကို ပန်းတိုင်ရည်မှန်းချက်ရသည်အထိ စိုက်ပျိုးခြင်း၊ မွေးမြူရေးလုပ်ငန်းများကို စဉ်ဆက်မပြတ်ဖြစ်အောင် စီမံဆောင်ရွက်ခြင်းတို့ဖြင့် ပြင်ဆင်ဆောင်ရွက်သွားကြရန်လိုကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတက ဖြည့်စွက်မှာကြားရာတွင် ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များအနေဖြင့် မိမိတို့နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ရေး မည်ကဲ့သို့ ဆောင်ရွက်သွားနိုင်မည်ကို မိမိတို့ဘဝတစ်လျှောက် ဖတ်မှတ်လေ့လာခဲ့ရသည့် အသိပညာဗဟုသုတများ၊ ဖြတ်သန်းကြုံတွေ့သိရှိခဲ့ရသည့် အသိပညာ၊ အတတ်ပညာများကို အသုံးချ၍ စီမံတွက်ချက် အကောင်အထည်ဖော်ဆောင်ရွက်သွားကြရန်လိုကြောင်း၊ ထိုကဲ့သို့ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး စေတနာထား၍ အလေးထားဆောင်ရွက်သွားမည်ဆိုပါက နိုင်ငံ့စီးပွားရေးသည်လည်း အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်ကြောင်း၊ မိမိတို့ တိုင်းဒေသကြီးနှင့် ပြည်နယ်ဒေသအလိုက် အားသာချက်များရှိသည်များကို အသုံးချပြီး ကိုယ်စီရည်မှန်းချက်ပန်းတိုင်များ ထားရှိ၍ အောင်မြင်အောင် ကြိုးစားဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်းဖြင့် ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

---

*❍ လေးမျက်နှာမြို့နယ်မှ*

ကျုံပျော်မြို့နယ်၌ လည်းကောင်း ရေများ ပြန်လည်ကျဆင်းသွားခဲ့ပြီးဖြစ်သည်။ ထို့ပြင် ငဝန်မြစ်ရေသည် ရေကြည်မြို့နယ်အတွင်း ၁၀ ပေ ၉ လက်မခန့်နှင့် ငါးသိုင်းချောင်းမြို့နယ်အတွင်း ၁၀ ပေ ၁ လက်မခန့်အထိ ကျဆင်းသွားခဲ့ကြောင်း သိရှိရသည်။

ထိုသို့ ရေပြန်လည်ကျဆင်းသွားခဲ့သည့် မြို့၊ ရွာ၊ ရပ်ကွက်များရှိ ဘုန်းတော်ကြီးကျောင်းများ၊ စာသင်ကျောင်းများ၊ ဆေးရုံ၊ ဆေးခန်းများ၊ လမ်းတံတားများတွင် တင်ကျန်ခဲ့သည့် နုန်းများ၊ အမှိုက်များအား နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးအဖွဲ့များ၊ ပရဟိတအသင်းအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားများပူးပေါင်း၍ ဖယ်ရှားရှင်းလင်းခြင်း၊ ရေဘေးကယ်ဆယ်ရေးစခန်းများရှိ ရေဘေးသင့်ပြည်သူများအား စားသောက်ဖွယ်ရာများ လိုက်လံပို့ဆောင်ပေးခြင်း၊ အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးခြင်းနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။



ထိုသို့ ဆောင်ရွက်ပေးနေမှုများကို အနောက်တောင်တိုင်း စစ်ဌာနချုပ်မှ တာဝန်ရှိသူများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

*⁜ သီးထပ်စိုက်ပျိုးမှ*

စသည့် အဓိကသီးနှံ (၁၀)မျိုးကို အဓိကထား၍ ထုတ်ချေးသွားမည်ဖြစ်ပြီး ၂၀၂၆ ခုနှစ် ဆောင်းရာသီစိုက်ပျိုးစရိတ်ချေးငွေထုတ်ချေးသည့် ၂၀၂၆ ခုနှစ် အောက်တိုဘာလ ဒုတိယပတ်မှ စတင်ထုတ်ချေးသွားမည်ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ ၂၀၂၆ ခုနှစ် ဆောင်းရာသီတွင် သီးထပ်စိုက်ပျိုးမည့် တောင်သူဦးကြီးများအနေဖြင့် သက်ဆိုင်ရာ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ ခရိုင်/မြို့နယ်ဘဏ်ခွဲများနှင့် ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် အသိပေးကြေညာအပ်ပါသည်။

**မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်**
**ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန**

# တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ၁၁ ရက်မြောက်နေ့ ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၅**

တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန် အစည်းအဝေး ၁၁ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ၊ ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်းနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။



အစည်းအဝေးတွင် Mobile Internet Data အသုံးပြုနိုင်ရေး၊ ဆေးရုံအဆင့်မြှင့်တင်ပေးနိုင်ရေး၊ ဓာတ်မှန်စက်တပ်ဆင်ပေးရေး၊ ဝန်ထမ်းများ ခန့်ထားပြီး ဆေးရုံပြန်လည်ဖွင့်လှစ်ပေးနိုင်ရေးတို့နှင့် စပ်လျဉ်း၍ မေးခွန်းခြောက်ခု မေးမြန်းဖြေကြားခြင်းနှင့် အဆိုတစ်ခု ဆွေးနွေးအတည်ပြုခြင်းတို့ကို ဆောင်ရွက်ကြသည်။

ဦးစွာ တောင်တွင်းကြီးမဲဆန္ဒနယ်မှ ဒေါက်တာကျော်ဆွေ၏ **တောင်တွင်းကြီးမြို့နယ်၌ Mobile Internet Data အသုံးပြုခွင့်ကို မည်သည့်အချိန်ကာလတွင် မည်သို့အကောင်အထည်ဖော် ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်းမေးခွန်း**နှင့် စပ်လျဉ်း၍ ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသက်ဝင်းအောင်က မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ်တွင် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ မိုဘိုင်းစခန်း ၃၃ ခု၊ ATOM မှ မိုဘိုင်းစခန်း ၄၂ ခု၊ U9 မှ မိုဘိုင်းစခန်း ၃၄ ခု၊ Mytel မှ မိုဘိုင်းစခန်း ၄၉ ခု စုစုပေါင်း မိုဘိုင်းစခန်း ၁၅၈ ခု တည်ဆောက်တပ်ဆင်၍ ဖိုင်ဘာဆက်ကြောင်း၊ မိုက်ခရိုဝေ့ဖ် အဝေးဆက်သွယ်ရေး ဆက်ကြောင်းစနစ်များဖြင့် ချိတ်ဆက်၍ ဆက်သွယ်ရေးဝန်ဆောင်မှုများရရှိအောင် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

တောင်တွင်းကြီးမြို့နယ်အတွင်း FTTH ဖိုင်ဘာအင်တာနက် ဝန်ဆောင်မှုပေးသော ကုမ္ပဏီ ငါးခုက မြို့နယ်အတွင်း ရပ်ကွက် ၁၀ ရပ်ကွက်၊ ကျေးရွာ ၂၅ ရွာ၊ အိမ်ခြေ ၆၀၁၂ အိမ်သို့ အင်တာနက်ဝန်ဆောင်မှုပေးလျက်ရှိပါကြောင်း၊ ဒေသခံပြည်သူများအနေဖြင့် ဌာနဆိုင်ရာလုပ်ငန်းများနှင့် အများပြည်သူလူမှုစီးပွားဘဝ၊ ပညာရေး၊ MSME လုပ်ငန်းများ၊ Digital Payment နှင့် ငွေကြေးဝန်ဆောင်မှုများ၊ ကျန်းမာရေး၊ လူမှုရေးကိစ္စရပ်များတွင် ဆက်သွယ်မှုအဆင်ပြေစေရန် Global Link ဖိုင်ဘာအင်တာနက် ဝန်ဆောင်မှုလုပ်ငန်း၊ Top Net ဖိုင်ဘာအင်တာနက်ဝန်ဆောင်မှုလုပ်ငန်း၊ MPT ဖိုင်ဘာအင်တာနက် ဝန်ဆောင်မှုလုပ်ငန်း၊ Fiber Life ဖိုင်ဘာအင်တာနက်ဝန်ဆောင်မှုလုပ်ငန်းနှင့် Mytel ဖိုင်ဘာအင်တာနက် ဝန်ဆောင်မှုလုပ်ငန်းတို့မှ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

သို့ဖြစ်ပါ၍ ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအနေဖြင့် မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ်အတွင်းရှိရပ်ကွက်၊ ကျေးရွာများမှ FTTH ဖိုင်ဘာအင်တာနက် ဝန်ဆောင်မှုများ ထပ်မံလိုအပ်ချက်များရှိပါက မြေပြင်ကွင်းဆင်းစစ်ဆေးပြီး ဖြည့်ဆည်းပေးနိုင်ရေး ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ ထို့ပြင် တောင်တွင်းကြီးမြို့နယ်အတွင်း နယ်မြေလုံခြုံရေးအခြေအနေပေးပါက ပျက်စီးသွားသော တာဝါတိုင်များ၊ မိုဘိုင်းစက်ပစ္စည်းများ၊ မီးစက်များအား ပြန်လည်ပြင်ဆင်ဆောင်ရွက်ပေးနိုင်ရေး စီမံဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

မင်းတုန်းမဲဆန္ဒနယ်မှ ဦးစိုးနိုင်၏ **မင်းတုန်းမြို့နယ် ပြည်သူ့ဆေးရုံ၌ တိုးချဲ့နှစ်ထပ်ဆောင် တစ်လုံးခွင့်ပြုဆောက်လုပ်ပေးနိုင်ပါရန် သိရှိလိုခြင်းမေးခွန်း**နှင့်စပ်လျဉ်း၍ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်းက မင်းတုန်းမြို့နယ်တွင် ၂၅ ခုတင်ဆံ့ မြို့နယ်ဆေးရုံ တစ်ရုံ၊ မြောက်ပြင်နှင့်ကျောက်တိုင် တိုက်နယ်ဆေးရုံ နှစ်ရုံရှိပါကြောင်း၊ တိုက်နယ်ဆေးရုံ နှစ်ရုံအနေဖြင့် ဒေသအခြေအနေအရ ဖွင့်လှစ်နိုင်ခြင်းမရှိသည့်အတွက် မြို့နယ်ဆေးရုံ တစ်ခုတည်းကိုသာ အားထားနေရသည့်အနေအထားဖြစ်ပါကြောင်း၊ လက်ရှိမင်းတုန်းမြို့နယ်ဆေးရုံမှာ အတွင်းလူနာ ၁၆/၂၀ ဦးနှင့် ပြင်ပလူနာ ၁၀/၁၅ ဦး တို့အား ကျန်းမာရေးစောင့်ရှောက်မှုပေးနေပါကြောင်း၊ မင်းတုန်းမြို့နယ် ဆေးရုံကို ၁၉၆၃ ခုနှစ်တွင် ဆောက်လုပ်ခဲ့သည့်အတွက်အဆောက်အအုံအိုဟောင်းခြင်း၊ အခန်းဖွဲ့စည်းပုံများ ကျဉ်းခြင်းတို့ကြောင့် ကျန်းမာရေးစောင့်ရှောက်မှုပေးရာတွင် အကန့်အသတ်ရှိနေကြောင်း စိစစ်တွေ့ရှိရပါကြောင်း။

ထို့ကြောင့် လက်ရှိအသုံးပြုလျက်ရှိသော ဆေးရုံအဆောက်အအုံအား ပြုပြင်ရန် လိုအပ်သောလုပ်ငန်းများအတွက် ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်အတွင်း သာမန်အသုံးစရိတ်ရန်ပုံငွေ အသုံးပြု၍ ပြင်ဆင်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းနှင့် တိုးချဲ့နှစ်ထပ်ဆောင် အသစ်ဆောက်လုပ်ရန်အတွက် ၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ်တွင် လျာထားဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ဘိုကလေးမဲဆန္ဒနယ်မှ ဦးစန်းမောင်၏ **ဘိုကလေးမြို့နယ် ကဒုံကနိတိုက်နယ်ဆေးရုံရှိ ဓာတ်မှန်စက်မှာ ပျက်စီးနေပါသဖြင့် အစားထိုးတပ်ဆင်ပေးရန် အစီအစဉ် ရှိ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာ အေးထွန်းက ဘိုကလေးမြို့နယ် ကဒုံကနိတိုက်နယ်ဆေးရုံ၌ တပ်ဆင်အသုံးပြုခဲ့သော ဓာတ်မှန်စက် 50MA(Model:F50-100,China) ချွတ်ယွင်းသွားသည့်အတွက် ပြင်ဆင်နိုင်ရေး ဆောင်ရွက်ခဲ့သော်လည်း အဆိုပါဓာတ်မှန်စက်သည် Model အဟောင်းဖြစ်နေပါသဖြင့် Spare Parts များ ရရှိနိုင်ရန် မလွယ်ကူခြင်းကြောင့် ပြင်ဆင်၍မရနိုင်ပါကြောင်း၊ ယင်းဓာတ်မှန်စက်အား အစားထိုးတပ်ဆင်နိုင်ရေးအတွက် 100MA Digital X-Ray အား ပေးပို့ထားခဲ့ရာ ၂၄-၉-၂၀၂၆ ရက်နေ့တွင် ကုမ္ပဏီမှ Installation လာရောက်ပြုလုပ်ပေးခဲ့ပြီး ၂၉-၉-၂၀၂၆ ရက်နေ့မှစ၍ စတင်အသုံးပြုနိုင်နေပြီဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

မိုးကောင်းမဲဆန္ဒနယ်မှ ဦးထွန်းထွန်းအောင်၏ **မိုးကောင်းမြို့နယ် ဆားမော်တိုက်နယ်ဆေးရုံတွင် ကျန်းမာရေးဝန်ထမ်းများ ပြန်လည်ခန့်ထားပြီး ဆေးရုံ ပြန်လည်ဖွင့်လှစ်နိုင်ရေး အမြန်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာ အေးထွန်းက မိုးကောင်းမြို့နယ် ဆားမော်တိုက်နယ်ဆေးရုံမှ ကျန်းမာရေးဝန်ထမ်းများ တာဝန်မှ ပျက်ကွက်ခဲ့သဖြင့် ၂၀၂၁ ခုနှစ်တွင် ဆေးရုံ ပိတ်ထားခဲ့ရာမှ ၂၀၂၄ ခုနှစ်တွင် ပြန်လည်ဖွင့်လှစ်သည့်အခါ မြစ်ကြီးနားဆေးရုံကြီးမှ လက်ထောက်ဆရာဝန်တစ်ဦးကို ဆားမော်တိုက်နယ် ဆရာဝန်အဖြစ် တွဲဖက်တာဝန်ထမ်းဆောင်စေခဲ့ပါကြောင်း၊ သို့သော်လည်း ခြိမ်းခြောက်ခံရမှုကြောင့် အဆိုပါဆရာဝန်အား ဆားမော်တိုက်နယ်ဆေးရုံမှ မိုးကောင်းမြို့နယ်ဆေးရုံသို့ တွဲဖက်ထားခဲ့ရပါကြောင်း၊ ပြန်လည်တာဝန်ချထားရန် ဆောင်ရွက်ရာတွင် ဆရာဝန်အနေဖြင့် စိုးရိမ်ပူပန်မှုရှိနေဆဲဖြစ်သည့်အတွက် မြစ်ကြီးနားပြည်သူ့ဆေးရုံကြီးမှ အခြားလက်ထောက်ဆရာဝန်တစ်ဦးကို အစားထိုးတာဝန်ချထားနိုင်ရေး ကချင်ပြည်နယ်အစိုးရအဖွဲ့နှင့် ညှိနှိုင်းဆောင်ရွက်ခဲ့ပါကြောင်း၊ ထိုအချိန်က ဒေသအခြေအနေအရ ဆားမော်တိုက်နယ်ဆေးရုံသို့ ဆရာဝန်စေလွှတ်တာဝန်ထမ်းဆောင်စေရေးအား ဆိုင်းငံ့ထားခဲ့ပါကြောင်း။

ယခုအခါ ဒေသတည်ငြိမ်အေးချမ်းလာပြီဖြစ်သည့်အတွက် ဆရာဝန်တစ်ဦးအား ဆားမော်တိုက်နယ်ဆေးရုံတွင် နှစ်လအတွင်း အမြန်ဆုံးတာဝန်ပေးအပ်နိုင်ရေးအတွက် ပြည်နယ်အစိုးရနှင့် ညှိနှိုင်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ညောင်တုန်းမဲဆန္ဒနယ်မှ ဦးအောင်မြသန်း၏ **ညောင်တုန်းမြို့နယ် ခုတင်(၁၀၀) ပြည်သူ့ဆေးရုံရှိ သုံးထပ်ဆောင် ဆောက်လုပ်နေမှုနှင့် ပတ်သက်၍ သိရှိလိုခြင်းမေးခွန်း**နှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာ အေးထွန်းက ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် ပြည်သူ့ဆေးရုံတွင် တိုးချဲ့ သုံးထပ်ဆောင် ဆောက်လုပ်ခြင်းလုပ်ငန်းအား ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်ကာလတွင် ခွင့်ပြုရန်ပုံငွေကျပ် ၄၀၀ ဒသမ ၀၀၀ သန်းဖြင့် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် တင်ဒါခေါ်ယူဆောင်ရွက်ခဲ့ပြီး တင်ဒါအောင်တန်ဖိုး ၆၆၈ ဒသမ ၂၇၉ သန်းဖြင့် တင်ဒါအောင်ကုမ္ပဏီနှင့် ဧရာဝတီတိုင်းဒေသကြီး ကုသရေးဦးစီးဌာနတို့ စာချုပ်ချုပ်ဆိုဆောင်ရွက်ခဲ့ကာ စီမံကိန်းတန်ဖိုး၏ ၅၀ ရာခိုင်နှုန်းပြီးစီးမှု ငွေပေးချေခဲ့ပြီး ကုမ္ပဏီမှ စာချုပ်ပါစည်းကမ်းချက်များ လိုက်နာဆောင်ရွက်မှုမရှိပါသဖြင့် မူလတင်ဒါအောင်ကုမ္ပဏီနှင့် စာချုပ်ရုပ်သိမ်းခြင်းဆိုင်ရာ လုပ်ငန်းစဉ်များအား ဆောင်ရွက်ခဲ့ပြီး ၂၀၂၄ ခုနှစ် ဇွန်လတွင် စာချုပ်ရုပ်သိမ်းခြင်း ဆောင်ရွက်ပြီးစီးခဲ့ပါသဖြင့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်တွင် အဆိုပါအဆောက်အအုံ ဆက်လက်ဆောင်ရွက်ရန် ဆောက်လုပ်ရေးဝန်ကြီးဌာနသို့ လုပ်ငန်းအပ်နှံဆောင်ရွက်ခဲ့ပါကြောင်း။

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်ကာလစီမံကိန်းတန်ဖိုးအရ ကျန်ရန်ပုံငွေကျပ် ၃၃၄ ဒသမ ၁၄၀ သန်းနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန အဆောက်အဦအထူးအဖွဲ့(၁၅)မှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်မှစတင်၍ တာဝန်ယူဆောင်ရွက်လျက်ရှိပြီး ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်ကာလတွင် လူနာကုသဆောင် အချောသပ်ဆောင်ရွက်ရန် ငွေကျပ် ၉၉၇ ဒသမ ၀၀၀ သန်းဖြင့် လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါကြောင်း၊ တိုးချဲ့သုံးထပ်ဆောင် ပြင်ပဆက်စပ်လုပ်ငန်းများနှင့် ဓာတ်လှေကားတပ်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ရန်ပုံငွေအား ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်ကာလတွင် လျာထားသွားမည်ဖြစ်ပြီး ဆောက်လုပ်ရေးလုပ်ငန်းဆောင်ရွက်ပြီးချိန် ၂၀၂၈ ခုနှစ်တွင် လူနာများအား ဆေးကုသမှုလုပ်ငန်းများ ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

မိုင်းရှူးမဲဆန္ဒနယ်မှ ဦးစိုင်းကံ၏ **မိုင်းရှူးမြို့နယ် ပြည်သူ့ဆေးရုံ၌ ကျန်းမာရေးဝန်ထမ်းများ၊ ရောဂါရှာဖွေစမ်းသပ်သည့် စက်ပစ္စည်းကိရိယာများနှင့် (၂၅)ခုတင်မှ (၅၀)ခုတင်ဆံ့သို့ အဆင့်မြှင့်တင်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာ အေးထွန်းက ရှမ်းပြည်နယ် (တောင်ပိုင်း) မိုင်းရှူးမြို့တွင် ၂၅ ခုတင်ဆံ့ ပြည်သူ့ဆေးရုံတစ်ရုံ၊ လွိုင်ဆောင်ထောက်တိုက်နယ်ဆေးရုံနှင့် မိုင်းစံ(မုန်းဆန်း)တိုက်နယ်ဆေးရုံ စုစုပေါင်း ဆေးရုံ သုံးရုံ၊ ကျေးလက်ကျန်းမာရေးဌာန နှစ်ခု၊ ကျေးလက်ကျန်းမာရေးဌာနခွဲ ၁၁ ခုတို့ဖြင့် ကျန်းမာရေးစောင့်ရှောက်မှုပေးလျက်ရှိပါကြောင်း၊ မိုင်းရှူးပြည်သူ့ဆေးရုံတွင် မြို့နယ်ကုသရေးဦးစီးဌာနမှူး ဒေါက်တာကျော်ဇင်ထွန်းနှင့်အတူ အထက်တန်းသူနာပြုငါးဦး၊ သူနာပြု ခုနစ်ဦးနှင့် အခြားကျန်းမာရေးဝန်ထမ်း ခုနစ်ဦးတို့က နေ့စဉ်ပျမ်းမျှအတွင်း လူနာ ၁၉ ဦးနှင့် ပြင်ပလူနာ ၂၀ ခန့်အား ကျန်းမာရေးစောင့်ရှောက်မှုပေးလျက်ရှိပါကြောင်း၊ မိုင်းရှူးမြို့နယ်ပြည်သူ့ဆေးရုံ၏ ကျန်းမာရေးစောင့်ရှောက်မှုများ ပိုမိုတိုးတက်စေရေးအတွက် လက်ထောက်ဆရာဝန်တစ်ဦးအား ယခုနှစ် ၂၀၂၆ ခုနှစ်အတွင်း ခန့်ထားပေးမည်ဖြစ်ပါကြောင်း။

မိုင်းရှူးမြို့နယ် ပြည်သူ့ဆေးရုံအတွက် Digital X-Ray( 100 mA) Machine Inverter Type (1) No အား ထောက်ပံ့ပေးထားပြီးဖြစ်ပါကြောင်းနှင့် ဓာတ်ခွဲခန်းအတွက် လိုအပ်သော ခေတ်မီရောဂါရှာဖွေစမ်းသပ်သည့် ဓာတ်ခွဲခန်းသုံး စက်ကိရိယာများကို ယခုနှစ်ဘဏ္ဍာနှစ်အတွင်း ဖြည့်ဆည်းပေးသွားမည်ဖြစ်ပါကြောင်း။

မိုင်းရှူးမြို့နယ် ပြည်သူ့ဆေးရုံအနေဖြင့် သုံးနှစ်ပျမ်းမျှအတွင်းလူနာ ၂၄ ဦးရှိသည့်အတွက် ခွင့်ပြုခုတင်၏ ၉၅ ရာခိုင်နှုန်းရှိနေပါကြောင်း၊ ဆေးရုံများ ခုတင်အဆင့်မြှင့်တင်ခြင်းနှင့် ပတ်သက်၍ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ဆေးရုံ၏ သုံးနှစ်အတွင်း ကျန်းမာရေးစောင့်ရှောက်ပေးနိုင်မှု အခြေအနေ၊ ဒေသလိုအပ်ချက်ဖြစ်သည့် ဖွံ့ဖြိုးတိုးတက်လာပြီး လူဦးရေများပြားလာခြင်းနှင့် သွားလာရေးခက်ခဲပြီး လူနာသယ်ယူပို့ဆောင်ရေးခက်ခဲခြင်း၊ ကျန်းမာရေး လူ့စွမ်းအားအရင်းအမြစ်အရ တာဝန်ချထားပေးနိုင်မှု အခြေအနေများပေါ်မူတည်၍ ဦးစားပေးဆောင်ရွက်လျက်ရှိပါကြောင်း။

မိုင်းရှူးပြည်သူ့ဆေးရုံ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ပိုမိုကောင်းမွန်တိုးတက်လာစေရေးအတွက် ဆရာဝန်/ သူနာပြုနှင့် အခြားဝန်ထမ်းများ ခန့်ထားရေး၊ ဆေးဝါးနှင့် စက်ပစ္စည်းကိရိယာများ ထောက်ပံ့ရေးတို့ကို ဦးစားပေးဆောင်ရွက်သွားမည်ဖြစ်ပြီး နောင်တွင် ဆေးရုံ၏လုပ်ငန်းဆောင်ရွက်မှုများ တိုးတက်လာမှုပေါ်မူတည်၍ ခုတင်အဆင့်တိုးမြှင့်ခြင်းကို စဉ်းစားဆောင်ရွက်ပေးသွားနိုင်မည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ထို့နောက် လှိုင်သာယာ(အရှေ့ပိုင်း) မဲဆန္ဒနယ်မှ ဦးအေးချမ်း တင်သွင်းသည့် **"မြန်မာနိုင်ငံ ပြည်တွင်းဘဏ်များ အရေအတွက်လျှော့ချပြီး ပိုမိုခိုင်မာအင်အားကြီးပြီး အရည်အသွေးမြင့်သော ဘဏ်များ ပေါ်ပေါက်လာရေးအတွက် နိုင်ငံတော်အစိုးရအား တိုက်တွန်းကြောင်း"** အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

**သာပေါင်းမဲဆန္ဒနယ်မှ** ဦးမောင်မောင်စိုးက နိုင်ငံတကာအဆင့်မီဘဏ်ကြီးများ ပေါ်ပေါက်လာခြင်းဖြင့် နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း၊ ပြည်သူများ ယုံကြည်စိတ်ချစွာ စုဆောင်းအပ်နှံထားသည့် ဘဏ်များတွင် ငွေကြေးအရင်းအမြစ်များ တိုးပွားလာပါက MSME လုပ်ငန်းများ၊ စက်မှုနှင့် မွေးမြူရေးလုပ်ငန်းများ၊ အခြားစီးပွားရေးလုပ်ငန်းများအပြင် အခြေခံအဆောက်အအုံများ ဆောက်လုပ်ခြင်းအားဖြင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ တိုးတက်လာမည်ဖြစ်ပါကြောင်း၊ ကုန်ထုတ်လုပ်မှု တိုးတက်လာသည်နှင့်အမျှ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုပေါ်ပေါက်လာကာ ပြည်သူများ၏ ဝင်ငွေတိုးတက်လာမည်ဖြစ်ပါကြောင်း၊

*စာမျက်နှာ ၇ သို့*

စာမျက်နှာ ၆ မှ

ထို့ပြင် နိုင်ငံတော်အတွက် အခွန်ဘဏ္ဍာငွေများ တိုးပွားရရှိလာနိုင်သဖြင့် နိုင်ငံ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် အရည်အသွေးပြည့်မီပြီး နိုင်ငံတကာအဆင့်မီဘဏ်များ ပေါ်ပေါက်လာခြင်းမှတစ်ဆင့် နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်သည့်အတွက် အဆိုကို ထောက်ခံပါကြောင်း ဆွေးနွေးသည်။

**ဝန်းသိုမဲဆန္ဒနယ်မှ** ဦးစိုးပိုင်က ဘဏ်လုပ်ငန်းကဏ္ဍသည် နိုင်ငံတစ်နိုင်ငံ၏ ငွေကြေးစီးဆင်းမှု၊ စီးပွားရေးလုပ်ငန်းများ၏ ငွေကြေးလိုအပ်ချက်များ၊ ပြည်သူများ၏ စုဆောင်းငွေများနှင့် ငွေပေးချေမှုစနစ်များ တိုက်ရိုက်ဆက်စပ်နေသော အရေးကြီးသည့်ကဏ္ဍတစ်ရပ်ဖြစ်ပါကြောင်း၊ ဘဏ်လုပ်ငန်းကဏ္ဍတွင် ဘဏ်အရေအတွက်ကို မည်မျှထားရှိရမည်ဆိုသည့် အချက်တစ်ခုကိုသာ ကြည့်ရှုရန်မဟုတ်ဘဲ နိုင်ငံ့ဘဏ်လုပ်ငန်းစနစ်တစ်ခုလုံး၏ တည်ငြိမ်မှု၊ ခိုင်မာမှု၊ ယုံကြည်စိတ်ချရမှု၊ ဝန်ဆောင်မှု အရည်အသွေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအပေါ် အထောက်အကူပြုနိုင်မှုတို့ကို ဘက်စုံစဉ်းစားရန် လိုအပ်ပါကြောင်း။

အဆိုရှင်၏ မြန်မာနိုင်ငံဘဏ်လုပ်ငန်းကဏ္ဍ ပိုမိုခိုင်မာအားကောင်းစေရေး ရည်ရွယ်ချက်ကောင်းကို ပြည်သူ့လွှတ်တော်ဘဏ်များနှင့် ငွေကြေးဆိုင်ရာ ကော်မတီအနေဖြင့် လေးစားအသိအမှတ်ပြုပါကြောင်း၊ သို့သော် ဘဏ်အရေအတွက် လျှော့ချဆောင်ရွက်ခြင်းဖြင့်သာ ဘဏ်လုပ်ငန်းစနစ် ခိုင်မာလာမည် မဟုတ်ပါကြောင်း၊ လက်ရှိကာလတွင် အရေးကြီးဆုံးမှာ ဘဏ်အရေအတွက် လျှော့ချရေးထက် ဘဏ်တစ်ခုချင်း၏ ခိုင်မာမှု၊ ပြည်သူ့ငွေကြေးလုံခြုံမှု၊ ပုံမှန်ငွေထုတ်ငွေသွင်းနှင့် ချေးငွေဝန်ဆောင်မှုများ ပုံမှန်လည်ပတ်နိုင်ရေးတို့ကိုသာ ဦးစားပေးဆောင်ရွက်ပေးသင့်ပါကြောင်း၊ လက်ရှိအခြေအနေတွင် ဘဏ်အရေအတွက် လျှော့ချပြီး ပေါင်းစည်းပေးရန် မလိုအပ်သေးပါကြောင်းနှင့် ဈေးကွက်ကတောင်းဆိုမှသာ တည်ဆဲဥပဒေများအတိုင်း ဈေးကွက်ယန္တရားအရသာ ပံ့ပိုးဆောင်ရွက်သင့်ပါကြောင်း အကြံပြုဆွေးနွေးသည်။

**တောင်တွင်းကြီး မဲဆန္ဒနယ်မှ** ဒေါက်တာကျော်ဆွေက မြန်မာနိုင်ငံ၏ ဘဏ်လုပ်ငန်းကဏ္ဍကို ပြုပြင်ပြောင်းလဲရာတွင် ခိုင်မာသော အရင်းအနှီးကောင်းမွန်သောစီမံခန့်ခွဲမှု၊ ထိရောက်သောအန္တရာယ်စီမံခန့်ခွဲမှု၊ ခေတ်မီသောနည်းပညာ၊ လုံခြုံသော ဒီဂျစ်တယ်ငွေပေးချေမှုစနစ်၊ ပြည်သူများအတွက် လုံလောက်သော ဘဏ်ဝန်ဆောင်မှု၊ အသေးစားနှင့် အလတ်စားလုပ်ငန်းများအတွက် လုံလောက်သောချေးငွေတို့ကို တစ်ပြိုင်တည်း အလေးထားဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ ၂၀၁၆ ခုနှစ် ငွေရေးကြေးရေးအဖွဲ့အစည်းများဥပဒေ၏ ပုဒ်မ ၄၈ ကလည်း ဘဏ်များပေါင်းစည်းခြင်းကို ဗဟိုဘဏ်၏ ကြိုတင်ခွင့်ပြုချက်ဖြင့် ဆောင်ရွက်နိုင်သည့် ဥပဒေလမ်းကြောင်းကို ဖွင့်ပေးထားပြီးဖြစ်ပါကြောင်း၊ နိုင်ငံတကာအတွေ့အကြုံများကလည်း ပေါင်းစည်းရေးသည် အရေအတွက်လျှော့ချရန်အတွက်သာမဟုတ်ဘဲ အရင်းအနှီးခိုင်မာရေး၊ နည်းပညာရင်းနှီးမြှုပ်နှံနိုင်ရေး၊ စီမံခန့်ခွဲမှုစွမ်းရည်မြှင့်တင်ရေးနှင့် စီးပွားရေးကို ပိုမိုထိရောက်စွာ ငွေကြေးထောက်ပံ့နိုင်ရေးအတွက် အသုံးချနိုင်ကြောင်း ပြသနေပါကြောင်း။

ထို့ကြောင့် ယခုအဆိုကိုအကောင်အထည်ဖော်ရာတွင် “ဘဏ်အနည်းငယ်သာ ကျန်ရှိရေး”ကို ရည်မှန်းချက်မထားဘဲ “အားနည်းသောဘဏ်များ လျော့နည်းပြီး၊ ခိုင်မာသောဘဏ်များ ပိုမိုများပြားလာရေး၊ ဘဏ်လုပ်ငန်းကဏ္ဍ ပိုမိုလုံခြုံလာရေးနှင့် မြန်မာ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ငွေကြေးကို ပိုမိုထိရောက်စွာ ခွဲဝေပေးနိုင်ရေး”ကို အဓိကရည်မှန်းချက်အဖြစ်ထား၍ အဆင့်ဆင့်၊ စနစ်တကျနှင့် ဥပဒေနှင့်အညီ ဆောင်ရွက်သင့်ပါကြောင်း ဆွေးနွေးသည်။

**ရပ်စောက် မဲဆန္ဒနယ်မှ** ဒေါ်ခင်တာပွင့်ဆန်းက ဘဏ်အရေအတွက် လျှော့ချရေးကိစ္စသည် တည်ဆဲဥပဒေများဖြစ်သည့် မြန်မာနိုင်ငံ ကုမ္ပဏီများအက်ဥပဒေ၊ အထူးကုမ္ပဏီများအက်ဥပဒေ၊ ငွေရေးကြေးရေးအဖွဲ့အစည်းများဥပဒေ၊ ယှဉ်ပြိုင်မှုဥပဒေတို့တွင် ပါသည့် ပြဋ္ဌာန်းချက်များအတိုင်း အထူးသတိပြုလိုက်နာဆောင်ရွက်ရမည် ဖြစ်ပါကြောင်း၊ ပြုပြင်ပြောင်းလဲမှုနည်းလမ်းများ မမှန်ကန်ပါက ဘေးထွက်ဆိုးကျိုးများ အလွန်များနိုင်မည်ဖြစ်ပါကြောင်း၊ ပိုမိုအင်အားကြီးပြီး အရည်အသွေးမြင့်သောဘဏ်များ ပေါ်ပေါက်ရေးအဆိုကို ထောက်ခံပါကြောင်း၊ အင်အားကြီးပြီး အရည်အသွေးမြင့်မားရေးအပိုင်းတွင် Regional သာမက World Class အထိ တက်လှမ်းနိုင်လျှင် ပိုကောင်းမည်ဖြစ်ပါကြောင်း။

ယခု ဆွေးနွေးနေသည့်အဆိုကဲ့သို့ Multidire-ctional Impact ဖြစ်စေနိုင်သော၊ Sensitive ဖြစ်သော အဆိုမျိုးကို လွှတ်တော်တွင်းဆွေးနွေး၊ ထောက်ခံ၊ မှတ်တမ်းတင်၊ ကန့်ကွက်အတည်ပြုခြင်းများ မပြုလုပ်မီ သက်ဆိုင်ရာ တာဝန်ရှိသူများအားလုံး ပါဝင်သည့် ဖိုရမ်များနှင့် အပြန်အလှန် ဆွေးနွေးပွဲများ ကျယ်ကျယ်ပြန့်ပြန့် ပြုလုပ်ဆွေးနွေးပြီးမှ လွှတ်တော်တွင် ဆုံးဖြတ်အတည်ပြုခြင်း၊ မှတ်တမ်းတင်ခြင်းများ ပြုလုပ်သင့်ပါကြောင်း အကြံပြုဆွေးနွေးသည်။

**ကျွန်းစုမဲဆန္ဒနယ်မှ** ဦးအောင်ကျော်နိုင်က ဘဏ်များပေါင်းစည်းခြင်းကြောင့် ကောင်းကျိုးရရှိသွားသည့် နိုင်ငံများရှိသကဲ့သို့ နိုင်ငံ့စီးပွားရေး ဆိုးဆိုးရွားရွား ထိခိုက်သွားသည့် နိုင်ငံများလည်း ရှိပါကြောင်း၊ လက်ရှိအနေအထားတွင် နိုင်ငံတော်၏ ဘဏ္ဍာရေး၊ ငွေကြေးဈေးကွက်နှင့် ငွေရေးကြေးရေး ဘဏ်များ ကဏ္ဍမှာလည်း တည်ငြိမ်မှုရှိနေပြီဖြစ်ပါကြောင်း၊ မိမိတို့ ထည့်သွင်းစဉ်းစားရမည်မှာ စနစ်ကြောင့် ဖြစ်နိုင်ခြေရှိသည့် အန္တရာယ်၊ နိုင်ငံ၏ မက္ကရိုစီးပွားရေးအပေါ်တွင် ထိခိုက်နိုင်ခြေနှင့် ဖွဲ့စည်းမှုပြောင်းလဲခြင်းကြောင့် စိန်ခေါ်မှုများ၊ ဖြစ်နိုင်ခြေများကိုလည်း ထည့်သွင်းတွက်ချက်ရမည်ဖြစ်ပါကြောင်း။

လက်ရှိဘဏ်လုပ်ငန်းများသည် တည်ငြိမ်ပြီး ကောင်းမွန်စွာ လည်ပတ်နေပြီဖြစ်ပါကြောင်း၊ အဆိုရှင်၏ ရည်ရွယ်ချက်မှာ ကောင်းမွန်ပါကြောင်း၊ ရည်ရွယ်ချက်ကို မူအားဖြင့် သဘောတူပါသော်လည်း လက်ရှိဘဏ္ဍာရေးနှင့် ငွေကြေးဈေးကွက်တည်ငြိမ်နေမှု၊ မိမိနိုင်ငံအတွင်းရှိ အစိုးရပိုင်ဘဏ် လေးဘဏ်၊ ပုဂ္ဂလိကဘဏ် ၂၇ ဘဏ်နှင့် နိုင်ငံအနှံ့ ဘဏ်ခွဲပေါင်း ၁၉၀၀ ကျော်အား Banking system အတွက် ကိုက်ညီမှုများ ရှိနေပါသေးကြောင်း၊ အချိန်အခါနှင့် ကူးပြောင်းမှုနည်းလမ်းလွဲမှားသွားမည်ဆိုလျှင် ပြည်သူများ၏ ဘဏ်စနစ်အပေါ် ယုံကြည်မှုလျော့ပါးထိခိုက်စေပြီး ပြည်သူများ၏စိုးရိမ်ပူပန်မှု မြင့်တက်လာနိုင်ပါကြောင်း။

သို့ဖြစ်ပါ၍ အမှန်တကယ်လိုအပ်သည့် အချိန်ကျမှသာ နိုင်ငံတော်အစိုးရ၏ ကူညီထောက်ပံ့မှု၊ ဗဟိုဘဏ်၏ ကြီးကြပ်မှုတို့ဖြင့် ဆက်လက်လုပ်ဆောင်သွားသင့်ပါကြောင်း၊ လက်ရှိတွင်အဆိုအား မှတ်တမ်းအဖြစ်သာ ထားရှိသင့်ပါကြောင်း အကြံပြုဆွေးနွေးသည်။

ယင်းနောက် အဆိုနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးဇော်မြင့်နိုင်က မြန်မာနိုင်ငံတော် ဗဟိုဘဏ်အနေဖြင့် အားကောင်းခိုင်မာသောဘဏ်များ ပေါ်ပေါက်စေရေးအတွက် ဘဏ်အရေအတွက်ကိုသာ ထိန်းချုပ်ခြင်း မဟုတ်ဘဲ ဘဏ်တစ်ခုချင်းစီ၏ လုံခြုံမှုနှင့် အားကောင်းခိုင်မာမှုကို အဓိကထားခြင်း၊ ဘဏ်များ၏ မတည်ငွေရင်း ကောင်းမွန်ခြင်း၊ ရရန်ပိုင်ခွင့် အရည်အသွေးကောင်းမွန်ခြင်း၊ စီမံအုပ်ချုပ်မှုနှင့် ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှု ကောင်းမွန်ခြင်း၊ နည်းပညာနှင့် စီမံခန့်ခွဲမှု စွမ်းရည်ကောင်းမွန်ခြင်းတို့အပေါ် အခြေခံ၍ တည်ငြိမ်ခိုင်မာသော ဘဏ်စနစ်တစ်ရပ် ဖြစ်ပေါ်လာစေရန် ကြီးကြပ်ဆောင်ရွက်လျက်ရှိပြီး ပုဂ္ဂလိကဘဏ်များအနေဖြင့်လည်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်က သတ်မှတ်ထားသည့်ငွေရေးကြေးရေး အားကောင်းခိုင်မာမှုအချိုးများ ပြည့်မီလျက်ရှိသည့်အပြင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေဖြင့် မြန်မာနိုင်ငံဘဏ်များအသင်းနှင့် ပုဂ္ဂလိကဘဏ်များနှင့်လည်း ဆွေးနွေးမှုများ ပြုလုပ်ခဲ့ပြီးဖြစ်ရာ တွေ့ရှိချက်များအရ လက်ရှိတည်ငြိမ်မှုရှိနေသည့် အနေအထားအား ထိခိုက်မှုမရှိစေရေးအတွက် ဘဏ်များပေါင်းစည်းခြင်းကို ဆောင်ရွက်ရန် အချိန်အခါမသင့်သေးဟု သုံးသပ်ရရှိပါကြောင်း။

သို့ဖြစ်ရာ ဘဏ်များပေါင်းစည်းခြင်းနှင့် စပ်လျဉ်း၍ တည်ဆဲငွေရေးကြေးရေးအဖွဲ့အစည်းများ ဥပဒေတွင် ဘဏ်များပေါင်းစည်းခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်များအား ထည့်သွင်းပြဋ္ဌာန်းထားပြီးဖြစ်သဖြင့် ငွေရေးကြေးရေးစနစ်တည်ငြိမ်မှုကို ထိန်းသိမ်းနိုင်ရေးအတွက် နိုင်ငံ၏ စီးပွားရေးစနစ်ဖွံ့ဖြိုးလာမှု၊ ဘဏ်စနစ်တည်ငြိမ်ပြီး ပိုမိုခိုင်မာလာမှုနှင့် ဘဏ်တစ်ခုချင်းစီ၏ လိုအပ်မှုတို့အပေါ် မူတည်ပြီး ပြည်တွင်းဘဏ်များလျှော့ချခြင်း သို့မဟုတ် ပေါင်းစည်းခြင်းကို နိုင်ငံတော်၏ မူဝါဒနှင့်အညီသာ ဆောင်ရွက်မည်ဖြစ်ပါ၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေဖြင့် ဘဏ်လုပ်ငန်းကဏ္ဍတည်ငြိမ်ရေးနှင့် ဘဏ်များ အားကောင်းခိုင်မာစေရေး ဆက်လက်ကြီးကြပ် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့် အဆိုအား မှတ်တမ်းတင်သင့်ပါကြောင်း ပြန်လည်ရှင်းလင်း ဆွေးနွေးသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက လိုင်သာယာ(အရှေ့ပိုင်း)မဲဆန္ဒနယ်မှ ဦးအေးချမ်းတင်သွင်းသည့် အဆိုနှင့်စပ်လျဉ်း၍ သင့်လျော်သည့် အချိန်ကာလတစ်ခုရောက်မှသာ စဉ်းစားသင့်ကြောင်း၊ လတ်တလောအခြေအနေတွင် စောင့်ကြည့်သွားမည် ဖြစ်ကြောင်း လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ လွှတ်တော်က သဘောတူသည့်အတွက် အဆိုကို မှတ်တမ်းတင်ကြောင်း ကြေညာသည်။

တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ၁၁ ရက်မြောက်နေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေး ၁၂ ရက်မြောက်နေ့ကို အောက်တိုဘာ ၆ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းအဖွဲ့**

---

❒ *အမျိုးသမီးစက်ခေါင်းမောင်းမှ*

အဆိုပါ အမျိုးသမီး ငါးဦးသည် မိတ္ထီလာမြို့ရှိ ဗဟိုပို့ဆောင်ဆက်သွယ်ရေး ကျောင်းတွင် စက်ခေါင်းမောင်း ပညာရပ်ကို စာတွေ့၊ လက်တွေ့ သင်ယူပြီးမြောက်ခဲ့ကြသူများ ဖြစ်ပြီး သင်တန်းကာလ ၂၉ ပတ်အတွင်း မြေပြင်တွင် တွဲရှေ့ရထား မောင်းနှင်ခြင်း၊ လမ်းကြည့်လိုက်ပါခြင်း၊ လက်တွေ့စမ်းသပ်မောင်းနှင်ခြင်း၊ မောင်းနှင်ဖြေဆိုခြင်းနှင့် လူတွေ့မေးမြန်းစစ်ဆေးခြင်းများကို ဖြတ်သန်းအောင်မြင်ခဲ့ကြသူများဖြစ်ကာ လက်ရှိတွင် တွဲဖက် စက်ခေါင်းမောင်းအဖြစ် လက်တွေ့ လုပ်ကိုင်လျက်ရှိသည်။

အဆိုပါ အမျိုးသမီးစက်ခေါင်းမောင်း ငါးဦးအား လာမည့်ရက်ပိုင်းအတွင်း ရန်ကုန်မြို့ပတ်လမ်းပိုင်း၌ ပြေးဆွဲနေသည့် DEMU နှင့် RBE ရထားများတွင် စက်ခေါင်းမောင်း တာဝန်များ စတင်ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။ TWA

# ဌာနဆိုင်ရာ အဆောက်အအုံပြုပြင်တည်ဆောက်ရေးလုပ်ငန်းများ သတ်မှတ်ကာလအတွင်း အမြန်ပြီးစီးရေးဆောင်ရွက်ကြရန် ဒုတိယဝန်ကြီး ဒေါက်တာသောင်းနိုင် မှာကြား

**ဖလမ်း အောက်တိုဘာ ၅**

ချင်းပြည်နယ် ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် ဆောင်ရွက်နေသည့် ဌာနဆိုင်ရာ အဆောက်အအုံ ပြုပြင်တည်ဆောက်ရေး လုပ်ငန်းများ သတ်မှတ်ကာလအတွင်း အမြန်ပြီးစီးရေး ဆောင်ရွက်ကြရန် ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသောင်းနိုင်က ယနေ့တွင် ဖလမ်းမြို့ မြို့တော်ခန်းမ၌ ဖလမ်းမြို့နယ်အတွင်း တည်ဆောက်ရေး လုပ်ငန်းများ ဆောင်ရွက်နေသည့် ဒေသခံကုမ္ပဏီများနှင့် တွေ့ဆုံစဉ် မှာကြားသည်။



ထို့ပြင် လုပ်ငန်းများကို စာချုပ်ပါ စည်းကမ်းချက်များနှင့်အညီ အချိန်မီပြီးစီးစေရေးအတွက် သက်ဆိုင်ရာဌာနများက ကြပ်မတ်ဆောင်ရွက်ရန်၊ လုပ်ငန်းများအမြန်ပြီးစီးပါက ဝန်ဆောင်မှုလုပ်ငန်းများ စနစ်တကျ ဆောင်ရွက်နိုင်ပြီး ဒေသခံပြည်သူများအတွက် အကျိုးပြုနိုင်မည်ဖြစ်၍ စေတနာထား ဆောင်ရွက်သွားရန်၊ အဆောက်အအုံ ပြုပြင် တည်ဆောက်မှုများအပြင် ပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေးကို တစ်ပါတည်းဆောင်ရွက်ကြရန် ပြောကြားသည်။

ထို့အတူ ချင်းပြည်နယ်အစိုးရအဖွဲ့ လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေး ဝန်ကြီးက ပြည်နယ်အတွင်း ဆောင်ရွက်နေသည့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ ဒေသခံကုမ္ပဏီများက လုပ်ငန်းဆောင်ရွက်ချက်များ ရှင်းလင်းတင်ပြမှုအပေါ် ဒုတိယဝန်ကြီးနှင့် ပြည်နယ်ဝန်ကြီးတို့က လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးသည်။

တွေ့ဆုံပွဲအပြီးတွင် ဖလမ်းမြို့ ပြည်သူ့ဆေးရုံကြီး၊ ယာယီဆေးရုံရှိပြင်ပလူနာဌာနတွင် ဆေးကုသမှုခံယူနေကြသော ဒေသခံပြည်သူများကို တွေ့ဆုံအားပေးသည်။

ထို့မှတစ်ဆင့် ဖလမ်းမြို့နယ် လမ်းဦးစီးဌာန ဦးစီးအရာရှိ(မြို့ပြ)ရုံးအဆောက်အအုံနှင့် ဝန်ထမ်းနေအိမ်ပြုပြင်နေမှု၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဖလမ်းခရိုင် ဦးစီးမှူးရုံး အဆောက်အအုံပြုပြင်နေမှု၊ မြို့နယ်ဦးစီးမှူးရုံး အဆောက်အအုံနှင့် ဝန်ထမ်းအိမ်ရာ ပြုပြင်နေမှု၊ ဖလမ်းခရိုင် စာရင်းစစ်ရုံး အဆောက်အအုံနှင့် ဝန်ထမ်းအိမ်ရာပြုပြင်နေမှု လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစဉ် ဒုတိယဝန်ကြီးက ရုံးသုံးပရိဘောဂများ စနစ်တကျနေရာချထားရေး၊ လုပ်ငန်းခွင်နှင့် ရုံးပတ်ဝန်းကျင် သန့်ရှင်းသပ်ရပ်မှုရှိစေရေးနှင့် ရေပေးဝေရေးစနစ်များ စနစ်တကျရှိစေရေး အလေးထားဆောင်ရွက်ရန် မှာကြားခဲ့သည်။ **ခရိုင်(ပြန်/ဆက်)**

# တတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး သတ္တမနေ့ ကျင်းပ



**နေပြည်တော် အောက်တိုဘာ ၅**

တတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး သတ္တမနေ့ကို ယနေ့မွန်းလွဲ ၁နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

အစည်းအဝေးတွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေးက တတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး သတ္တမနေ့သို့ တက်ရောက်ခွင့်ရှိသည့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း ၂၀၉ ဦး ရှိသည့်အနက် ယနေ့အစည်းအဝေးသို့ ၁၉၉ ဦး တက်ရောက်သဖြင့် ထက်ဝက်ကျော်သည့်အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာကာ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်၏အတည်ပြုချက်ရယူ၍ မှတ်တမ်းတင်သည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမှတ်(၆) ဦးကျော်ဝင်းဦး၏ **၂၀၂၅ ခုနှစ် မန္တလေးငလျင်ကြီးနှင့် ကမ္ဘာ့နိုင်ငံများတွင် ဖြစ်ပွားခဲ့သည့် ငလျင်ဖြစ်စဉ်ကြီးများအပေါ် သင်ခန်းစာယူပြီး မြန်မာနိုင်ငံတွင် အလားတူ ငလျင်ကြီးများ မတော်တဆ ထပ်မံလှုပ်ခတ်လာပါက အရေးပေါ်ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ရှာဖွေကယ်ဆယ်ရေးအဖွဲ့များ ဖွဲ့စည်းထားရှိမှုနှင့် မန္တလေးငလျင်ကြီးဖြစ်စဉ်တွင် လာရောက်ကူညီဆောင်ရွက်ခဲ့သည့် နိုင်ငံတကာ ရှာဖွေကယ်ဆယ်ရေးအဖွဲ့များနည်းတူ နိုင်ငံတကာ အဆင့်မီ ဆက်လက်ဖွဲ့စည်းဆောင်ရွက်ရန် အစီအစဉ်ရှိ/မရှိ** မေးခွန်း နှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်မင်းသူက နိုင်ငံတစ်ဝန်း သဘာဝဘေးအန္တရာယ်များအပါအဝင် အခြားသောဘေးအန္တရာယ်များ ဖြစ်ပွားလာပါက ထိရောက်လျင်မြန်စွာ တုံ့ပြန်ဆောင်ရွက်နိုင်ရန်အတွက် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဌာနချုပ်(ရန်ကုန်)၊ နေပြည်တော်၊ တိုင်းဒေသကြီး /ပြည်နယ်များတွင် သန္ဓေနှင့်အရန် မီးသတ်တပ်ဖွဲ့ဝင်အင်အား ၁၁၆ ဦးစီပါဝင်သော တပ်ခွဲ ၁၇ ခွဲ၊ မြို့နယ်/မြို့တစ်ခုလျှင် သန္ဓေနှင့် အရန် မီးသတ်တပ်ဖွဲ့ဝင်အင်အား ၃၅ ဦးစီပါဝင်သော တပ်စု ၃၃၃ စု စုစုပေါင်း ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင်အင်အား ၁၃၆၂၇ ဦးတို့ကိုဖွဲ့စည်း၍ အသင့်စုဖွဲ့လေ့ကျင့်ဆောင်ရွက်လျက်ရှိပါကြောင်း။

အဆိုပါ ရှာဖွေကယ်ဆယ်ရေးအဖွဲ့များထဲမှ သတ်မှတ်ချက်နှင့်ကိုက်ညီသော မီးသတ်တပ်ဖွဲ့ဝင် ၃၀ ကို ရွေးချယ်စုဖွဲ့၍ ပြင်သစ်နိုင်ငံနှင့် စင်ကာပူနိုင်ငံတို့မှ မြို့ပြရှာဖွေကယ်ဆယ်ရေးနည်းပြများဖြင့် ၂၀၁၉ ခုနှစ် အောက်တိုဘာလတွင် လေ့ကျင့်သင်ကြားပေးခဲ့ပါကြောင်း၊ ထို့ပြင် ဌာနတွင်းဖွင့်လှစ်လျက်ရှိသော အဆင့်မြင့်ရှာဖွေကယ်ဆယ်ရေးသင်တန်းများမှ မီးသတ်တပ်ဖွဲ့ဝင်များကိုလည်း စိစစ်ရွေးချယ်၍ မြို့ပြရှာဖွေကယ်ဆယ်ရေးအထူးအဖွဲ့အဖြစ် ဖွဲ့စည်းနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိပါကြောင်း။

ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများအား ဒေသတွင်းအဆင့်မှသည် နိုင်ငံတကာအဆင့်အထိ ပါဝင်ဆောင်ရွက်နိုင်ရေး အပြည်ပြည်ဆိုင်ရာ ရှာဖွေကယ်ဆယ်ရေးအကြံပေးအဖွဲ့ (International Search and Rescue Advisory Group–INSARAG) နှင့်အညီ မြို့ပြကယ်ဆယ်ရေးအဖွဲ့ (USAR Medium Team) ဖွဲ့စည်းနိုင်ရေး ဆောင်ရွက်လျက်ရှိပြီး မန္တလေးငလျင်ကြီး လှုပ်ခတ်မှုဖြစ်စဉ်တွင် နိုင်ငံတကာမှရှာဖွေကယ်ဆယ်ရေးအဖွဲ့များနှင့်အတူ ပူးပေါင်းရှာဖွေကယ်ဆယ်ဆောင်ရွက်ရာ၌ ရရှိခဲ့သည့် အတွေ့အကြုံများအပေါ် သင်ခန်းစာဖော်ထုတ်ချက်များနှင့် လုပ်ငန်းဆောင်ရွက်နိုင်ခဲ့မှုအခြေအနေများအား အစီရင်ခံစာဖြင့်တင်ပြဆောင်ရွက်ခဲ့ရာ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌက မီးသတ်ဦးစီးဌာနတွင် "ရှာဖွေကယ်ဆယ်ရေးအဖွဲ့ (Medium Team) နှစ်ဖွဲ့အား နိုင်ငံတကာအဆင့်မီ ပြင်ဆင်ဖွဲ့စည်းရန်အတွက် လိုအပ်သောပစ္စည်း ၃၄ မျိုးနှင့် ဆရာဝန်၊ ယာဉ်လိုအပ်ချက်များအား တင်ပြသွားရန်" ဟု လမ်းညွှန်မှုပြုခဲ့သည့်အပေါ် တင်ပြဆောင်ရွက်ခဲ့ရာ ခွင့်ပြုချက်ရရှိခဲ့ပြီးဖြစ်ပါကြောင်း။

အထက်ပါခွင့်ပြုချက်အရ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဌာနချုပ်(ရန်ကုန်)နှင့် မီးသတ်ဦးစီးဌာန (နေပြည်တော်)တို့တွင် Medium Team အဆင့်ရှိ USAR Team နှစ်ဖွဲ့တို့အား ဖွဲ့စည်းလေ့ကျင့်ခြင်း၊ နိုင်ငံတော်မှ အဆိုပါအဖွဲ့ နှစ်ဖွဲ့အတွက် လိုအပ်သည့် ခေတ်မီရှာဖွေကယ်ဆယ်ရေးလုပ်ငန်းသုံး စက်ပစ္စည်းကိရိယာများနှင့် လုပ်ငန်းသုံးယာဉ်များအား ဝယ်ယူဖြည့်တင်းပေးခြင်း၊ ဆရာဝန်၊ သူနာပြု စုစုပေါင်း ရှစ်ဦးတို့အား ခန့်ထားပေးခြင်း၊ ရှာဖွေရေးခွေး(Canine) ကိုးကောင်အား မွေးမြူပြီး အခြေခံအမိန့်နာခံမှုနှင့် ရှာဖွေရေးနည်းစနစ်သင်တန်းသို့ တက်ရောက်စေ၍ လေ့ကျင့်သင်ကြားပေးခြင်းတို့ကို ဆောင်ရွက်နိုင်ခဲ့ပြီးဖြစ်ပါကြောင်း။

အဆိုပါ ရှာဖွေကယ်ဆယ်ရေးအဖွဲ့အား အပြည်ပြည်ဆိုင်ရာရှာဖွေကယ်ဆယ်ရေး အကြံပေးအဖွဲ့၏ အသိအမှတ်ပြုအဖွဲ့အဖြစ် ဖွဲ့စည်းအစစ်ဆေးခံခြင်း လုပ်ငန်းစဉ်များအား ဆက်လက်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ရှေ့ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များအနေဖြင့် နှစ်နှစ်အတွင်း IEC အောင်မြင်စွာ အစစ်ဆေးခံနိုင်ရေးအတွက် လိုအပ်သော ပြိုကျအဆောက်အအုံသဏ္ဍာန်တူပုံစံ (Simulator) များ တည်ဆောက်ခြင်း၊ လုပ်ငန်းသုံးပစ္စည်းကိရိယာများ ဝယ်ယူဖြည့်တင်းခြင်း၊ တပ်ဖွဲ့ဝင်များ၏ လုပ်ငန်းစွမ်းဆောင်ရည် မြင့်မားတိုးတက်စေရေးအတွက် INSARAG Classified ရရှိပြီးဖြစ်သည့်နိုင်ငံများသို့ လေ့လာသူ (Observer)အဖြစ် သွားရောက်လေ့လာခြင်းနှင့် UCC (USAR Coordination Cell), ICMS (INSARAG Coordination Management System) စသည့် လိုအပ်သောသင်တန်းများအား တက်ရောက်စေခြင်းတို့ဖြင့် ပြင်ဆင်ဆောင်ရွက်ပြီးပါက လာရောက်စစ်ဆေးသူ(Classifier)များ ဖိတ်ကြားခေါ်ယူ၍ ၃၆ နာရီကြာ သဏ္ဍာန်တူဖြစ်စဉ်ဖွင့် လေ့ကျင့်သရုပ်ပြမှုဆောင်ရွက်ပြီး INSARAG Classified ရရှိရေး အစစ်ဆေးခံနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံအနေဖြင့် မန္တလေးငလျင်ကြီးဖြစ်စဉ်အတွင်း နိုင်ငံတကာရှာဖွေ ကယ်ဆယ်ရေးအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ရမှုမှရရှိခဲ့သည့် အတွေ့အကြုံနှင့် သင်ခန်းစာများကိုအခြေခံ၍ လေ့ကျင့်ဆောင်ရွက်ထားပြီးဖြစ်သော ရှာဖွေကယ်ဆယ်ရေးစွမ်းရည်များကို နိုင်ငံတကာစံနှုန်းများနှင့်အညီ ပိုမိုမြှင့်တင်ပြီး INSARAG အသိအမှတ်ပြု Medium USAR Team များအဖြစ် အရည်အသွေးပြည့်ဝစွာ ဖွဲ့စည်းနိုင်ရေး၊ လေ့ကျင့်ရေး၊ ပစ္စည်းကိရိယာ ဖြည့်တင်းရေးနှင့် နိုင်ငံတကာအဆင့် အကဲဖြတ်အသိအမှတ်ပြုခံရရေးတို့ကို အဆင့်ဆင့်ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားသည်။

ရန်ကုန်တိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမှတ်(၄) ဦးဇော်ဝင်းသန့်၏ **ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်အပိုင် ရဲစုတောင်ရပ်ကွက် အစိတ်အပိုင်းအား မှော်ဘီမြို့နယ်အပိုင်သို့ ပြောင်းရွှေ့ရမည်ဆိုသည့်ကိစ္စရပ်အား ဆိုင်းငံ့၍ မင်္ဂလာဒုံမြို့နယ် နယ်နိမိတ်အပိုင်အဖြစ် ဆက်လက်ထားရှိနိုင်ရေး ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ သိရှိလိုခြင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဗိုလ်ချုပ်မင်းသူက မင်္ဂလာဒုံမြို့နယ် ရဲစုတောင်ရပ်ကွက် အစိတ်အပိုင်းသည် မင်္ဂလာဒုံမြို့နယ်နှင့် မှော်ဘီမြို့နယ်တို့အနက် မည်သည့်မြို့နယ်အတွင်း တည်ရှိပါဝင်ကြောင်း နယ်နိမိတ်ပိုင်းခြားသတ်မှတ်နိုင်ရန် သက်ဆိုင်ရာဌာနအသီးသီးရှိ မှတ်တမ်းအထောက်အထားများ စိစစ်ပြုစုခြင်း၊ မြေပြင်ကွင်းဆင်းစစ်ဆေးတိုင်းတာခြင်းနှင့် ပြည်သူလူထုအမြင် သဘောထားစစ်တမ်းရယူခြင်းတို့ ဆောင်ရွက်နိုင်ရန် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က မင်္ဂလာဒုံခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ အဖွဲ့ခေါင်းဆောင်အဖြစ်ပါဝင်ပြီး စုစုပေါင်း အဖွဲ့ဝင် ရှစ်ဦးပါဝင်သည့် မှတ်တမ်းပြုစုစိစစ်သုံးသပ်ရေးအဖွဲ့အား ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပါကြောင်း။

ယင်းစိစစ်သုံးသပ်ရေးအဖွဲ့၏ အစီရင်ခံစာတွင် မင်္ဂလာဒုံမြို့နယ် ထောက်ကြန့်မြို့ ရဲစုတောင်ရပ်ကွက် ကွင်းအမှတ်-၅၂၆(က)၏ အစိတ်အပိုင်းနှင့် ကွင်းအမှတ်-၅၂၅(ခ)၏ အစိတ်အပိုင်းတို့သည် မှော်ဘီမြို့နယ်အပိုင်တွင် တည်ရှိသော်လည်း မင်္ဂလာဒုံမြို့နယ် အုပ်ချုပ်မှုအောက်တွင်သာ အုပ်ချုပ်ရေး၊ နယ်မြေလုံခြုံရေး၊ သန်းခေါင်စာရင်း/မွေးစာရင်းကိစ္စ၊ ဒေသဖွံ့ဖြိုးရေး၊ အခွန်အခပေးဆောင်ခြင်းဆိုင်ရာကိစ္စ၊ ပညာရေး၊ ကျန်းမာရေးဆိုင်ရာကိစ္စရပ်နှင့် အခြားသောလူမှုရေးကိစ္စရပ်များ ဆောင်ရွက်လုပ်ကိုင်နေကြသည့်အတွက် အဆိုပါအစိတ်အပိုင်းတွင် နေထိုင်ကြသည့်ပြည်သူများ၏ အုပ်ချုပ်မှုကိစ္စအဝဝကို မင်္ဂလာဒုံမြို့နယ်က စိစစ်ဆောင်ရွက်၍ မြေယာစီမံခန့်ခွဲမှုတွင် မှော်ဘီမြို့နယ်၏ စီမံခန့်ခွဲမှုဖြင့် ဆောင်ရွက်သင့်ကြောင်း တင်ပြထားရှိပါကြောင်း။

သို့ပါ၍ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် ထောက်ကြန့်မြို့ ရဲစုတောင်ရပ်ကွက်၏ အစိတ်အပိုင်းဖြစ်သည့် ကွင်းအမှတ်-၅၂၆(က)၏ အစိတ်အပိုင်းနှင့် ကွင်းအမှတ် -၅၂၅(ခ)၏ အစိတ်အပိုင်းတို့သည် မှော်ဘီမြို့နယ်တွင်တည်ရှိသော်လည်း မင်္ဂလာဒုံမြို့နယ် ထောက်ကြန့်မြို့ဖွဲ့စည်းစဉ်ကပင် အုပ်ချုပ်ရေး၊ နယ်မြေလုံခြုံရေး၊ သန်းခေါင်စာရင်း/မွေးစာရင်းကိစ္စ၊ ဒေသဖွံ့ဖြိုးရေး၊ အခွန်အခပေးဆောင်ခြင်းဆိုင်ရာကိစ္စ၊ ပညာရေး၊ ကျန်းမာရေးဆိုင်ရာကိစ္စရပ်နှင့် အခြားသောလူမှုရေးကိစ္စရပ်များကို မင်္ဂလာဒုံမြို့နယ် အုပ်ချုပ်မှုအောက်တွင်သာ ဆောင်ရွက်လုပ်ကိုင်နေထိုင်လျက်ရှိသဖြင့် အဆိုပါမြေအစိတ်အပိုင်းတွင် နေထိုင်ကြသောပြည်သူများ၏ အုပ်ချုပ်မှုကိစ္စအဝဝကို မင်္ဂလာဒုံမြို့နယ်က စီမံဆောင်ရွက်၍ မြေယာစီမံခန့်ခွဲမှုများကို မှော်ဘီမြို့နယ်က စီမံခန့်ခွဲဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

မကွေးတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၆) ဦးခင်မောင်သန်း၏ **မကွေးတိုင်းဒေသကြီး သရက်ခရိုင် သရက်မြို့နှင့် အောင်လံခရိုင် အောင်လံမြို့အကြားတွင် တည်ဆောက်နေသော ဧရာဝတီမြစ်ကူးတံတား(သရက်-အောင်လံ) စီမံကိန်းအား မည်သည့်ဘဏ္ဍာရေးနှစ်တွင် အပြီးတည်ဆောက်ပေးမည်ကို သိရှိလိုခြင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်က ဧရာဝတီတံတား (သရက် - အောင်လံ) တည်ဆောက်ခြင်းအား ၂၀၁၈-၂၀၁၉ (၆လ) ဘဏ္ဍာရေးနှစ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါကြောင်း၊ ယနေ့အထိ တံတားတစ်စင်းလုံး ပြီးစီးမှုရာခိုင်နှုန်းမှာ(၅၅ ရာခိုင်နှုန်း)ဖြစ်ပြီး ပင်မတံတားအပေါ်ထည်လုပ်ငန်းဖြစ်သည့် ၁၄၄ မီတာ သံပေါင် ၁၂ ခန်း တပ်ဆင်ခြင်းနှင့် ကြမ်းခင်းလုပ်ငန်းများ ဆောင်ရွက်ရန် ကျန်ရှိနေပါကြောင်း၊ စုစုပေါင်း သံပေါင် ၁၂ ခန်းအနက် ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်တွင် သံပေါင်တပ်ဆင်ခြင်းလုပ်ငန်း ၁၄၄ မီတာ ငါးခန်းနှင့် ပင်မတံတား ကြိုတင်သွန်းလောင်းကွန်ကရစ်ကြမ်းခင်းထုတ်လုပ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း။

၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ်တွင် သံပေါင်တပ်ဆင်ခြင်းလုပ်ငန်း ၁၄၄ မီတာ ခုနစ်ခန်းနှင့် ပင်မတံတား ကြမ်းခင်းလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ၂၀၂၈-၂၀၂၉ ဘဏ္ဍာရေးနှစ်တွင် တံတားအချောသပ်လုပ်ငန်းများနှင့် တံတားပေါ် AC ကတ္တရာခင်းခြင်းလုပ်ငန်းများကို ဆောင်ရွက်ပြီး (၁၀၀ ရာခိုင်နှုန်း)ပြီးစီးအောင် ဆောင်ရွက်ရန်လျာထားပါကြောင်း၊ ဧရာဝတီတံတား(သရက်-အောင်လံ) တည်ဆောက်ရေးစီမံကိန်းနှင့် ချဉ်းကပ်လမ်းလုပ်ငန်းများအား ၂၀၂၈-၂၀၂၉ ဘဏ္ဍာရေးနှစ်တွင် ပြီးစီးနိုင်ရေး ဘဏ္ဍာရေးနှစ်အလိုက် ပြည်ထောင်စုရန်ပုံငွေနှင့် တိုင်းဒေသကြီး ရန်ပုံငွေများတွင် လျာထားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ပဲခူးတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမှတ်(၈) ဦးသိန်းဇော်၏ **ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် သာယာဝတီမြို့နယ် သုံးဆယ်မြို့ရှိ ပန်းဆွဲ - တောင်ညိုလမ်း၏ ပျက်စီးနေသော လမ်းပိုင်းများကို ကွန်ကရစ်ခင်းပေးရန် အစီအစဉ် ရှိ/မရှိ နှင့် အစီအစဉ်ရှိပါက မည်သည့်အချိန်၊ မည်သည့်ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးမျိုးမြင့်က အဆိုပါလမ်းသည် ရန်ကုန်-ပြည်လမ်းပေါ်ရှိ သုံးဆယ်မြို့မှတစ်ဆင့် ပန်းဆွဲရွာ၊ သာယာကုန်းရွာ၊ ကျေးလူးရွာ၊ စည်ပင်ရွာ၊ တောင်ညိုရွာတို့ကို ဆက်သွယ်ထားသော အရှည် ခြောက်မိုင် ခုနစ်ဖာလုံရှိသည့် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ စီမံခန့်ခွဲသောလမ်းဖြစ်ပါကြောင်း၊ အဆိုပါလမ်းအား ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်တွင် ကျောက်ခင်းလမ်း အရှည် တစ်ဖာလုံအား ကွန်ကရစ်လမ်းအဖြစ်သို့ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းနှင့် ကျောက်ခင်းလမ်း အရှည် တစ်ဖာလုံအား ပြုပြင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ်တွင် ပျက်စီးနေသော လမ်းပိုင်းများအား ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့် ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို နှစ်အလိုက် ဦးစားပေးလျာထားသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

မန္တလေးတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမှတ်(၁၂) ဦးကျော်တင့်၏ **မန္တလေးတိုင်းဒေသကြီး ဝမ်းတွင်းမြို့နယ် သဲတော-ရိုးစုံ လမ်းမကြီးအား ရာသီမရွေးသွားလာနိုင်သော လမ်းမကြီး**

*စာမျက်နှာ ၉ သို့*

*စာမျက်နှာ ၈ မှ*
**အဖြစ် အသုံးပြုနိုင်ရန် ကတ္တရာလမ်း သို့မဟုတ် ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးမျိုးမြင့်က အဆိုပါလမ်းသည် ဝမ်းတွင်းမြို့နယ် သဲတောရွာမှ ကူမဲမြို့နယ်-သာစည်မြို့နယ်ကို ဆက်သွယ်ထားသော ခရိုင်ချင်းဆက်လမ်းအမှတ်(၂)ကို ချိတ်ဆက်ထားသည့် လမ်းအရှည် ခြောက်မိုင်ရှိသော မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့မှ စီမံခန့်ခွဲသည့်လမ်းဖြစ်ပါကြောင်း၊ အဆိုပါလမ်းကို ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်တွင် မန္တလေးတိုင်းဒေသကြီး ငွေလုံးငွေရင်းရန်ပုံငွေဖြင့် လမ်းအရှည် သုံးဖာလုံအား ကျောက်လမ်းပြုပြင်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ရန် ခွင့်ပြုပြီးဖြစ်ပါကြောင်း။

၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ်တွင် လမ်းအရှည် လေးဖာလုံအား ကတ္တရာခင်းခြင်း လုပ်ငန်းဆောင်ရွက်ရန် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ရန်ပုံငွေတွင် လျာထားသွားမည်ဖြစ်ပါကြောင်းနှင့် ကျန်ရှိသည့် ကျောက်လမ်းပိုင်းကိုလည်း ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်နိုင်ရန်အတွက် နှစ်အလိုက် လျာထားသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

တနင်္သာရီတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ်(၉) ဦးဉာဏ်ထွန်း၏ **တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် ကျွန်းစုမြို့နယ် ကံမော်ကျေးရွာအုပ်စု ကံမော်ကျွန်းပတ် ကျေးရွာချင်းဆက်လမ်း(ဝန်ပြေး - အဂျော်တောင်) မြေသားလမ်းအရှည် နှစ်မိုင်ကို ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင် ဆောင်ရွက်ပေးရန်နှင့် တောကာ - မော်ခေါင်းတုန်း ကျေးရွာချင်းဆက်လမ်းပေါ်ရှိ (၁၀၀ ပေ x ၁၂ ပေ x ၁၀ ပေ)ရှိ တံတားဟောင်းကို သံကူကွန်ကရစ်တံတားအဖြစ် ၂၀၂၇ - ၂၀၂၈ ဘဏ္ဍာရေးနှစ်တွင် အဆင့်မြှင့်တင်ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးမျိုးမြင့်က အဆိုပါလမ်းပိုင်းသည် ကံမော်-တောကာ - မော်ခေါင်းတုန်းလမ်းတွင်ပါဝင်ပြီး ကံမော်ကျေးရွာ၊ တောကာကျေးရွာနှင့် မော်ခေါင်းတုန်းကျေးရွာတို့သို့ ဆက်သွယ်ဖောက်လုပ်ထားသော လမ်းအရှည် မိုင်၂၀ ရှိသည့် တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့မှစီမံခန့်ခွဲသော လမ်းဖြစ်ပါကြောင်း၊ ကံမော်ကျွန်းပတ်ကျေးရွာချင်းဆက်လမ်း (ဝန်ပြေး-အဂျော်တောင်)လမ်းပိုင်းအား ၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ် တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ရန်ပုံငွေတွင် ပထမအဆင့်အနေဖြင့် အမာခံလမ်းအရှည် နှစ်မိုင်ရှိသည့်အနက် တစ်မိုင်ကို ကျောက်ခင်းလမ်း ဆောင်ရွက်နိုင်ရန် လျာထားသွားမည်ဖြစ်ပြီး ကျန်ရှိသော အမာခံလမ်းပိုင်းအား ကျောက်လမ်းခင်းခြင်းလုပ်ငန်းများကို နှစ်အလိုက် ဆက်လက်လျာထားသွားမည်ဖြစ်ပါကြောင်း။

ဒုတိယအဆင့်အနေဖြင့် ကျောက်လမ်းခင်းခြင်းလုပ်ငန်းအားလုံးပြီးစီးပါက ၁၂ ပေအကျယ် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ဆက်လက်ဆောင်ရွက်နိုင်ရန် နှစ်အလိုက် ရန်ပုံငွေတွင် လျာထားသွားမည်ဖြစ်ပါကြောင်း၊ ဒုတိယပိုင်းဖြစ်သည့် တောကာ-မော်ခေါင်းတုန်းလမ်းပိုင်းရှိ အလျား ပေ ၁၀၀၊ အကျယ် ၁၂ ပေ သစ်သားတံတားဟောင်းအား သံကူကွန်ကရစ်တံတားအဖြစ် အသစ်တည်ဆောက်နိုင်ရန် ပွင့်လင်းရာသီအချိန်တွင် ကွင်းဆင်းစစ်ဆေး၍ အကြိုအင်ဂျင်နီယာလုပ်ငန်းများ ဆောင်ရွက်ပြီး တံတား Design အတည်ပြုချက်ရရှိပြီး တံတားတည်ဆောက်ရန် လျာထားသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

မန္တလေးတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ်(၃) ဦးဟိန်းမင်းဦး၏ **မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မန္တလေးမြို့နှင့် မြန်မာနိုင်ငံမြောက်ပိုင်းမြို့များသို့ အဓိက ဆက်သွယ်ထားသော လမ်းမကြီးဖြစ်သည့် မန္တလေး - မိုးကုတ် - သပိတ်ကျင်း၊ တကောင်း - ထီးချိုင့် - ဗန်းမော် - မြစ်ကြီးနားလမ်းပေါ်ရှိ တံတားအမှတ်(၁/၆၈)အား အမြန်ဆုံး ပြန်လည်တည်ဆောက်ပေးရန်နှင့် တံတားတည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်နေစဉ်ကာလအတွင်း ပျက်စီးနေသော လမ်းလွှဲ လေးဖာလုံခန့်အား ပြုပြင်တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် အစီအစဉ်ရှိပါက မည်သည့်အချိန်၊ မည်သည့်ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးမျိုးမြင့်က တံတားအမှတ်(၁/၆၈) ဇရပ်ကွင်းတံတားသည် B.O.T စနစ်ဖြင့် ဆောင်ရွက်လျက်ရှိသည့် မန္တလေး-မိုးကုတ်လမ်း၊ မိုင်တိုင်(၆၇/၂)နှင့် (၆၇/၃) ကြားရှိ မတ္တရာမြို့နှင့် မိုးကုတ်မြို့ကြားတွင်တည်ရှိပြီး အကြမ်းဖက်ဖြစ်စဉ်များကြောင့် တံတားအပေါ်ထည် ကြမ်းခင်းပေါက်ပြဲပြီး ရေလယ်တိုင်တစ်တိုင် နိမ့်ကျပျက်စီးခဲ့ပါကြောင်း။

လမ်းပန်းဆက်သွယ်ရေး မပြတ်တောက်စေရန် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာနမှ အရှည် အပေ ၁၀၀ နှစ်လွှာတစ်ထပ် ယာယီဘေလီတံတားအား ဆောင်ရွက်ပြီးစီးခဲ့ပါကြောင်း၊ တံတားခံနိုင်ဝန် တန် ၃၀ ဖြင့် ယာဉ်များဖြတ်သန်းခွင့်ပြုခဲ့ပြီး တန် ၃၀ အထက်ယာဉ်များ ပေ ၂၀၀၀ ခန့်ရှိသော ယာယီလမ်းလွှဲမှ ဖြတ်သန်းသွားလာလျက်ရှိပါကြောင်း။

အဆိုပါတံတားနေရာတွင် တန် ၆၀ ခံနိုင်သည့် ပေ ၁၀၀ အရှည် နှစ်လမ်းသွား သံကူကွန်ကရစ်တံတား အသစ် တည်ဆောက်နိုင်ရေး ၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုရန်ပုံငွေဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပြီး ဇရပ်ကွင်းတံတားအသစ် မတည်ဆောက်မီနှင့် တည်ဆောက်စဉ်ကာလအတွင်း ယာယီလမ်းလွှဲမှ မော်တော်ယာဉ်များ ချောမွေ့စွာသွားလာနိုင်ရန် ကျောက်ရောမြေအဆင့်ထိ ပြုပြင်ထိန်းသိမ်းပေးနိုင်ရေး B.O.T ကုမ္ပဏီမှ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်နှင့် မလေးရှား၊ အင်ဒိုနီးရှား လွှတ်တော်များနှင့် ချစ်ကြည်ရင်းနှီးရေးအသင်းများ ဖွဲ့စည်းရန် လွှတ်တော်၏သဘောထားရယူရာ လွှတ်တော်က သဘောတူသဖြင့် အမျိုးသားလွှတ်တော်နှင့် မလေးရှား၊ အင်ဒိုနီးရှားလွှတ်တော်များနှင့် ချစ်ကြည်ရင်းနှီးရေးအသင်းများ ဖွဲ့စည်းမည်ဖြစ်ကြောင်း ကြေညာသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက **မြန်မာ-မလေးရှား လွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးရေးအသင်း**တွင် ဥက္ကဋ္ဌအဖြစ် ကယားပြည်နယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၉) ဒေါက်တာနိုင်လင်းနှင့် အတွင်းရေးမှူးအဖြစ် ဒုတိယဗိုလ်မှူးကြီး မျိုးမင်းသန့် တို့အပါအဝင် အဖွဲ့ဝင် ခုနစ်ဦး၊ **မြန်မာ-အင်ဒိုနီးရှားလွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးရေးအသင်း**တွင် ဥက္ကဋ္ဌအဖြစ် ဧရာဝတီတိုင်းဒေသကြီး ကိုယ်စားလှယ် အမှတ်(၈) ဦးအောင်တင်မြင့်နှင့် အတွင်းရေးမှူးအဖြစ် ဒုတိယဗိုလ်မှူးကြီး မျိုးမင်းသိန်းတို့ အပါအဝင် အဖွဲ့ဝင် ခုနစ်ဦးတို့၏ အမည်စာရင်းများကို လွှတ်တော်၏ အတည်ပြုချက်ရယူရာ အတည်ပြုသဖြင့် အမျိုးသားလွှတ်တော်နှင့် မလေးရှား၊ အင်ဒိုနီးရှား လွှတ်တော်များနှင့် ချစ်ကြည်ရင်းနှီးရေးအသင်းများဖွဲ့စည်းခြင်းနှင့် အသင်းများတွင်ပါဝင်သည့် ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်တို့၏ အမည်စာရင်းများကို အတည်ပြုကြောင်း ကြေညာသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်က အတည်ပြုပြီးပေးပို့ထားသော **အမျိုးသားလွှတ်တော် ရွေးကောက်ပွဲဥပဒေကို သတ္တမအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းနှင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေကို သတ္တမအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းများအား** ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်မပြုဘဲ သဘောတူကြောင်း ဆုံးဖြတ်ချက်ပေးပို့လာခြင်းကို လွှတ်တော်သို့ အသိပေးတင်ပြသည်။

ထို့နောက် **ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲဥပဒေကို သတ္တမအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

**တနင်္သာရီတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၁၀) ဦးသန်းအေး(ခ) ဦးတင်ဦး**က ပြင်ဆင်ချက်ဥပဒေကြမ်းတွင်ကျန်ရှိသည့် ပြင်ဆင်၊ ဖြည့်စွက်၊ အစားထိုးခြင်းများ မူလဥပဒေ ပုဒ်မ ၁၁ (ဥ)တွင် ရွေးကောက်ပွဲကုန်ကျစရိတ် စာရင်းတင်သွင်းရန်ပျက်ကွက်သူ လွှတ်တော်ကိုယ်စားလှယ်အား လွှတ်တော်ကိုယ်စားလှယ်အဖြစ် ဆက်လက်ရပ်တည်နိုင်ခွင့်မရှိစေရန် ဖြည့်စွက်ပြဋ္ဌာန်းခြင်း၊ မူလဥပဒေပုဒ်မ ၁၁ - က တွင် နိုင်ငံရေးပါတီတစ်ခု မှတ်ပုံတင်ထားခြင်းမှ ပယ်ဖျက်ခံရပါက ယင်းပါတီကိုယ်စားပြုလွှတ်တော်ကိုယ်စားလှယ်အား ကိုယ်စားလှယ်အဖြစ် ဆက်လက်ရပ်တည်ခွင့်မရှိတော့ကြောင်း ပြင်ဆင်ခြင်း၊ ပြင်ဆင်ချက်ဥပဒေကြမ်း ပုဒ်မ ၂၈ တွင် လွှတ်တော်ကိုယ်စားလှယ် အမည်စာရင်းထုတ်ပြန်ပြီးနောက် ကိုယ်စားလှယ်လောင်းအဖြစ်မှ နုတ်ထွက်နိုင်ခွင့်ရှိကြောင်း ပြင်ဆင်ခြင်း စသည့် ပြင်ဆင်၊ အစားထိုး ဖြည့်စွက်ပြဋ္ဌာန်းချက်များသည် ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်များကို ပိုမိုအဆင်ပြေစေသည့် ပြင်ဆင်ချက်များဖြစ်ပါကြောင်း၊ ထို့ကြောင့် ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲ ဥပဒေကို သတ္တမအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်မှ ဆက်လက်အတည်ပြုပေးသင့်ကြောင်း ထောက်ခံဆွေးနွေးသည်။

**ရှမ်းပြည်နယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၈) ခွန်စောလွင်**က ရွေးကောက်ပွဲတွင် နိုင်ငံရေးပါတီများမှ ဗဟိုအလုပ်အမှုဆောင်များ၊ လွှတ်တော်ကိုယ်စားလှယ်လောင်းများနှင့် ယင်းတို့၏ ကိုယ်စားလှယ်များကိုသာ မဲဆွယ်စည်းရုံးခွင့်ပေးထားပြီး အောက်ခြေအဆင့်ဆင့် ပါဝင်စည်းရုံးနိုင်ခွင့်ကို ကန့်သတ်ထားခြင်းသည် ဗဟိုကိုအခြေပြုထားခြင်းဖြစ်သောကြောင့် ဒီမိုကရေစီစံနှုန်းကို လျော့ကျစေခြင်း၊ နိုင်ငံရေးပါတီနှင့် ရွေးကောက်ပွဲအပေါ် လူထုစိတ်ဝင်စားမှု လျော့ကျစေနိုင်ခြင်း၊ ပါတီစုံဒီမိုကရေစီ ရှင်သန်ရေးကို အဟန့်အတားဖြစ်စေခြင်းတို့ကို ကြုံတွေ့ရနိုင်ပါကြောင်း၊ မြောက်မြားစွာသော မဲဆန္ဒနယ်များသို့ မဲဆွယ်စည်းရုံးရေးကို ဆောင်ရွက်ရန် လက်ရှိပါတီ အသီးသီး၏ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်အင်အားနှင့် မည်သို့မျှမဖြစ်နိုင်ပါကြောင်း၊ အလုပ်အမှုဆောင်တိုးချဲ့ဖွဲ့စည်းခြင်းကြောင့် ကော်မရှင်၏ ညွှန်ကြားချက်များနှင့် အခြားသော စုံစမ်းစစ်ဆေးရေးဆိုင်ရာ ဌာနစုံများက ပါတီအလုပ်အမှုဆောင်အဖွဲ့ဝင်များ၏ ပုဂ္ဂိုလ်ရေးဆိုင်ရာ နောက်ကြောင်းရာဇဝင်များ ရယူခြင်း စသည့်နောက်ဆက်တွဲ ရင်ဆိုင်နေရသည့် အခြေအနေရှိနေခြင်းတို့ကြောင့် လက်တွေ့မြေပြင်တွင် လုပ်ငန်းဆောင်ရွက်ရန် အခက်အခဲဖြစ်နေရသည်ကို တိုင်းရင်းသားပါတီများ အသိဆုံးပင်ဖြစ်ပါကြောင်း၊ မြေပြင်တွင် လုပ်ငန်းဆောင်ရွက်ကြရသည့် နိုင်ငံရေးပါတီအသီးသီးကလည်း ထိုအခက်အခဲကို သိရှိကြပါကြောင်း။

ထို့ကြောင့် ပါတီစုံဒီမိုကရေစီ ရှင်သန်အားကောင်းစေရေး၊ နိုင်ငံရေးပါတီများနှင့် ရွေးကောက်ပွဲအပေါ် လူထုယုံကြည်မှု အားကောင်းလာစေရေး၊ မျှတသော မဲဆွယ်စည်းရုံးနိုင်ခွင့်ရှိစေရေး၊ အားလုံးပါဝင်လှုပ်ရှားခွင့်ရှိသော မဲဆွယ်စည်းရုံးရေး ဆောင်ရွက်နိုင်စေရေးတို့အတွက် အဘက်ဘက်မှပြန်လည်သုံးသပ်ပြီး နိုင်ငံရေးပါတီများမှ ဗဟိုအလုပ်အမှုဆောင်များဆိုသည့်စကားရပ်အစား နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များဟု ဖြည့်စွက်ပြင်ဆင်သင့်ပါကြောင်း ဆွေးနွေးသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးခြင်းနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက ပြန်လည်ကြားနာဆောင်ရွက်သွားရန်ဆုံးဖြတ်ကြောင်း ကြေညာသည်။

ဆက်လက်၍ တတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး သတ္တမနေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေး အဋ္ဌမနေ့ကို အောက်တိုဘာ ၉ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းအဖွဲ့**

# လေးမျက်နှာမြို့နယ်နှင့် ရေကြည်မြို့နယ်များတွင် ရေများပြန်လည်ကျဆင်းသွားပြီဖြစ်သည့်အတွက် ပြည်သူ့ဆေးရုံများ ပြန်လည်ဖွင့်လှစ်

**နေပြည်တော် အောက်တိုဘာ ၅**

ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်အတွင်း ဇူလိုင် ၃၀ ရက် ညပိုင်းတွင် မိုးသည်းထန်စွာရွာသွန်းမှုနှင့် မြစ်ရေတိုက်စားမှုများကြောင့် ငဝန်မြစ်ရေကာတာ၏ အောက်ခံ မြစ်ကျိုးအင်းသဲကြောမှ ထူးပေါက်၍ လေးမျက်နှာမြို့နယ်နှင့် ရေကြည်မြို့နယ်များရှိ ရပ်ကွက်များအတွင်းသို့ ရေဝင်ရောက်မှုများ ဖြစ်ပွားခဲ့သဖြင့် အဆိုပါမြို့နယ်များရှိပြည်သူ့ဆေးရုံများ ယာယီပိတ်ထားခဲ့ရာမှ အောက်တိုဘာ ၁ ရက်တွင် ရေများပြန်လည်ကျဆင်းသွားသဖြင့် လေးမျက်နှာမြို့နယ် အိုင်သပြုတိုက်နယ်ဆေးရုံ၊ လေးမျက်နှာမြို့နယ် ပြည်သူ့ဆေးရုံနှင့် ရေကြည်မြို့နယ် ငါးသိုင်းချောင်း တိုက်နယ်ဆေးရုံများ ပြန်လည်ဖွင့်လှစ်၍ ကျန်းမာရေးစောင့်ရှောက်မှုပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါရေဝင်ရောက်ခဲ့သော လေးမျက်နှာမြို့နယ် အမှတ် (၁) ရပ်ကွက်၌ ပြည်သူ့ကျန်းမာရေးဝန်ထမ်းများက ရေဝင်နစ်မြုပ်ခဲ့သော ရေထွက်ပင်ရင်းများအား ကလိုရင်းဆေးခတ်ခြင်း၊ ပတ်ဝန်းကျင်သန့်ရှင်းရေးလုပ်ငန်း ဆောင်ရွက်ခြင်း၊ ကလိုရင်း သုံးကြိမ် ခတ်ထားပြီးသော ရေထွက်ပင်ရင်းများမှ ကောက်ယူထားသော ရေနမူနာများ၏ ကလိုရင်းအကြွင်း စစ်ဆေးခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။ **(ယာပုံ)**

လေးမျက်နှာမြို့နယ်တွင် ပြည်သူများ သန့်ရှင်းသော သောက်သုံးရေရရှိရေး ဆောင်ရွက်နေမှုကို ယမန်နေ့က ကျန်းမာရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ပါမောက္ခ ဒေါက်တာရဲမြင့်နှင့် အဖွဲ့သည် သွားရောက်ကြည့်ရှုစစ်ဆေးပြီး ပြည်သူ့ဆေးရုံရှိ ဆေးစတိုတွင် အရေးပေါ်နှင့် အခြေခံဆေးဝါးများ အလုံအလောက် ပြန်လည်ဖြည့်တင်းထားရှိရေး၊ အရေးပေါ် ခွဲစိတ်ခန်း၊ သားဖွားခန်းနှင့် ဓာတ်မှန်ခန်းများ အမြန်ဆုံး ပြန်လည်ဖွင့်လှစ်နိုင်ရေးနှင့် လတ်တလောပြုပြင်နေစဉ်အတွင်း အရေးပေါ် ခွဲစိတ်လူနာများအား အချိန်နှင့်တစ်ပြေးညီ လွှဲပြောင်းပေးနိုင်ရေး လူနာတင်ယာဉ်များ စီစဉ်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီး ကျော်စွာလင်း တိုက်ကြီးတပ်နယ်၊ အင်းတိုင်တပ်နယ်၊ ရဲမွန်တပ်နယ်တို့ရှိ သင်တန်းကျောင်းများအား လှည့်လည်ကြည့်ရှုစစ်ဆေး



**နေပြည်တော် အောက်တိုဘာ ၅**

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီး ကျော်စွာလင်းသည် ယနေ့နံနက်ပိုင်းတွင် တိုက်ကြီးတပ်နယ်ရှိ နယ်မြေခံ သင်တန်းကျောင်းသို့ သွားရောက်၍ နည်းပြအရာရှိ၊ စစ်သည်များနှင့် သင်တန်းသားများအား တွေ့ဆုံအမှာစကားပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့်အတူ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ၊ သင်တန်းကျောင်းမှ နည်းပြအရာရှိ၊ စစ်သည်များ၊ သင်တန်းသားများ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) က တွေ့ဆုံအမှာစကားပြောကြားရာတွင် တပ်မတော်အနေဖြင့် နိုင်ငံတော်အစိုးရ၏ ဦးဆောင်လမ်းညွှန်မှုအောက်တွင် နိုင်ငံတော်ကာကွယ်ရေးတာဝန်များ ထမ်းဆောင်လျက်ရှိကြောင်း၊ တိုင်းပြည်တည်ငြိမ်အေးချမ်းမှုရှိမှ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် တည်ငြိမ်အေးချမ်းရေးအတွက် လုံခြုံရေးလုပ်ငန်းများကို တပ်မတော်က တာဝန်ယူဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ လုံခြုံရေးတာဝန်များ ကျေပွန်အောင် ထမ်းဆောင်နိုင်ရန်အတွက် တပ်မတော်သည် အင်အားတောင့်တင်းခိုင်မာပြီး စွမ်းရည်ထက်မြက်နေရမည်ဖြစ်ကြောင်း။

နိုင်ငံတော်နှင့် တပ်မတော်မှဖြည့်ဆည်းပေးထားသော တိုက်စွမ်းအားနှင့် ခေတ်မီလက်နက်နည်းပညာများကို အပြည့်အဝအသုံးချနိုင်ရေး စွမ်းရည်ရှိသည့် တပ်မတော်သားများဖြစ်ရန် ယခုကဲ့သို့ စုဖွဲ့လေ့ကျင့်နေခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် လေ့ကျင့်သင်ကြားပေးနေသည့် စစ်ပညာများကို ကျွမ်းကျင်တတ်မြောက်စွာ အသုံးချနိုင်သည့် ကျန်းမာကြံ့ခိုင်သော တပ်မတော်သားများဖြစ်ရန် **လေ့လာ၊ လေ့ကျင့်၊ လိုက်နာ** ဆိုသည့် ဆောင်ပုဒ်နှင့်အညီ အမြဲတမ်းလေ့ကျင့်သွားကြရန်လိုကြောင်း၊ ပြောင်းလဲတိုးတက်နေသည့် စစ်ပညာနှင့် စစ်လက်နက်ပစ္စည်းများကို အမြဲလေ့လာနေရမည်ဖြစ်ပြီး စစ်မြေပြင်တွင် လက်တွေ့အသုံးချနိုင်ရန်လိုကြောင်း၊ ထို့ပြင် မိမိတို့ အသုံးပြုရသည့် စစ်အသုံးအဆောင်ပစ္စည်းများကို ကျွမ်းကျင်ပိုင်နိုင်စွာ ကိုင်တွယ်အသုံးချနိုင်ရေး အစဉ်တစိုက် လေ့ကျင့်နေကြရန်လိုကြောင်း၊ ခေတ်သစ်စစ်နည်းဗျူဟာများ၊ စစ်လက်နက်ပစ္စည်းများကို အမြဲလေ့လာမှတ်သားပြီး မိမိတို့နိုင်ငံနှင့် ကိုက်ညီသည့် စစ်နည်းဗျူဟာများအတိုင်း လိုက်နာဆောင်ရွက်သွားကြရန်လိုကြောင်း။

မိမိတို့ တပ်မတော်သည် တိုင်းရင်းသားအားလုံး ပါဝင်ဖွဲ့စည်းထားသည့် ပြည်ထောင်စုမျိုးချစ် တပ်မတော်ဖြစ်ကြောင်း၊ တပ်မတော်အတွင်းရှိ တပ်ဖွဲ့အားလုံးသည် ခြေလျင်၊ လက်ရုံးမခွဲခြားဘဲ အမြဲတိုက်ပွဲဝင်အသင့်ဖြစ်နေစေရေး လေ့ကျင့်ဆောင်ရွက်နေကြရမည်ဖြစ်ကြောင်း၊ တပ်မတော်သားများအနေဖြင့် မိမိတို့လုပ်ဆောင်ရမည့်တာဝန်များကို ကောင်းမွန်ကျေပွန်စွာ ထမ်းဆောင်ခြင်းအားဖြင့် တပ်မတော်၏အရည်အသွေး၊ တပ်မတော်၏ အဆင့်အတန်းကို ထိန်းသိမ်းကြရမည်ဖြစ်ကြောင်း။

တပ်မတော်သားများဖြစ်သည့်အတွက် ထုတ်ပြန်ထားသည့် အမိန့်နှင့် ညွှန်ကြားချက်များ၊ ဥပဒေ စည်းမျဉ်းစည်းကမ်းများကို တိကျစွာလိုက်နာရန် လိုကြောင်း၊ မူးယစ်ဆေးဝါးကိစ္စ၊ အပျော်အပါးနှင့် လောင်းကစားဆိုင်ရာကိစ္စရပ်များတွင် ပါဝင်ပတ်သက်မှုမရှိစေရေး ထိန်းသိမ်းကြပ်မတ် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

နိုင်ငံတော်ကာကွယ်ရေးတာဝန်သည် နိုင်ငံသားတိုင်း မဖြစ်မနေထမ်းဆောင်ကြရမည့် တာဝန်ဖြစ်သည့်အတွက် ပြည်သူ့စစ်မှုထမ်းသင်တန်းများကို စနစ်တကျဖြင့် အဆင့်အတန်းမီစွာ လေ့ကျင့်သင်ကြားပေးလျက်ရှိပြီး သင်တန်းဆင်း နိုင်ငံ့သားကောင်း ပြည်သူ့စစ်မှုထမ်းများအနေဖြင့် တပ်ရင်း/တပ်ဖွဲ့များတွင် တာဝန်ထမ်းဆောင်လျက်ရှိကြရာ ပေးအပ်သည့်တာဝန်များကို နောင်တော်တပ်မတော်သားများနှင့် လက်တွဲကာ နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ထူးချွန်ပြောင်မြောက်စွာ ထမ်းဆောင်လျက်ရှိကြောင်း၊ အမြဲတမ်းစစ်မှုထမ်းများအနေဖြင့် တပ်မတော်မှထုတ်ပြန်ထားသည့် စည်းမျဉ်းစည်းကမ်းများနှင့်အညီ တစ်ဦးချင်းစီက စံနမူနာပြနေထိုင်ကျင့်ကြံလိုက်နာ၍ လေးစားယုံကြည်ရသူများ ဖြစ်ရန်လိုအပ်ပြီး ပြည်သူ့စစ်မှုထမ်းများကို ညီအစ်ကိုစိတ်ဓာတ်ဖြင့် လက်တွဲခေါ်ဆောင်ကြဖို့ လိုကြောင်း၊ "ရဲဘော်စိတ်" ဆိုသည်မှာ ရဲဘော်အချင်းချင်းအပေါ်ထားရှိသော မေတ္တာတရား၊ သံယောဇဉ်တရား၊ သစ္စာစောင့်သိမှုတရားများဖြစ်၍ သေအတူရှင်မကွာဆိုသည့်စိတ် သာအတူနာအတူဆိုသည့်စိတ်ထား ခံယူချက်များ ထားရှိသွားရန်လိုကြောင်း၊ တပ်မတော်သားများသည် သစ္စာ ၄ ချက်ကို ရွတ်ဆိုထားသူများဖြစ်သည့်အတွက် သစ္စာစောင့်သိ၊ သစ္စာရှိရန် လိုကြောင်း။

နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ထမ်းဆောင်နိုင်ရန်အတွက် တစ်ဦးတစ်ယောက်ချင်းစီအလိုက် ကြံ့ခိုင်သန်စွမ်းမှုရှိစေရေး လေ့ကျင့်နေရမည်ဖြစ်ပြီး မိမိတို့တစ်ဦးချင်း နေ့စဉ်လုပ်ဆောင်ရမည့် သမားစဉ်လုပ်ငန်းတာဝန်များကို မှန်မှန်ကန်ကန်လုပ်ဆောင်၍ လေ့ကျင့်နေကြရန်လိုကြောင်းဖြင့် ပြောကြားသည်။

၎င်းနောက် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် အဖွဲ့ဝင်များသည် တွေ့ဆုံပွဲသို့တက်ရောက်လာကြသည့် သင်တန်းကျောင်းမှ နည်းပြအရာရှိ၊ စစ်သည်များ၊ သင်တန်းသားများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ထို့နောက် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် အဖွဲ့ဝင်များသည် နယ်မြေခံသင်တန်းကျောင်းရှိ သင်တန်းသားစားရိပ်သာတွင် သင်တန်းသားများနှင့်အတူ နေ့လယ်စာအတူတကွ သုံးဆောင်ပြီး သင်တန်းသားများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ယင်းနောက် ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် အဖွဲ့ဝင်များသည် တိုက်ကြီးတပ်နယ်နှင့် အင်းတိုင်တပ်နယ်တို့ရှိ နယ်မြေခံသင်တန်းကျောင်းများမှ သင်တန်းသားအိပ်ဆောင်များ၊ စားရိပ်သာများနှင့် စားချက်ဆောင်များ စနစ်တကျရှိစေရေး လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးသည်။ ထို့နောက် ပြည်သူ့စစ်မှုထမ်းသင်တန်းသားများ သင်ခန်းစာလေ့ကျင့်သင်ကြားပေးနေမှုများကို လိုက်လံကြည့်ရှုအားပေးသည်။

ဆက်လက်၍ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီး ကျော်စွာလင်းနှင့်အဖွဲ့ဝင်များသည် အင်းတိုင်တပ်နယ်ရှိ တပ်မတော်ကိုယ်ခံပညာနှင့်အားကစားသိပ္ပံသို့ရောက်ရှိကြပြီး သင်တန်းသားအိပ်ဆောင်၊ စားရိပ်သာ၊ အားကစားခန်းမများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး အားကစားရုံအတွင်း သင်တန်းများအလိုက် လေ့ကျင့်သင်ကြားနေမှုများကို ကြည့်ရှုအားပေးကာ လိုအပ်သည်များအား တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထို့နောက် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့်အဖွဲ့ဝင်များသည် နယ်မြေခံတပ်မတော် လူငယ်ပညာရေးသင်တန်းကျောင်း (ရဲမွန်)သို့ သွားရောက်၍ Grade-10၊ Grade-11၊ Grade-12 တို့တွင် ကျောင်းသားများ တက်ရောက်ပညာသင်ကြားနေမှုများကို လိုက်လံကြည့်ရှုအားပေးပြီး(**အပေါ်ဝဲပုံ**) ကျောင်းသားများနှင့် ဆရာ၊ ဆရာမများအတွက် အသုံးအဆောင်ပစ္စည်းများနှင့် ချီးမြှင့်ငွေများ ပေးအပ်သည်။ ယင်းနောက် သင်တန်းကျောင်း စားရိပ်သာနှင့် စားချက်ဆောင်များအား လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)

---

# နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် စစ်ဆင်ရေးတာဝန်များကို ထမ်းဆောင်ခဲ့သည့် ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုပွဲအခမ်းအနား ကျင်းပ



**နေပြည်တော် အောက်တိုဘာ ၅**

နိုင်ငံတော် တည်ငြိမ်ရေးနှင့် နယ်မြေ အေးချမ်းသာယာရေးအတွက် နယ်မြေလုံခြုံရေး တာဝန်များကို ထမ်းဆောင်၍ ပြန်လည် ရောက်ရှိလာသော ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကယားပြည်နယ် ငွေတောင်မြို့ရှိ နယ်မြေခံ တပ်ရင်း၌ပြုလုပ်ရာ လွိုင်ကော်တပ်နယ်မှ တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဆရာ ဆရာမများ၊ တိုင်းရင်းသားရိုးရာယဉ်ကျေးမှု အကအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ တက်ရောက်ကြသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင် စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ် စည်းစိမ်ဥစ္စာ လုံခြုံမှုရှိစေရေး၊ နိုင်ငံတော် တည်ငြိမ်ရေး၊ နယ်မြေအေးချမ်းသာယာရေးအတွက် ရှေ့တန်းစစ်မျက်နှာများတွင် စစ်ဆင်ရေးတာဝန်များကို မိဝေးဖဝေး၊ မိသားစုများနှင့် ဝေးကွာ၍ နေ့မအား၊ ညမနား စွမ်းစွမ်းတမံ တာဝန် ထမ်းဆောင်ခဲ့သော ရှေ့တန်းပြန် တပ်မတော်သားများအား လွိုင်ကော်တပ်နယ်မှ တာဝန်ရှိသူများနှင့် တက်ရောက်လာကြသူများက အောင်ပန်းကုံးများ၊ အောင်သပြေခက်ကမ်း၍ လည်းကောင်း၊ တိုင်းရင်းသားရိုးရာ အတီး၊ အမှုတ်၊ အက၊ အခုန်များဖြင့် လည်းကောင်း သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

---

## နေရာကွက်၍ မိုးကြီးနိုင်

**နေပြည်တော် အောက်တိုဘာ ၅**

ရှေ့ဝတီ တိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ ရှမ်းပြည်နယ် (တောင်ပိုင်းနှင့် အရှေ့ပိုင်း)တွင် နေရာစိပ်စိပ်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာပြီး နေပြည်တော်နှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

**မိုး/ဇလ**

# ၂၀၂၆ ခုနှစ် ကမ္ဘာ့ဆရာများနေ့ အခမ်းအနားကျင်းပ

**နေပြည်တော် အောက်တိုဘာ ၅**

၂၀၂၆ ခုနှစ် ကမ္ဘာ့ဆရာများနေ့အခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် ရန်ကုန်တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ အဂ္ဂမဟာ သရေစည်သူ အဂ္ဂမဟာသီရိသုဓမ္မ ဦးမင်းအောင်လှိုင်ထံမှ ၂၀၂၆ ခုနှစ် ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာကို ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန်က ဖတ်ကြားသည်။

ထို့အတူ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့ လေးဖွဲ့၏ အဖွဲ့ခေါင်းဆောင်များက ပေးပို့သော စုပေါင်းသဝဏ်လွှာကို ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာမေစန်းရီက ဖတ်ကြားသည်။

အဆိုပါအခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် ဂုဏ်ထူးဆောင်ပုဂ္ဂိုလ်ကြီးများနှင့် ထူးချွန်ဆရာများအားလည်းကောင်း၊ ဒုတိယဝန်ကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ တာဝန်ရှိသူများက ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ်စာစီစာကုံး၊ ကဗျာနှင့် ဆောင်းပါးပြိုင်ပွဲတို့တွင် ဆုရရှိသူများနှင့် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်များ၌ စံပြဆုရရှိခဲ့သည့် ဆရာ ဆရာမ၊ ဝန်ထမ်းများကိုလည်းကောင်း ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ကြသည်။

ကမ္ဘာ့ဆရာများနေ့အခမ်းအနားကို နှစ်စဉ် အောက်တိုဘာ ၅ ရက်တွင် ကမ္ဘာ့နိုင်ငံများ၌ ကျင်းပကြပြီး ယနေ့ကျင်းပသည့် ကမ္ဘာ့ဆရာများနေ့အခမ်းအနားတွင် ဂုဏ်ထူးဆောင် ဆရာကြီး၊ ဆရာမကြီး ၁၀ ဦး၊ ထူးချွန်ဆုရရှိသူ ဆရာ ဆရာမ ငါးဦးအပါအဝင် ဂုဏ်ပြုဆုရရှိသူ ဆရာဆရာမနှင့် ကျောင်းသား ကျောင်းသူ စုစုပေါင်း ၆၆ ဦးတို့ကို ဆုချီးမြှင့်ခဲ့ကြောင်း သိရသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်၊ တိုင်းဒေသကြီး ကရင်တိုင်းရင်းသားရေးရာဝန်ကြီးတို့နှင့်အတူ ရန်ကုန်တက္ကသိုလ် CRI တွင် ကျင်းပသော Area Studies Centre ဖွင့်ပွဲကို တက်ရောက်ဖွင့်လှစ်ပေးပြီး မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး၊ တရုတ်နှင့် ကိုရီးယားသံရုံးများမှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံ ဝိဇ္ဇာနှင့်သိပ္ပံပညာရှင်အဖွဲ့ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌများ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များနှင့်အတူ Area Studies Centre အတွင်း ကြည့်ရှုအားပေးကာ အဆိုပါ အဆောက်အအုံခန်းမတွင် ကျင်းပသည့် China Studies Conference 2026 ကို တက်ရောက်ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ မြန်မာနိုင်ငံစာစစ်ဦးစီးဌာန ရန်ကုန်ရုံးခွဲသို့သွားရောက်၍ ယခုနှစ်တွင် စတင်အကောင်အထည်ဖော်ဆောင်ရွက်သည့် online booking စနစ်ဖြင့် အမှတ်စာရင်းများ၊ အောင်လက်မှတ်များ စနစ်တကျထုတ်ပေးနေမှုနှင့် စာမေးပွဲဆိုင်ရာ မှတ်တမ်းများ ထိန်းသိမ်းထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်



# ပဲခူးမြို့၌ ၂၀၂၆ ခုနှစ် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ်အခမ်းအနားကျင်းပ

**ပဲခူး အောက်တိုဘာ ၅**

၂၀၂၆ ခုနှစ် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ပဲခူးမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့် ဇနီး၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌနှင့်ဇနီး၊ တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။



ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ အဂ္ဂမဟာသရေစည်သူ အဂ္ဂမဟာသီရိသုဓမ္မ ဦးမင်းအောင်လှိုင်ထံမှ ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ်အခမ်းအနားသို့ပေးပို့သည့် သဝဏ်လွှာကိုဖတ်ကြားပြီး တိုင်းဒေသကြီး ပညာရေးမှူးက ကုလသမဂ္ဂလက်အောက်ခံအဖွဲ့လေးဖွဲ့၏ အဖွဲ့ခေါင်းဆောင်များက ပေးပို့သော စုပေါင်းသဝဏ်လွှာကို ဖတ်ကြားသည်။

ထို့နောက် ကျောင်းသား ကျောင်းသူများက "အာစရိယဂုဏော အနန္တော" သီချင်းနှင့် "တို့ဆရာ" သီချင်းတို့ဖြင့် သီဆိုဖျော်ဖြေခဲ့ကြကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေ

**နေပြည်တော် အောက်တိုဘာ ၅**

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။ **မိုး/ဇလ**

# မုံရွာမြို့၌ ၂၀၂၆ ခုနှစ် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ်အခမ်းအနားကျင်းပ

**မုံရွာ အောက်တိုဘာ ၅**

စစ်ကိုင်းတိုင်းဒေသကြီး ၂၀၂၆ ခုနှစ် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် မုံရွာမြို့ အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း သလ္လာဝတီခန်းမ၌ ကျင်းပရာ အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက "လမ်းပြကြယ်" တေးသီချင်းဖြင့် အခမ်းအနားကို ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ အဂ္ဂမဟာသရေစည်သူ အဂ္ဂမဟာ သီရိသုဓမ္မ ဦးမင်းအောင်လှိုင်ထံမှ ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ်အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာကို စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးကိုလေးက ဖတ်ကြားပြီး ကုလသမဂ္ဂလက်အောက်မှ အဖွဲ့လေးဖွဲ့၏ အဖွဲ့ခေါင်းဆောင်များမှ ပေးပို့သည့် စုပေါင်းသဝဏ်လွှာကို တိုင်းဒေသကြီး ပညာရေးမှူးက ဖတ်ကြားသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းဒေသကြီး တရားသူကြီးချုပ်နှင့် တိုင်းဒေသကြီးဝန်ကြီးများက ကန်တော့ခံဆရာကြီး၊ ဆရာမကြီးများအား ပူဇော်ကန်တော့ကြပြီး ၂၀၂၆ ခုနှစ် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် တိုင်းဒေသကြီးအဆင့် အထက်တန်း၊ အလယ်တန်း စာစီစာကုံးပြိုင်ပွဲနှင့် ကဗျာပြိုင်ပွဲများတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိကြသည့် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုချီးမြှင့်ငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ကာ ခန်းမအတွင်း ခင်းကျင်းပြသထားသည့် ၂၀၂၆ ခုနှစ် ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် တိုင်းဒေသကြီးအဆင့် အထက်တန်း၊ အလယ်တန်း ဆုရစာစီစာကုံးများနှင့် ကဗျာများကို လှည့်လည်ကြည့်ရှုခဲ့သည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**





# မကွေးမြို့၌ ၂၀၂၆ ခုနှစ် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ်အခမ်းအနားကျင်းပ

**မကွေး အောက်တိုဘာ ၅**

၂၀၂၆ ခုနှစ် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် မကွေးမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ အမှတ်(၄) အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက "မြတ်ဆရာ" သီချင်းဖြင့် အခမ်းအနားကို ဖွင့်လှစ်ပေးကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ အဂ္ဂမဟာ သရေစည်သူ အဂ္ဂမဟာသီရိသုဓမ္မ ဦးမင်းအောင်လှိုင်ထံမှ ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ်အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာကို မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်ကိုကိုက ဖတ်ကြားပြီး ကုလသမဂ္ဂလက်အောက်ခံအဖွဲ့လေးဖွဲ့၏ အဖွဲ့ခေါင်းဆောင်များမှ ပေးပို့သော စုပေါင်းသဝဏ်လွှာကို တိုင်းဒေသကြီး ပညာရေးမှူးက ဖတ်ကြားသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ၂၀၂၆ ခုနှစ် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် တိုင်းဒေသကြီးအဆင့် ဆောင်းပါးပြိုင်ပွဲ၊ စာစီစာကုံးပြိုင်ပွဲ၊ ကဗျာပြိုင်ပွဲများတွင် ဆုရရှိကြသူများ၊ ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် ထူးချွန်ဆရာအဖြစ် ရွေးချယ်ခံရသော ဆရာကြီးနှင့် အလယ်တန်းဆင့်၊ မူလတန်းဆင့် ဆောင်းပါးပြိုင်ပွဲများတွင် ဆုရရှိအောင် သင်ကြားပေးခဲ့သော ဆရာ ဆရာမများအား ဆုများပေးအပ်ချီးမြှင့်ကြပြီး တိုင်းဒေသကြီး ပညာရေးဦးစီးဌာနတွင် တာဝန်ထမ်းဆောင်ခဲ့သော အသက်(၇၅)နှစ်နှင့်အထက် အငြိမ်းစားဆရာကြီး၊ ဆရာမကြီးများအား ဂါရဝပြုလက်ဆောင်များ ပေးအပ်ကြသည်။

ယင်းနောက် ကျောင်းသား ကျောင်းသူများက "အပြုံးလှတဲ့ဆရာ" သီချင်း၊ " ခွင့်လွှတ်ပါဆရာ" သီချင်းများဖြင့် တေးသရုပ်ဖော် ကပြဖျော်ဖြေတင်ဆက်ကြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကာ ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် ခင်းကျင်းပြသထားသော ပြခန်းငယ်များကို လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရသည်။

**မောင်ခိုင်မင်း(ပြန်/ဆက်)**

# မြန်မာနိုင်ငံ၏ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးလမ်းခရီးနှင့် ရေရှည်တည်တံ့သော စွမ်းအင်မဟာဗျူဟာ

**မိမိတို့နိုင်ငံ၏ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးလမ်းခရီးတွင် လျှပ်စစ်ကဏ္ဍသည် အသက်သွေးကြောကဲ့သို့ အလွန်အမင်း အရေးပါလျက်ရှိကာ ရေရှည်တည်တံ့သော စွမ်းအင်လိုအပ်ချက်များကို ဖြေရှင်းရာတွင် ရေအားလျှပ်စစ်ကဏ္ဍသည် အသင့်တော်ဆုံးနှင့် အကောင်းဆုံးသော မဟာဗျူဟာမြောက် အဖြေတစ်ခုအဖြစ် ခိုင်မာစွာ ရပ်တည်လျက်ရှိပါသည်။**

**ကောင်းပြည့်**

> **ရေအားလျှပ်စစ်စီမံကိန်းများကို အကောင်အထည်ဖော်ရာတွင် စီမံကိန်းဧရိယာအတွင်းရှိ ဒေသခံပြည်သူများ၏ အကျိုးစီးပွားနှင့် လူမှုဖူလုံရေးကို ဦးစားပေးလုပ်ဆောင်ခြင်းသည် ရေရှည်တည်တံ့ခိုင်မြဲသော ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကအကျဆုံးသော အုတ်မြစ်တစ်ခု ဖြစ်ပါသည်။ မြစ်ဆုံရေအားလျှပ်စစ်စီမံကိန်းကြောင့် ဒေသခံပြည်သူများ အထူးသဖြင့် ကချင်ပြည်နယ်အတွက် ခေတ်မီအဆောက်အအုံများ၊ လမ်းပန်းဆက်သွယ်ရေး၊ သန့်ရှင်းသောသောက်သုံးရေ၊ လျှပ်စစ်မီး၊ ကျန်းမာရေးနှင့် ပညာရေးဆိုင်ရာ အခြေခံ အဆောက်အအုံများ ပါဝင်ကောင်းမွန်သည့် ပြန်လည်နေရာချထားရေး အစီအမံများကို အပြည့်အဝခံစားရရှိစေမည်ဖြစ်**

နိုင်ငံတော်အစိုးရအနေဖြင့် တာဝန်ယူချိန်မှစတင်၍ **“တိုင်းပြည်တည်ငြိမ်အေးချမ်းမှု ရရှိရေး”**နှင့် **“ဖွံ့ဖြိုးတိုးတက်မှုရရှိရေး”** ဆိုသည့် ဦးစားပေးရည်မှန်းချက် နှစ်ရပ်ကို အရှိန်အဟုန်မြှင့် ဖော်ဆောင်လျက်ရှိရာတွင် ဤစွမ်းအင်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုသည် အဓိက မောင်းနှင်အားတစ်ခုအဖြစ် အခိုင်အမာတည်ရှိနေပါသည်။

**နိုင်ငံတစ်ဝန်းရှိ စက်မှုဇုန်ကြီးများ၊ အသေးစားနှင့် အလတ်စားလုပ်ငန်းငယ်များအပြင် ပြည်သူတစ်ရပ်လုံး၏ နေ့စဉ်ဘဝလှုပ်ရှားမှုများအတွက် တည်ငြိမ်ပြီး လုံလောက်သော လျှပ်စစ်စွမ်းအင်ကို အပြည့်အဝဖြည့်ဆည်းပေးနိုင်ရေးသည် လက်ရှိအချိန်တွင် မြန်မာနိုင်ငံ ရင်ဆိုင်ကျော်ဖြတ်ရမည့် အဓိကကျပြီး အရေးအကြီးဆုံး စိန်ခေါ်မှုတစ်ရပ်ဖြစ်နေပေရာ ဤမဟာဗျူဟာမြောက် လိုအပ်ချက်များကို ဉာဏ်ပညာရှိရှိဖြင့် ဟန်ချက်ညီညီ ဖော်ဆောင်သွားရန် အထူးပင် လိုအပ်ပါသည်။**

နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူလူထု၏ လူနေမှုအဆင့်အတန်း မြင့်မားစေရေးအတွက် လျှပ်စစ်ဓာတ်အား လုံလောက်စွာရရှိရေးက အလွန်အရေးကြီးပါသည်။

### နိုင်ငံတော်အတွက် လျှပ်စစ်ဓာတ်အား အပြည့်အဝ ဖြည့်ဆည်းပေးနိုင်မည်

ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံများသည် ရေရှည်စဉ်ဆက်မပြတ် ဓာတ်အားထုတ်လုပ်ရန် အရေးကြီးသဖြင့် ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်ကာ ဧရာဝတီမြစ်ကြီးပေါ်တွင်လည်း ဓာတ်အားပေးစက်ရုံများ တည်ဆောက်နိုင်ရေး လေ့လာမှုလုပ်ငန်းများ စဉ်ဆက်မပြတ်ဆောင်ရွက်နေရမည် ဖြစ်ပါသည်။ ထို့ပြင် မြစ်ဆုံစီမံကိန်းအပါအဝင် လျှပ်စစ်စီမံကိန်းများကို ဆောလျင်စွာ အကောင်အထည်ဖော်နိုင်ပါက နိုင်ငံတော်အတွက် လိုအပ်သည့် လျှပ်စစ်ဓာတ်အားများကို အပြည့်အဝ ဖြည့်ဆည်းပေးနိုင်မည်ဖြစ်ပြီး ပြည်သူလူထု၏ လူမှုစီးပွားဘဝ အဆင့်အတန်း မြင့်မားစေမည်ဖြစ်ပါသည်။

နိုင်ငံတော်အတွက် လိုအပ်သည့် လျှပ်စစ်ဓာတ်အားများကို ရရှိနိုင်မည့် နည်းလမ်းမျိုးစုံဖြင့် ရှာဖွေရာတွင် ကျောက်မီးသွေးသုံး လျှပ်စစ်ဓာတ်အားပေးလုပ်ငန်းနှင့် နျူကလီးယား စွမ်းအင်သုံး လုပ်ငန်းများကိုပါ ထည့်သွင်းစဉ်းစားလျက်ရှိကြောင်း သိရပါသည်။ ၂၀၃၀ ပြည့်နှစ်တွင် တစ်နိုင်ငံလုံး လျှပ်စစ်ဓာတ်အားရရှိရေးစီမံချက် ပြည့်မီစေရန်အတွက် ၆၆၀ မဂ္ဂါဝပ်အထိ ထွက်ရှိမည့်၊ သဘာဝပတ်ဝန်းကျင် ထိခိုက်မှုကို အနည်းဆုံးဖြစ်စေမည့် အဆင့်မြင့်ပညာသုံး ကျောက်မီးသွေးဓာတ်အားပေးစက်ရုံကို ငါးနှစ်အတွင်း အဆင့်လိုက် တည်ဆောက်သွားမည့်အပြင် နျူကလီးယားစွမ်းအင်သုံး ဓာတ်အားပေးစက်ရုံ တည်ဆောက်ရေးကိုလည်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရပါသည်။

**နိုင်ငံတော်၏ စက်မှုလက်မှုကဏ္ဍ သိသာထင်ရှားစွာ မြင့်မားလာစေရန်နှင့် မြို့ပြဒေသများသာမက ဝေးလံခေါင်သီသော ကျေးလက်ဒေသများပါ ကျယ်ကျယ်ပြန့်ပြန့် ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် သန့်ရှင်းပြီး စွမ်းအားပြည့်ဝသော လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးမှာ မရှိမဖြစ် လိုအပ်ချက်တစ်ခု ဖြစ်လာပါသည်။ စွမ်းအင်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုမရှိဘဲ ဘက်စုံဖွံ့ဖြိုးတိုးတက်မှုကို အကောင်အထည်ဖော်ရန် မဖြစ်နိုင်ပါ။ သဘာဝပတ်ဝန်းကျင်နှင့် ကိုက်ညီပြီး ပြန်လည်ပြည့်ဖြိုးမြဲဖြစ်သော ရေအားလျှပ်စစ်ကဲ့သို့သော စွမ်းအင်အရင်းအမြစ်များကို စနစ်တကျဖော်ထုတ်အသုံးချသွားခြင်းအားဖြင့် နိုင်ငံ၏ စီးပွားရေးတည်ငြိမ်မှုနှင့် ရေရှည်တိုးတက်မှုကို အဓိကကျောရိုးသဖွယ် အကောင်းဆုံး ထောက်ပံ့ပေးနိုင်မည် ဖြစ်ပါသည်။**

ထိုသို့အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ခေတ်မီအင်ဂျင်နီယာ နည်းပညာများ၊ အဆင့်မြင့် စံချိန်စံညွှန်းများနှင့် နိုင်ငံတကာ အတွေ့အကြုံများကို အပြည့်အဝအသုံးချနိုင်ရန်အတွက် မိတ်ဖက်နိုင်ငံများနှင့် ကျွမ်းကျင်ပညာရှင်များ အဖွဲ့အစည်းများက နီးကပ်စွာ ပူးပေါင်းဆောင်ရွက်လျက်ရှိရာ ရေရှည်တည်တံ့ခိုင်မြဲမည့် အောင်မြင်သော စီမံကိန်းတစ်ခုဖြစ်လာစေရန် **ဧရာဝတီမြစ်ဆုံ ရေအားလျှပ်စစ်စီမံကိန်း**ကို အကောင်းဆုံး ဦးတည်လျက်ရှိပါသည်။

ဤကဲ့သို့သော ကြီးမားသည့် စွမ်းအင်စီမံကိန်းကြီးများမှ အောင်မြင်စွာထွက်ရှိလာမည့် ဓာတ်အားများသည် နိုင်ငံတော်၏ ပြည်တွင်းစွမ်းအင်လုံခြုံရေးကို ရေရှည်ခိုင်မာစေမည့် အဓိက အုတ်မြစ်တစ်ခုအဖြစ်သို့ ရောက်ရှိစေမည် ဖြစ်ပါသည်။ စက်မှုဇုန်ကြီးများတွင် လျှပ်စစ်မီးပြတ်တောက်မှုမရှိဘဲ စဉ်ဆက်မပြတ်ချောမွေ့စွာ လည်ပတ်လာနိုင်ခြင်းအားဖြင့် ကုန်ထုတ်လုပ်မှုကဏ္ဍများ အရှိန်အဟုန်ဖြင့် မြင့်တက်လာကာ နိုင်ငံတကာဈေးကွက်များနှင့် ရင်ပေါင်တန်း ယှဉ်ပြိုင်နိုင်စွမ်းများကိုပါ အပြည့်အဝ ပိုင်ဆိုင်လာစေမည် ဖြစ်ပါသည်။

### ခေတ်မီနည်းပညာသုံး စီးပွားရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်သွားနိုင်မည်

ထို့ပြင် ကျေးလက်ဒေသများအထိပါ လျှပ်စစ်မီးကို ကျယ်ကျယ်ပြန့်ပြန့် ဖြန့်ဖြူးပေးနိုင်ခြင်းဖြင့် ပြည်သူတစ်ရပ်လုံး၏ နေ့စဉ်လူမှုဘဝ အရည်အသွေးများ မြင့်မားလာကာ ပညာရေး၊ ကျန်းမာရေးနှင့် ခေတ်မီနည်းပညာသုံး စီးပွားရေးလုပ်ငန်းများကို ပိုမိုကျယ်ပြန့်စွာ တိုးချဲ့ဆောင်ရွက်သွားနိုင်မည် ဖြစ်ပါသည်။

စီမံကိန်းကို ဒေသတွင်းနိုင်ငံများနှင့် ရေရှည်အကျိုးတူ ပူးပေါင်းတည်ဆောက်ခြင်းသည် နိုင်ငံတော်အတွက် နိုင်ငံခြားဝင်ငွေများကို တိုးမြှင့်ရှာဖွေပေးနိုင်ရုံသာမက နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုပါ ဖိတ်ခေါ်နိုင်သည့် အလားအလာကောင်းများကို ဖန်တီးပေးနိုင်မည်ဖြစ်ပါသည်။ အိမ်နီးချင်း မိတ်ဖက်နိုင်ငံများနှင့် နည်းပညာ၊ အရင်းအနှီးနှင့် ဈေးကွက်များကို အနီးကပ်ချိတ်ဆက် ဆောင်ရွက်ခြင်းအားဖြင့် နိုင်ငံ၏ စီးပွားရေးအခြေခံအဆောက်အအုံများကို ခေတ်မီဆန်းသစ်လာစေရန် အကောင်းဆုံး အထောက်အကူပြုမည် ဖြစ်ပါသည်။

ရေအားလျှပ်စစ်စီမံကိန်းများကို အကောင်အထည်ဖော်ရာတွင် စီမံကိန်းဧရိယာအတွင်းရှိ ဒေသခံပြည်သူများ၏ အကျိုးစီးပွားနှင့် လူမှုဖူလုံရေးကို ဦးစားပေးလုပ်ဆောင်ခြင်းသည် ရေရှည်တည်တံ့ခိုင်မြဲသော ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကအကျဆုံးသော အုတ်မြစ်တစ်ခု ဖြစ်ပါသည်။ **မြစ်ဆုံရေအားလျှပ်စစ်စီမံကိန်းကြောင့် ဒေသခံပြည်သူများ အထူးသဖြင့် ကချင်ပြည်နယ်အတွက် ခေတ်မီအဆောက်အအုံများ၊ လမ်းပန်းဆက်သွယ်ရေး၊ သန့်ရှင်းသောသောက်သုံးရေ၊ လျှပ်စစ်မီး၊ ကျန်းမာရေးနှင့် ပညာရေးဆိုင်ရာ အခြေခံအဆောက်အအုံများ ပါဝင်ကောင်းမွန်သည့် ပြန်လည်နေရာချထားရေး အစီအမံများကို အပြည့်အဝခံစားရရှိစေမည် ဖြစ်ပါသည်။**

ထို့ပြင် ဒေသခံတို့၏ ရိုးရာအသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို လေးစားတန်ဖိုးထားသည့်အပြင် ခေတ်မီစိုက်ပျိုးမွေးမြူရေးနှင့် အသက်မွေးဝမ်းကျောင်းသင်တန်းများကိုပါ ပံ့ပိုးဖန်တီးပေးခြင်းဖြင့် ဒေသခံတို့၏ လူမှုဘဝလုံခြုံရေးနှင့်အနာဂတ်အတွက် ခိုင်မာသောအာမခံချက်များကို အပြည့်အဝ ဖော်ဆောင်ပေးနိုင်မည်ဖြစ်ပါသည်။ စီမံကိန်းမှ ရရှိလာမည့် အကျိုးအမြတ်များနှင့် လျှပ်စစ်စွမ်းအင်များကို ဒေသခံပြည်သူများက ဦးစားပေး ခံစားခွင့်ရရှိစေမည့် **“အကျိုးတူပူးပေါင်းဆောင်ရွက်မှု”** စနစ်များကို ရှင်းလင်းခိုင်မာစွာ ဖော်ထုတ်ကျင့်သုံးသွားမည်ဖြစ်ပြီး ဝင်ငွေအချို့ကို ဒေသတွင်း ရေရှည်ဖွံ့ဖြိုးရေးရန်ပုံငွေများအဖြစ် သတ်မှတ်ကာ ဒေသခံများ၏ လူမှုဖူလုံရေးနှင့် မျိုးဆက်သစ်လူငယ်များအတွက် ပညာရေးရန်ပုံငွေများတွင် ပြန်လည်ရင်းနှီးမြှုပ်နှံပေးနိုင်မည်ဖြစ်ပါသည်။

ဧရာဝတီမြစ်ဆုံစီမံကိန်း အောင်မြင်စေရန်အတွက် လွတ်လပ်သော ပညာရှင်များ၏ သိပ္ပံနည်းကျ သုံးသပ်ချက်များနှင့် ပြည်သူလူထုအကြား ပွင့်လင်းမြင်သာစွာ တိုင်ပင်ဆွေးနွေးမှုများကို စနစ်တကျအကောင်အထည်ဖော်ရန် နိုင်ငံတော်က အလေးထား ဆောင်ရွက်လျက်ရှိပါသည်။

စီမံကိန်းဧရိယာ၏ တည်နေရာအနေအထား၊ ဘူမိဗေဒဆိုင်ရာ အချက်အလက်များနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ သက်ရောက်မှုများကို ဘက်လိုက်မှုကင်းစင်သော ပြည်တွင်း ပြည်ပ ဘူမိဗေဒပညာရှင်များ၊ သဘာဝပတ်ဝန်းကျင် ကျွမ်းကျင်သူများနှင့် လွတ်လပ်သော သုတေသီများ ပါဝင်သည့်အဖွဲ့စုံတို့က သိပ္ပံနည်းကျ တိကျသေချာစွာဖြင့် စိစစ်လေ့လာဆန်းစစ်နိုင်ရေး အခိုင်အမာ လုပ်ဆောင်ထားပြီး ဖြစ်ပါသည်။

ထို့ပြင် ဒေသတွင်း တည်ရှိသည့် မြစ်ကြီးနား တက္ကသိုလ်မှ ဘူမိဗေဒပညာရှင်များ၊ သုတေသီများနှင့် ပညာရှင်အဖွဲ့အစည်းများအနေဖြင့်လည်း ဒေသန္တရ ဘူမိဗေဒဆိုင်ရာ အချက်အလက်များ၊ ရေမြေအနေအထားနှင့် သဘာဝပတ်ဝန်းကျင် သက်ရောက်မှု လေ့လာဆန်းစစ်ရေး လုပ်ငန်းများတွင် တက်ကြွစွာ ပူးပေါင်းပါဝင်လျက်ရှိရာ ဒေသအခြေပြု သိပ္ပံနည်းကျ သုတေသနလုပ်ငန်းများနှင့် စိစစ်သုံးသပ်ချက်များအတွက် အဓိကကျသော အသိပညာအထောက်အကူပြု အခန်းကဏ္ဍမှ အခိုင်အမာ ပါဝင်ဆောင်ရွက်လျက်ရှိပါသည်။

### ဆွေးနွေးတိုင်ပင်မှုဖြင့် စီမံကိန်းအတွက် သဘောတူညီချက်များ ရရှိစေနိုင်မည်

ထို့အတူ စီမံကိန်းနှင့်ပတ်သက်သည့် သတင်းအချက်အလက်များကို သက်ဆိုင်သူအားလုံးထံသို့ ပွင့်လင်းမြင်သာစွာ ချပြခြင်းနှင့် ဒေသခံပြည်သူများ၊ ရပ်မိရပ်ဖများနှင့် အရပ်ဘက်အဖွဲ့အစည်းများ ပါဝင်သော လူထုတွေ့ဆုံဆွေးနွေးပွဲများ ကျင်းပခြင်းဖြင့် ပြည်သူလူထု၏ သံသယများကို ထိရောက်စွာ ဖြေလျှော့ပေးလျက်ရှိပါသည်။ ဤကဲ့သို့ အားလုံးပါဝင်သည့် ပွင့်လင်းမြင်သာသော ဆွေးနွေးတိုင်ပင်မှုစနစ်ကို ကျင့်သုံးခြင်းအားဖြင့် စီမံကိန်းအတွက် အကောင်းဆုံးသော သင့်မြတ်သည့် သဘောတူညီချက်များကို ရရှိစေနိုင်မည်ဖြစ်ပါသည်။

ကြီးမားသော စွမ်းအင်မဟာစီမံကိန်းကြီးများကို အကောင်အထည်ဖော်ခြင်းသည် **မြန်မာနိုင်ငံ၏ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေး လမ်းခရီးနှင့် ရေရှည်တည်တံ့သော စွမ်းအင်မဟာဗျူဟာ**၏ တစ်စိတ်တစ်ပိုင်းအဖြစ် နိုင်ငံတော်၏ စွမ်းအင်လိုအပ်ချက်ကို ဖြည့်ဆည်းပေးရုံသာမက ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြားသော နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုပါ ဆွဲဆောင်လာနိုင်မည် ဖြစ်ပါသည်။

လျှပ်စစ်စွမ်းအင် အရင်းအမြစ်များ ခိုင်မာစွာ တည်ရှိနေခြင်းသည် ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံသူများအတွက် အဓိကကျသော အခြေခံအုတ်မြစ်ဖြစ်သည့်အလျောက် စက်မှုဇုန်အသစ်များ တည်ထောင်ခြင်း၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းများနှင့် နည်းပညာအခြေခံလုပ်ငန်းများ တိုးချဲ့လာခြင်းတို့ကို ဖြစ်ပေါ်စေကာ နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ကျယ်ကျယ်ပြန့်ပြန့် ဝင်ရောက်လာစေရန် အထောက်အကူပြုမည် ဖြစ်ပါသည်။

ထိုကဲ့သို့ နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများနှင့် စွမ်းအင်ထုတ်လုပ်မှု လုပ်ငန်းများ တိုးပွားလာခြင်းကြောင့် နိုင်ငံတော်အတွက် ဘက်စုံမှ အကျိုးကျေးဇူးများ ဖြစ်ထွန်းလာစေပြီး နိုင်ငံတော်၏ ဘဏ္ဍာငွေနှင့် ဝင်ငွေတိုးတက်မှုကို တိုက်ရိုက်အထောက်အကူပြုစေမည်ဖြစ်ပါသည်။ စီမံကိန်းများမှ ရရှိလာမည့် အခွန်အကောက်များ၊ ဝင်ငွေခွဲဝေမှုများနှင့် စီးပွားရေးလုပ်ငန်းများ တိုးချဲ့လာမှုတို့ကြောင့် နိုင်ငံတော်၏ ဘတ်ဂျက်ဝင်ငွေများ သိသာထင်ရှားစွာ တိုးတက်လာမည်ဖြစ်ကာ တိုင်းပြည်တည်ဆောက်ရေး၊ ကျန်းမာရေး၊ ပညာရေးနှင့် ဒေသန္တရ ဖွံ့ဖြိုးရေး လုပ်ငန်းများတွင် ငွေကြေးအရင်းအနှီးများကို ပိုမိုတိုးမြှင့် သုံးစွဲနိုင်မည် ဖြစ်ပါသည်။

နိုင်ငံတော်အစိုးရ၏ ဦးစားပေး ရည်မှန်းချက်နှစ်ရပ်ဖြစ်သည့် **တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး**တို့ကို လက်တွေ့ဘဝတွင် အမှန်တကယ် အောင်မြင်ဖြစ်ထွန်းလာစေရန်အတွက်

*စာမျက်နှာ ၁၃ သို့*

# မွန်ပြည်နယ်၌ ၂၀၂၆ ခုနှစ် (၂၂)ကြိမ်မြောက် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ်အခမ်းအနား ကျင်းပ

**မော်လမြိုင် အောက်တိုဘာ ၅**

မွန်ပြည်နယ် ၂၀၂၆ ခုနှစ် (၂၂)ကြိမ်မြောက် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် မော်လမြိုင်မြို့ အမှတ် (၆) အခြေခံပညာထက်တန်းကျောင်း ရတနာမွန်ခန်းမ၌ ကျင်းပရာ မော်လမြိုင်မြို့နယ်မှ ဆရာ ဆရာမများက "မြတ်ဆရာ" တေးသီချင်းဖြင့် ဂုဏ်ပြုသီဆိုဖျော်ဖြေပြီး အခမ်းအနားကို ဖွင့်လှစ်ပေးကြသည်။

**ဖတ်ကြား**

ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ အဂ္ဂမဟာသရေစည်သူ အဂ္ဂမဟာသီရိသုဓမ္မ ဦးမင်းအောင်လှိုင်ထံမှ ၂၀၂၆ ခုနှစ် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ်အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာအား ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဝင်းသန်းက ဖတ်ကြားပြီး ကုလသမဂ္ဂလက်အောက်ခံအဖွဲ့ လေးဖွဲ့၏ အဖွဲ့ခေါင်းဆောင်များကပေးပို့သော စုပေါင်းသဝဏ်လွှာကို ပြည်နယ်ပညာရေးမှူးရုံးတာဝန်ခံပညာရေးမှူးက ဖတ်ကြားသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့် ပြည်နယ်ဝန်ကြီးများက ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ်စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲများတွင် ဆုရရှိသူများအား ထူးချွန်ဆုများ ပေးအပ် ချီးမြှင့်ကြသည်။

ဆက်လက်၍ မော်လမြိုင်မြို့နယ်မှ ဆရာ ဆရာမများက "တို့ဆရာ" တေးသီချင်းဖြင့် ဂုဏ်ပြုသီဆိုဖျော်ဖြေခဲ့ကြောင်း သိရသည်။

**စည်သူ(ပြန်/ဆက်)**





# ကရင်ပြည်နယ် ဘားအံမြို့၌ ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် အခမ်းအနား ကျင်းပ

**ဘားအံ အောက်တိုဘာ ၅**

၂၀၂၆ ခုနှစ် ကမ္ဘာ့ဆရာများနေ့ (World Teachers' Day 2026) အထိမ်းအမှတ် အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ဘားအံမြို့ ဖွဲ့ကပင်ခန်းမ၌ကျင်းပရာ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ ဆရာမများနှင့် ဘားအံမြို့ရှိ ကျောင်းအုပ်ဆရာကြီးများက ဆရာ့ဂုဏ်ရည်သီချင်းဖြင့် ဂုဏ်ပြုသီဆို၍ အခမ်းအနားကို ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ အဂ္ဂမဟာသရေစည်သူ အဂ္ဂမဟာသီရိသုဓမ္မ ဦးမင်းအောင်လှိုင်ထံမှ ၂၀၂၆ ခုနှစ် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ်အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာကို ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက ဖတ်ကြားပြီး ကုလသမဂ္ဂလက်အောက်ခံအဖွဲ့ လေးဖွဲ့၏ အဖွဲ့ခေါင်းဆောင်များက ပေးပို့သော စုပေါင်းသဝဏ်လွှာကို ပြည်နယ်ပညာရေးမှူးရုံး ညွှန်ကြားရေးမှူးက ဖတ်ကြားကာ အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသူတစ်ဦးက ဆရာ့ဂုဏ်ရည် စာတမ်းကို ဖတ်ကြားဂုဏ်ပြုသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌနှင့် ပြည်နယ်ဝန်ကြီးများက အငြိမ်းစားဆရာကြီး၊ ဆရာမကြီးများအား ဂါရဝလက်ဆောင်များပေးအပ်ပြီး ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် အထက်တန်းအဆင့်နှင့် အလယ်တန်းအဆင့် စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲများတွင် ဆုရရှိကြသူများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြကာ ခင်းကျင်းပြသထားသော ဆုရစာစီစာကုံး၊ ကဗျာလက်ရာများ၊ ပြိုင်ပွဲလှုပ်ရှားမှုမှတ်တမ်းဓာတ်ပုံများနှင့် ကမ္ဘာ့ဆရာများနေ့ မှတ်တမ်းဓာတ်ပုံများကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# တတိယအကြိမ် တနင်္သာရီတိုင်းဒေသကြီးလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး(ပထမနေ့) ကျင်းပ

**ထားဝယ် အောက်တိုဘာ ၅**

တတိယအကြိမ် တနင်္သာရီတိုင်းဒေသကြီးလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး(ပထမနေ့)ကို ယနေ့ နံနက် ၁၀ နာရီတွင် ထားဝယ်မြို့ တိုင်းဒေသကြီးလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ တနင်္သာရီတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌက အစည်းအဝေးတက်ရောက်မှု အခြေအနေကို လွှတ်တော်သို့တင်ပြပြီး အစည်းအဝေး အထမြောက်ကြောင်းနှင့် အစည်းအဝေး စတင်ကျင်းပကြောင်းကြေညာပြီး အစည်းအဝေးတက်ရောက်မှု အခြေအနေကို အတည်ပြုမှတ်တမ်းတင်ကာ ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။

အစည်းအဝေးတွင် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်အမှတ် (၅၄/၂၀၂၆) နှင့် (၅၅/၂၀၂၆)တို့ကို လွှတ်တော်သို့တင်ပြခြင်းနှင့် ကတိသစ္စာမပြုရသေးသော တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်နှစ်ဦး ကတိသစ္စာပြု လက်မှတ်ရေးထိုးခြင်း၊ လွှတ်တော် ကိုယ်စားလှယ်များ မေးမြန်းသည့် ကြယ်ပွင့်ပြမေးခွန်း ၁၁ ခုကို သက်ဆိုင်ရာတိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင်များက ပြန်လည်ဖြေကြားခြင်းတို့ကို ဆောင်ရွက်ကြသည်။

ထို့ပြင် ဒေါ်ချိုချိုစန်း လောင်းလုံးမြို့နယ် ကိုယ်စားလှယ်အမှတ် (၁)က "သဘာဝဘေးအန္တရာယ် ခံစားနေကြရသော လောင်းလုံးမြို့နယ်နှင့် သရက်ချောင်းမြို့နယ်မှ မိဘပြည်သူ ညီအစ်ကိုမောင်နှမအားလုံးအား ကိုယ်ချင်းစာ စိတ်မကောင်းဖြစ်ရပါသဖြင့် အထူးပင်ဝမ်းနည်းပါကြောင်း" အဆိုကို တင်သွင်းရာ လွှတ်တော်ကိုယ်စားလှယ် တစ်ဦးက ထောက်ခံသည့်အတွက် တိုင်းဒေသကြီးလွှတ်တော်က မှတ်တမ်းတင်ခြင်း၊ စီမံကိန်း၊ စီးပွားရေးနှင့် ဘဏ္ဍာရေးဝန်ကြီးက ၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ်အတွက် ဘဏ္ဍာငွေအရအသုံး ခန့်မှန်းခြေငွေစာရင်း တင်သွင်းခြင်း၊ တိုင်းဒေသကြီးလွှတ်တော် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စီးပွားရေးကော်မတီဥက္ကဋ္ဌက အစီရင်ခံစာ ဖတ်ကြားတင်ပြခြင်းတို့ကို ဆောင်ရွက်ကြသည်။



၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ်အတွက် ဘဏ္ဍာငွေအရအသုံး ခန့်မှန်းခြေငွေစာရင်းနှင့် စပ်လျဉ်း၍ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာပြီး စတုတ္ထပုံမှန်အစည်းအဝေး (ပထမနေ့)ကို မွန်းလွဲပိုင်းတွင် ရပ်နားလိုက်ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော်အောက်တိုဘာ ၅**

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှလှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခြောက်ပေခန့် ရှိနိုင်သည်။

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

**မိုး/ဇလ**

*စာမျက်နှာ ၁၂ မှ*

စီးပွားရေးနှင့် စွမ်းအင်ဆိုင်ရာ အောင်မြင်တိုးတက်မှုများမှာ အဓိက မောင်းနှင်အားပင် ဖြစ်ပါသည်။ တည်ငြိမ်လုံလောက်သော စွမ်းအင်စနစ်၊ စဉ်ဆက်မပြတ်ဝင်ရောက်လာမည့် နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများနှင့် နိုင်ငံတော်ဝင်ငွေတိုးတက်မှုတို့ ဟန်ချက်ညီညီ ပေါင်းစပ်သွားခြင်းအားဖြင့် နိုင်ငံတော်၏ မျှော်မှန်းချက်ပန်းတိုင်များကို အပြည့်အဝအကောင်အထည်ဖော်နိုင်မည်ဖြစ်ပါသည်။ ထိုမှတစ်ဆင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝများကို အဆင့်အတန်းမြင့်မားစွာဖြင့် ရေရှည်တည်တံ့ခိုင်မြဲသော အနာဂတ်ဆီသို့ အောင်မြင်စွာ ပို့ဆောင်ပေးနိုင်မည် ဖြစ်ပါသည်။

နိဂုံးချုပ်အားဖြင့် ဆိုရသော် **နိုင်ငံတော်အနေဖြင့် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မလွဲမသွေလိုအပ်လျက်ရှိသော စွမ်းအင်လိုအပ်ချက်များကို ဖြည့်ဆည်းပေးရေးနှင့် နိုင်ငံ၏ အသက်သွေးကြောဖြစ်သည့် ဧရာဝတီမြစ်ဝှမ်းဒေသ၏ သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ်များကို အထူးစာနာထောက်ထားကာ နောင်လာမည့် မျိုးဆက်သစ်တို့အတွက် အမွေအနှစ်တစ်ရပ်အဖြစ် အလေးထားကာကွယ်စောင့်ရှောက်ရေး** ဟူသော ရည်မှန်းချက်နှစ်ရပ်ကို တစ်သားတည်းဖြစ်စေကာ ဟန်ချက်ညီညီ ထင်ဟပ်မိလျက် အစဉ်တစိုက်မူဝါဒချမှတ် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

အထူးသဖြင့် **ဧရာဝတီမြစ်ဆုံရေအားလျှပ်စစ်စီမံကိန်းကဲ့သို့သော မဟာစီမံကိန်းကြီးများကို** ရှုမြင်သုံးသပ်ရာတွင် နိုင်ငံတော်၏ အနာဂတ်အကျိုးစီးပွား၊ ပြည်သူတို့၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်မှုနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ အကျိုးဆက်များကို ဘက်ပေါင်းစုံမှ စေ့စေ့စပ်စပ် ခြုံငုံသုံးသပ်လျက် စဉ်းစားတွေးခေါ်ကာ အမြော်အမြင်ကြီးမားစွာဖြင့် ဦးဆောင်အကောင်အထည်ဖော်လျက် ရှိပေသည်။

သို့ဖြစ်ပါ၍ အားလုံးပါဝင်သည့် ပွင့်လင်းမြင်သာသော ဆွေးနွေးတိုင်ပင်မှုများ၊ ခေတ်မီနည်းပညာသုံး ပတ်ဝန်းကျင်ကာကွယ်မှုများနှင့် တရားမျှတသော အကျိုးတူ ပူးပေါင်းဆောင်ရွက်မှုများကို ခိုင်မာစွာ အခြေခံလျက် နိုင်ငံနှင့်ပြည်သူ နှစ်ဦးနှစ်ဖက်လုံးအတွက် ရေရှည်အကျိုးဖြစ်ထွန်းစေမည့် **ခေတ်မီ ဖွံ့ဖြိုးတိုးတက်ရေးလမ်းခရီးနှင့် ရေရှည်တည်တံ့သော စွမ်းအင်မဟာဗျူဟာကို ဖော်ဆောင်နိုင်ရန်အတွက် ဧရာဝတီမြစ်ဆုံ ရေအားလျှပ်စစ်မဟာစီမံကိန်းကြီးကို** ပြည်သူလူထုတစ်ရပ်လုံး၏ အကျိုးစီးပွားကို အမှန်တကယ်ရှေးရှုလျက် အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်သွားကြပါစို့ဟု လေးနက်စွာ တိုက်တွန်းအပ်ပါသည်။ ။

■

# အမေရိကန်နှင့် ဂျာမနီနိုင်ငံတို့မှ သုတေသီသုံးဦး ဆေးပညာနိုဘယ်ဆုရရှိ

စတော့ဟုမ်း အောက်တိုဘာ ၅

**အမေရိကန်ပြည်ထောင်စုနှင့် ဂျာမနီနိုင်ငံတို့မှ သုတေသီသုံးဦးသည် ၂၀၂၆ ခုနှစ် ဇီဝကမ္မဗေဒ သို့မဟုတ် ဆေးပညာနိုဘယ်ဆုကို ပူးတွဲရရှိခဲ့ကြောင်း သိရသည်။**

ဆွီဒင်နိုင်ငံ စတော့ဟုမ်းမြို့ရှိ ကာရိုလင်စကာ အင်စတီကျု၏ နိုဘယ်ဆုရွေးချယ်ရေးအဖွဲ့က အလင်းဖြင့် ထိန်းချုပ်နိုင်သော အိုင်ယွန်းချန်နယ်များနှင့်အလင်းကိုအသုံးပြု၍ အာရုံကြောဆဲလ်များ၏ လုပ်ဆောင်မှုကို ထိန်းချုပ်လေ့လာနိုင်သည့် နည်းပညာဆိုင်ရာ ရှာဖွေတွေ့ရှိမှုများအတွက် ကားလ် ဒီဆာရော့သ်၊ ပီတာ ဟီဂမန်နှင့် ဂျော့ဂ် နေးဂယ်တို့အား ၂၀၂၆ ခုနှစ် ဇီဝကမ္မဗေဒ သို့မဟုတ် ဆေးပညာနိုဘယ်ဆုကို ပူးတွဲချီးမြှင့်ရန် ယနေ့ ဆုံးဖြတ်ခဲ့ကြောင်း ကြေညာခဲ့သည်။

နိုဘယ်ဆုရရှိသူသုံးဦးမှာ အမေရိကန်ပြည်ထောင်စုရှိ ဟာ၀ပ်ဟျူးစ် ဆေးဘက်ဆိုင်ရာ သုတေသနအင်စတီကျုနှင့် စတန်းဖို့ဒ်တက္ကသိုလ်မှ ကားလ် ဒီဆာရော့သ်၊ ဂျာမနီနိုင်ငံ ဘာလင်မြို့ရှိ ဟမ်းဘိုလ်ဒ်တက္ကသိုလ်မှ ပီတာဟီဂမန်နှင့် ဂျာမနီနိုင်ငံ ဝူဇ်ဘာ့ဂ်မြို့ရှိ ဝူဇ်ဘာ့ဂ်တက္ကသိုလ်မှ ဂျော့ဂ်နေးဂယ်တို့ ဖြစ်ကြသည်။

နိုဘယ်ဆုရွေးချယ်ရေးအဖွဲ့က နိုဘယ်ဆုရှင်သုံးဦး၏ ရှာဖွေတွေ့ရှိမှုများသည် အာရုံကြောသိပ္ပံပညာ၏ ခေတ်သစ်တစ်ရပ်အတွက် အခြေခံအုတ်မြစ်များကို ချမှတ်ပေးခဲ့ကြောင်း ပြောကြားခဲ့သည်။




အလင်းကို အသုံးပြု၍ အာရုံကြောဆဲလ်များ၏ လုပ်ဆောင်မှုကို တိကျစွာ ထိန်းချုပ်လေ့လာနိုင်သည့် နည်းပညာကြောင့် သုတေသီများအနေဖြင့် သီးခြားမှတ်ဉာဏ်များ၊ ခံစားချက်များနှင့် အပြုအမူများကို ထိန်းချုပ်ပေးသည့် အာရုံကြောဆိုင်ရာ ဆက်စပ်ပတ်လမ်းများကို ဖော်ထုတ်နိုင်ခဲ့ပြီး ယင်းတို့နှင့် အာရုံကြောဆိုင်ရာ ရောဂါများနှင့် စိတ်ကျန်းမာရေးဆိုင်ရာ ရောဂါများအကြား ဆက်စပ်မှုကိုလည်း လေ့လာဖော်ထုတ်နိုင်ခဲ့ကြောင်း သိရသည်။ **အင်န်အိတ်ချ်ကေ**

## ထိုင်းနိုင်ငံ၌ ရေကြီးရေလျှံမှုကြောင့် ၃၁ ဦး သေဆုံးပြီး လူပေါင်း ၄ ဒသမ ၁၄ သန်းခန့် ရေဘေးသင့်

**ဘန်ကောက် အောက်တိုဘာ ၅**

စက်တင်ဘာ ၁၆ ရက်မှစတင်ကာ ထိုင်းနိုင်ငံတစ်ဝန်း ရေကြီးရေလျှံမှုများ ဖြစ်ပွားမှုကြောင့် ၃၁ ဦး သေဆုံးကာ လူပေါင်း ၄ ဒသမ ၁၄ သန်းခန့် ရေဘေးသင့်ခဲ့ကြောင်း အာဏာပိုင်များက အောက်တိုဘာ ၅ ရက်တွင် ပြောကြားသည်။

ပြည်နယ်ပေါင်း ၂၆ ခုနှင့် မြို့တော်ဘန်ကောက်ရှိ လူပေါင်း ၃ ဒသမ ၅၂ သန်းနီးပါးသည် ရေကြီးရေလျှံမှုဒဏ်နှင့် ရင်ဆိုင်နေကြရဆဲဖြစ်ကြောင်း ဘေးအန္တရာယ်တားဆီးကာကွယ်ရေးနှင့် လျော့ပါးရေးဦးစီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။

မိုးသည်းထန်စွာရွာသွန်းမှု၊ မိုးသက်မုန်တိုင်းနှင့် လေပြင်းတိုက်ခတ်မှုများသည် မြို့တော်ဘန်ကောက်အပါအဝင် နိုင်ငံတစ်ဝန်း ဒေသအနှံ့အပြား၌ အောက်တိုဘာ ၇ ရက်အထိ ဖြစ်ပေါ်နိုင်ကြောင်း အဆိုပါဦးစီးဌာနက ပြောကြားသည်။ **ဆင်ဟွာ**

## အယ်လ်နီညိုကြောင့် ရေကြီးရေလျှံမှုအန္တရာယ်အတွက် ဆိုမာလီယာ အရေးပေါ်သတိပေးချက်ထုတ်ပြန်

**မိုဂါဒစ်ရှူး အောက်တိုဘာ ၅**

ဆိုမာလီယာနိုင်ငံသည် အယ်လ်နီညိုရာသီဥတုဖြစ်စဉ်နှင့် ဆက်နွှယ်၍ မိုးသည်းထန်စွာ ရွာသွန်းခြင်းနှင့် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်လာနိုင်သဖြင့် ကြိုတင်သတိပေးမှုနှင့် ဘေးလွတ်ရာရွှေ့ပြောင်းရေး စီမံဆောင်ရွက်မှုများ အားကောင်းစေရေးကိုရှေးရှုကာ ရေဘေးအန္တရာယ်ကျရောက်လွယ်သော ဒေသများတွင် နေထိုင်ကြသူများအတွက် အရေးပေါ်သတိပေးချက်ထုတ်ပြန်လိုက်သည်။

ဆိုမာလီယာနိုင်ငံသည် မိုးရာသီသို့ ဝင်ရောက်လာပြီဖြစ်ကြောင်းနှင့် ဒေသအနှံ့အပြားတွင် မိုးသည်းထန်စွာရွာသွန်းနိုင်ကြောင်း ဆိုမာလီယာ ဘေးအန္တရာယ်စီမံခန့်ခွဲရေးအေဂျင်စီ (SoDMA)က အောက်တိုဘာ ၄ ရက်က ထုတ်ပြန်ထားသည်။ မိုးသည်းထန်စွာရွာသွန်းမှုနှင့် ရေကြီးရေလျှံမှုတို့အတွက် ကြိုတင်ပြင်ဆင်နိုင်ရေး သတိဝီရိယရှိကြရန်နှင့်လိုအပ်သည့် ကာကွယ်ရေးစီမံဆောင်ရွက်မှုများထားရှိကြရန် SoDMA က ပြည်သူများအား တိုက်တွန်းထားသည်။

ဆိုမာလီယာမိုးလေဝသပညာရှင်များက ၂၀၂၆ ခုနှစ်သည် အလွန်အားကောင်းသော အယ်လ်နီညိုနှစ်ဖြစ်ကြောင်း အတည်ပြုထားပြီး မိုးရာသီကာလ အောက်တိုဘာလမှ ဒီဇင်ဘာလအတွင်း ထူးကဲသည့် မိုးသည်းထန်စွာ ရွာသွန်းမှုများဖြစ်ပေါ်နိုင်ကြောင်း ခန့်မှန်းထားသည်။ SoDMA ၏ ထုတ်ပြန်ချက်အရ အကြီးမားဆုံးအန္တရာယ်မှာ ဂျူဘားနှင့် ရှာဘယ်လီမြစ်ဝှမ်းတစ်လျှောက်တွင်ဖြစ်သည်။

စက်တင်ဘာလတွင် ကုလသမဂ္ဂလူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ညှိနှိုင်းရေးရုံးက အယ်လ်နီညိုကြောင့် မိုးရွာသွန်းမှုနှင့် ဆိုးရွားပြင်းထန်သော ရေကြီးရေလျှံမှုများကြောင့် အောက်တိုဘာလနှင့် ဒီဇင်ဘာလကြားတွင် ဆိုမာလီယာနိုင်ငံတစ်ဝန်း ဒေသ ၁၆ ခုမှ လူပေါင်း ၃ ဒသမ ၄ သန်းအထိ ဘေးသင့်မှုများဖြစ်ပွားနိုင်ကြောင်း ခန့်မှန်းထားသည်။ **ဆင်ဟွာ**

## ဖိလစ်ပိုင်နိုင်ငံ၏ ပို့ကုန်မှာ ဩဂုတ်လအတွင်း အမေရိကန်ဒေါ်လာ ၉ ဒသမ ၁၁ ဘီလီယံရရှိ

**မနီလာ အောက်တိုဘာ ၅**

ဖိလစ်ပိုင်နိုင်ငံ၏ ကုန်စည်တင်ပို့မှုမှာ ၂၀၂၆ ခုနှစ် ဩဂုတ်လအတွင်း အမေရိကန်ဒေါ်လာ ၉ ဒသမ ၁၁ ဘီလီယံရှိရာ ၃၅ နှစ်အတွင်း အမြင့်ဆုံးစံချိန်တင်ခဲ့ကြောင်းနှင့် ယမန်နှစ်ကထက် ၂၇ ဒသမ ၈ ရာခိုင်နှုန်း တိုးမြင့်လာကြောင်း ပြည်တွင်းမီဒီယာများက အောက်တိုဘာ ၄ ရက်တွင် ထုတ်ပြန်ထားသည်။

ယခုနှစ် ဇန်နဝါရီလမှ ဩဂုတ်လအတွင်း ကုန်စည်တင်ပို့မှုမှာ ဒေါ်လာ ၆၄ ဒသမ ဝ၄ ဘီလီယံရှိရာ ယမန်နှစ်ကထက် ၁၄ ဒသမ ၈ ရာခိုင်နှုန်းတိုးမြင့်လာကြောင်း ဖိလစ်ပိုင်စာရင်းအင်းအာဏာပိုင်အဖွဲ့ (PSA) က ပြောကြားသည်။ အီလက်ထရွန်နစ်ထုတ်ကုန်များသည် ပို့ကုန်တင်ပို့မှု၏ အဓိကမောင်းနှင်အားဖြစ်ပြီး ဩဂုတ်လအတွင်း စုစုပေါင်း ဒေါ်လာ ၆ ဒသမ ၂ ဘီလီယံရှိရာ ယမန်နှစ်ကထက် ဒေါ်လာ ၂ ဒသမ ၃၂ ဘီလီယံ တိုးလာကြောင်း ဖိလစ်ပိုင်စာရင်းအင်းအာဏာပိုင်အဖွဲ့က ပြောကြားသည်။ **ဆင်ဟွာ**

## ပင်လယ်နက်အတွင်း ကုန်တင်သင်္ဘော ဒရုန်းတိုက်ခိုက်ခံရပြီး လူ ၂ ဦး သေဆုံး

**ဘူချာရက် အောက်တိုဘာ ၅**

ရိုမေးနီးယားနိုင်ငံ ပြည်ထဲရေးဝန်ကြီးဌာန၏ ပြောကြားချက်အရ ပင်လယ်နက်အတွင်း စပါးများတင်ဆောင်လာသော ကုန်တင်သင်္ဘောတစ်စင်း ဒရုန်းဖြင့် တိုက်ခိုက်ခံရပြီးနောက် လူ ၂ ဦး သေဆုံးခဲ့ကြောင်း သိရသည်။

ရိုယက်မမ်မာဒွေါဗ် အမည်ရှိ အဆိုပါသင်္ဘောသည် ဒရုန်းတိုက်ခိုက်ခံရပြီးနောက် မီးလောင်ကျွမ်းကာ နောက်ပိုင်းတွင် နစ်မြုပ်သွားခဲ့သည်။ သင်္ဘောပေါ်ရှိ အမှုထမ်း ၁၁ ဦးကို ကယ်ဆယ်နိုင်ခဲ့သည်။ **ဆင်ဟွာ**

## အာဖဂန်လုံခြုံရေးတပ်ဖွဲ့များက လူကုန်ကူးမှု သံသယရှိသူ ၃၈ ဦးအား ဖမ်းဆီး၍ လူ ၂၃၅ ဦး ကယ်တင်နိုင်

**ကဘူးလ် အောက်တိုဘာ ၅**

အာဖဂန်နစ္စတန်နိုင်ငံ အနောက်ပိုင်း နင်ရော့ဇ်ပြည်နယ်၌ အောက်တိုဘာ ၄ ရက်က လူကုန်ကူးသူများဟု သံသယရှိသူ ၃၈ ဦးအား ဖမ်းဆီးခဲ့ပြီး လူ ၂၃၅ ဦးကို လူကုန်ကူးခံရခြင်းမှ တားဆီးနိုင်ခဲ့ကြောင်း ပြည်နယ်ရဲတပ်ဖွဲ့ ပြောရေးဆိုခွင့်ရှိသူ မော်လဝီ ဂူလ်မိုဟာမက်ကူဒရက်က အောက်တိုဘာ ၅ ရက်တွင် ပြောကြားသည်။

လူကုန်ကူးမှုတားဆီးဟန့်တားရေး လှုပ်ရှားမှုတွင် လုံခြုံရေးတပ်ဖွဲ့များသည် စစ်ဆင်ရေးများ လုပ်ဆောင်ခဲ့ရာ ပြီးခဲ့သည့်ရက်က ပြည်နယ်၏မြို့တော် ဇာရန်ဂျ်၊ ချာခန်ဆောနှင့် ကန်းခရိုင်တို့တွင် လူကုန်ကူးသူများထံမှ လူ ၂၃၅ ဦးအား ကယ်တင်နိုင်ခဲ့ကြောင်း ၎င်းက ပြောကြားသည်။

လူကုန်ကူးသူများဟု သံသယရှိသူများက ထိခိုက်နစ်နာသူများအား တရားမဝင်နိုင်ငံပြင်ပသို့ ခေါ်ဆောင်ရန်ကြိုးပမ်းခဲ့ရာ လုံခြုံရေးတပ်ဖွဲ့များက ၎င်းတို့ထံမှယာဉ် ၁၀ စီးနှင့် မော်တော်ဆိုင်ကယ်အချို့ကိုလည်း သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။ **ဆင်ဟွာ**

## လစ်ဗျားက စိုက်ပျိုးရေးထုတ်ကုန်များ ပြည်ပသို့တင်ပို့မှု ပိတ်ပင်တားမြစ်

**ထရီပိုလီ အောက်တိုဘာ ၅**

လစ်ဗျားစီးပွားရေးနှင့် ကုန်သွယ်ရေးဝန်ကြီး ဆူဟေးလ်အဘူလ်ရီဟာသည် အောက်တိုဘာ ၄ ရက်တွင် ပို့ကုန်လုပ်ငန်းစဉ်များကို စိစစ်ထိန်းချုပ်ရန် ဆုံးဖြတ်ချက်တစ်ရပ် ထုတ်ပြန်ခဲ့ရာ ကုန်ပစ္စည်းများနှင့်ထုတ်ကုန်များ ပြည်ပသို့ တင်ပို့ခြင်းနှင့် ပြန်လည်တင်ပို့ခြင်းများအပေါ် ကန့်သတ်ချက်များစွာပါဝင်ကြောင်း သိရသည်။

အဆိုပါ ဆုံးဖြတ်ချက်အရ စွန်ပလွံသီးမှလွဲ၍ စိုက်ပျိုးရေးထုတ်ကုန်အားလုံးကို ပြည်ပသို့ တင်ပို့မှု တားမြစ်ထားသည်။ ထို့အပြင် ပြည်တွင်းဈေးကွက် အခြေအနေ တည်ငြိမ်မှုရရှိသည်အထိ ပြည်တွင်းစားသောက်ကုန်ပစ္စည်းများ ပြည်ပသို့တင်ပို့မှုနှင့် ပြည်ပမှတင်သွင်းထားသော ကုန်ပစ္စည်းများနှင့် ထုတ်ကုန်အမျိုးအစားအားလုံး ပြည်ပသို့ ပြန်လည်တင်ပို့မှုကို တားမြစ်ပိတ်ပင်ထားသည်။

ယင်းဆုံးဖြတ်ချက်သည် တင်ပို့မှုလုပ်ငန်းစဉ်များကို စိစစ်ထိန်းချုပ်ရန်နှင့် ပြည်တွင်းဈေးကွက်တွင် ကုန်ပစ္စည်းများနှင့် ထုတ်ကုန်များ လုံလောက်စွာရရှိစေရန် ရည်ရွယ်ခြင်းဖြစ်သည်။ **ဆင်ဟွာ**

## နိုင်ဂျီးရီးယား၌ ရေယာဉ်တစ်စင်းတိမ်းမှောက် လူပေါင်း ၁၂၅ ဦးကို ကယ်တင်

**အဘူဂျာ အောက်တိုဘာ ၅**

နိုင်ဂျီးရီးယားနိုင်ငံအလယ်ပိုင်း ဘီနူးပြည်နယ်၌ သီတင်းပတ်ကုန်က ကက်ဆီနာအာလာမြစ်အတွင်း ခရီးသည်အများအပြား တင်ဆောင်လာသည့် ရေယာဉ်တစ်စင်းနစ်မြုပ်မှုဖြစ်ပွားသဖြင့် လူငါးဦးထက်မနည်း သေဆုံးကာ ကိုးဦးပျောက်ဆုံးနေဆဲဖြစ်ကြောင်း ကယ်ဆယ်ရေးတာဝန်ရှိသူများက အောက်တိုဘာ ၅ ရက်တွင် ပြောသည်။

အဆိုပါရေယာဉ်ပေါ်တွင် ခရီးသည် ၁၃၉ ဦးခန့်နှင့် မော်တော်ဆိုင်ကယ် ၃၈ စီး တင်ဆောင်ခဲ့ရာ မြစ်အတွင်း တိမ်းမှောက်သွားခဲ့ကြောင်း ဘီနူးပြည်နယ် အရေးပေါ်စီမံခန့်ခွဲမှုအေဂျင်စီမှ ပြောရေးဆိုခွင့်ရှိသူ တီမာအေဂါက ပြောသည်။ ယခုအချိန်အထိ လူ ၁၂၅ ဦးကို ကယ်တင်နိုင်ခဲ့ပြီး အောက်တိုဘာ ၅ ရက် နံနက်ပိုင်းအထိ ဒေသခံရေငုပ်သမားများက ပျောက်ဆုံးနေသူများကို ရှာဖွေနေဆဲဖြစ်ကြောင်း ၎င်းက ပြောသည်။

မတော်တဆဖြစ်ပွားပြီးနောက် ၄၈ နာရီကျော် ကြာမြင့်ပြီဖြစ်သည့်အတွက် ပျောက်ဆုံးနေသူအချို့မှာ သေဆုံးသွားနိုင်ခြေရှိကြောင်း ၎င်းက ဆက်လက်ပြောသည်။ **ဆင်ဟွာ**

# FIFA ASEAN Cup Division 1 ချန်ပီယံဆုဖလားကို အင်ဒိုနီးရှားအသင်း ဆွတ်ခူးရရှိ

**ရန်ကုန် အောက်တိုဘာ ၅**

FIFA ASEAN Cup 2026 ပြိုင်ပွဲ Division 1 ဗိုလ်လုပွဲစဉ်အဖြစ် အုပ်စု(A) ပထမ အင်ဒိုနီးရှားအသင်းနှင့် အုပ်စု (B) ပထမ ထိုင်းအသင်းတို့ ယနေ့ညပိုင်းက အင်ဒိုနီးရှားနိုင်ငံ၌ ယှဉ်ပြိုင်ကစားခဲ့ကြရာ အိမ်ရှင် အင်ဒိုနီးရှားအသင်းက ပယ်နယ်တီ အဆုံးအဖြတ်ဖြင့် အနိုင်ရရှိကာ ချန်ပီယံဖလားဆု ဆွတ်ခူးသွားခဲ့သည်။

အဆိုပါ ဗိုလ်လုပွဲစဉ်တွင် နှစ်သင်းစလုံးမှ ဦးဆောင်ဂိုးရရှိရေး အကြိတ်အနယ် တိုက်စစ်ဆင်ကစားခဲ့ကြပြီး ဒုတိယပိုင်း ပွဲချိန် ၈၁ မိနစ်တွင် ထိုင်းအသင်းမှ နီကိုလပ်စ်မစ်ကယ်ဆန် အနီကတ်ဖြင့် ထုတ်ပယ်ခံခဲ့ရကာ ပွဲချိန် ၈၄ မိနစ်တွင် အင်ဒိုနီးရှားအသင်းအတွက် ဒင်းဂျိမ်းစ်က ဦးဆောင်ဂိုးကို စတင်သွင်းယူပေးခဲ့သည်။ ထို့နောက် ပွဲချိန် ၈၇ မိနစ်တွင် ထိုင်းအသင်းအတွက် အစ်ကလပ်စ် ဆန်ရှန်က ချေပဂိုး ပြန်လည်သွင်းယူခဲ့သဖြင့် ပုံမှန်ပွဲချိန်တွင် တစ်ဖက်တစ်ဂိုးစီ သရေဖြင့် ပြီးဆုံးခဲ့သောကြောင့် အချိန်ပို ဆက်လက်ယှဉ်ပြိုင်ကစားရာ ပထမပိုင်း ပွဲချိန် ၁၁၁ မိနစ်၌ ထိုင်းအသင်းအတွက် ပီရာဒိုလ် ချမ်ရာဆာမီက ဦးဆောင်ဂိုး ထပ်မံသွင်းယူခဲ့ပြီး ပွဲပြီးခါနီး ၁၁၆ မိနစ်တွင် အင်ဒိုနီးရှားအသင်းအတွက် အယ်လ်ကန် ဘက်ဂေါ့တ်က အဖိုးတန်ချေပဂိုးကို ပြန်လည်သွင်းယူပေးနိုင်ခဲ့သောကြောင့် အချိန်ပိုပြီးဆုံးချိန်အထိ နှစ်ဂိုးစီဖြင့် ဆက်လက်သရေကျ၍ ပယ်နယ်တီအဆုံးအဖြတ် ခံယူခဲ့ရာ အင်ဒိုနီးရှားအသင်းက ပယ်နယ်တီအခွင့်အရေးများကို ကောင်းစွာအသုံးချနိုင်ခဲ့ပြီး ထိုင်းအသင်းကို လေးဂိုး-နှစ်ဂိုးဖြင့် အနိုင်ယူကာ ၂၀၂၆ ခုနှစ် FIFA ASEAN Cup Division 1 တံခွန်စိုက် ချန်ပီယံဆုကြီးကို ဆွတ်ခူးနိုင်ခဲ့သည်။




ယနေ့ ညနေပိုင်းက ယှဉ်ပြိုင်ခဲ့သည့် FIFA ASEAN Cup 2026 ပြိုင်ပွဲ Division 1 တတိယလုပွဲစဉ်တွင် မလေးရှားအသင်းက ဗီယက်နမ်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိကာ တတိယဆုကို ဆွတ်ခူးနိုင်ခဲ့သည်။

**နေမျိုး၊ ဓာတ်ပုံ-AFF**

## အားကစားမြှင့်တင် စိတ်လန်းရှင် ဆန့်ကျင်မူးယစ်ဆေး။

◆ *ကျော်ဖုံးမှ*

အစီအစဉ်အရ အာရှအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် အာရှနိုင်ငံများမှ အသင်းအုပ်ချုပ်သူများ/နည်းပြများနှင့် အားကစားသမားများ စုပေါင်းချီတက်ခြင်း၊ ဂျပန်နိုင်ငံ ရိုးရာအမွေအနှစ်၊ ယဉ်ကျေးမှု အကအလှများဖြင့် သရုပ်ပြဖျော်ဖြေတင်ဆက်ခြင်းနှင့် တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေခြင်း၊ အာရှအားကစားပြိုင်ပွဲဝင်အသင်းများအား အမှတ်တရ နှုတ်ဆက်ခြင်း၊ အာရှအားကစားပြိုင်ပွဲအလံနှင့် မီးရှူးတိုင်ကို ၂၀၃၀ ပြည့်နှစ်တွင် အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ကာတာနိုင်ငံသို့ လွှဲပြောင်းပေးအပ်ခြင်းများ ဆောင်ရွက်ပြီး အာရှအားကစားပြိုင်ပွဲ ပိတ်ပွဲအခမ်းအနားကို အောင်မြင်စွာ ရုပ်သိမ်းခဲ့သည်။

မြန်မာအသင်းအနေဖြင့် ၂၀၁၈ ခုနှစ်တွင် အင်ဒိုနီးရှားနိုင်ငံ၌ ကျင်းပခဲ့သည့် (၁၈)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲတွင် ပိုက်ကျော်ခြင်းအားကစားနည်းမှ ကြေးတံဆိပ်တစ်ခု၊ ဝူရှူးအားကစားနည်းမှ ကြေးတံဆိပ်တစ်ခုနှင့် ၂၀၂၃ ခုနှစ်တွင် တရုတ်နိုင်ငံ၌ ကျင်းပခဲ့သည့် (၁၉)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲတွင် ပိုက်ကျော်ခြင်းအားကစားနည်းမှ ရွှေတံဆိပ်တစ်ခု၊ လေ့လှော်အားကစားနည်းမှ ကြေးတံဆိပ်နှစ်ခုတို့ကိုသာ ဆွတ်ခူးရရှိခဲ့ပြီး ၂၀၂၆ ခုနှစ်တွင် ဂျပန်နိုင်ငံ မြို့များ၌ ကျင်းပခဲ့သည့် အကြိမ် (၂၀)မြောက် အာရှအားကစားပြိုင်ပွဲတွင် ပြိုင်ပွဲအမျိုးအစားအဖြစ် အားကစားနည်း ၄၃ နည်း ထည့်သွင်းကျင်းပခဲ့ရာ မြန်မာနိုင်ငံမှ တက်ကွန်ဒို၊ Esports၊ ပိုက်ကျော်ခြင်း၊ ကျွမ်းဘားနှင့် ဘောလုံး(အမျိုးသမီး)စသည့် အားကစားနည်း ငါးနည်းတို့တွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ တက်ကွန်ဒို အားကစားနည်းမှ ရွှေတံဆိပ်တစ်ခု၊ ငွေတံဆိပ်တစ်ခု၊ ကြေးတံဆိပ်တစ်ခု၊ Esports အားကစားနည်းမှ ရွှေတံဆိပ်တစ်ခုနှင့် ပိုက်ကျော်ခြင်းအားကစားနည်းမှ ကြေးတံဆိပ်တစ်ခုတို့ကို မြန်မာနိုင်ငံအတွက် ထိုက်ထိုက်တန်တန် ဆွတ်ခူးရယူပေးနိုင်ခဲ့သည့်အတွက် ပြိုင်ပွဲဝင် နိုင်ငံပေါင်း ၄၅ နိုင်ငံအနက် နိုင်ငံအလိုက် အဆင့် ၂၄ တွင် ရပ်တည်နိုင်ခဲ့ပြီး နိုင်ငံ့ဂုဏ်ကို မြှင့်တင်ပေးနိုင်ခဲ့ကြောင်းနှင့် မြန်မာအားကစားအဖွဲ့သည် ယခင် အာရှအားကစားပြိုင်ပွဲများတွင် ရရှိခဲ့သည့် ဆုတံဆိပ်များထက် သာလွန်၍ အောင်မြင်မှုများ ပိုမိုရရှိအောင် စွမ်းဆောင်နိုင်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

❏ *ကျော်ဖုံးမှ*

မြန်မာယူ-၁၇ အသင်းသည် ယနေ့ပွဲစဉ်တွင် ဘောလုံးပိုင်ဆိုင်မှု အသာဖြင့် ဂူအမ်အသင်းကို ဖိအားပေးကစားနိုင်ခဲ့ပြီး ပထမပိုင်းပွဲချိန်အတွင်း သုံးဂိုး သွင်းယူနိုင်ခဲ့သလို ဒုတိယပိုင်းတွင်လည်း ခြောက်ဂိုးအထိ ထပ်မံသွင်းယူနိုင်ခဲ့သည်။ မြန်မာအသင်း၏ အနိုင်ဂိုးများကို တိုက်စစ်မှူး ဝင်းရှုပါက ပွဲချိန် ၃၀၊ ၅၁၊ ၅၃ နှင့် ၇၁ မိနစ်တို့တွင် လေးဂိုး သွင်းယူပေးခဲ့ပြီး ပွဲချိန် ၄၁ မိနစ် နန်းခမ်းဟွမ်၊ ၄၃ မိနစ်တွင် ဟန်နီဖူးဝေ၊ ၅၈ မိနစ်တွင် ဆောင်းသဇင်ဦး၊ မိနစ် ၆၀ တွင် ရှင်းသန့်ဖြူစင်ပြုံးနှင့် ၆၂ မိနစ်တွင် နေမျိုးသူသူအောင်တို့က အနိုင်ဂိုးများ အသီးသီးသွင်းယူပေးခဲ့သည်။

ဂူအမ် ယူ-၁၇ အမျိုးသမီးအသင်းသည် ပွဲချိန်တစ်လျှောက် ခံစစ်ကို အဓိကထား ကစားခဲ့ရပြီး ချေပဂိုးရရှိရေးအတွက် တန်ပြန်ထိုးဖောက်မှု အချို့ပြုလုပ်ရန် ကြိုးပမ်းခဲ့သော်လည်း မြန်မာအသင်း၏ ခံစစ်ပိုင်းကို ကျော်ဖြတ်နိုင်ခဲ့ခြင်း မရှိဘဲ ပွဲပြီးဆုံးချိန်တွင် ဂိုးပြတ်ရှုံးနိမ့်ခဲ့သည်။

အုပ်စု(G) ပွဲစဉ်များကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပလျက်ရှိရာ မြန်မာယူ-၁၇ အသင်းသည် အုပ်စုနောက်ဆုံးပွဲစဉ်အဖြစ် အောက်တိုဘာ ၁၁ ရက်တွင် သုဝဏ္ဏကွင်း၌ ဟောင်ကောင်ယူ-၁၇ အသင်းနှင့် ဆက်လက်ယှဉ်ပြိုင်ရမည်ဖြစ်ပြီး ဂူအမ်အသင်းက အောက်တိုဘာ ၈ ရက်တွင် ဟောင်ကောင်အသင်းနှင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။

**နေမျိုး၊ ဓာတ်ပုံ-MFF**

❈ *ကျော်ဖုံးမှ*

ရုရှားအသင်းက ပထမ၊ ဟန်ဂေရီအသင်းက ဒုတိယနှင့် မြန်မာအသင်းက တတိယဆုကိုလည်းကောင်း၊ အမျိုးသားအလွတ်တန်း (၁၀)တက်လှော်မီတာ ၂၀၀၀ ပြိုင်ပွဲတွင် ရုရှားအသင်းကပထမ၊ မြန်မာအသင်းက ဒုတိယနှင့်ယူကရိန်းအသင်းက တတိယဆုကိုလည်းကောင်း၊ အမျိုးသား/အမျိုးသမီး အလွတ်တန်း (၁၀) တက်လှော်မီတာ ၂၀၀၀ ပြိုင်ပွဲတွင် ဟန်ဂေရီအသင်းက ပထမ၊ မြန်မာအသင်းက ဒုတိယနှင့် စပိန်အသင်းက တတိယဆုကိုလည်းကောင်း ဆွတ်ခူးရရှိခဲ့သည်။

ထို့ပြင် စက်တင်ဘာ ၂၅ ရက်မှ အောက်တိုဘာ ၃ ရက်အထိ တရုတ်နိုင်ငံ ယွမ်လင်မြို့၌ အပြည်ပြည်ဆိုင်ရာ ကနူးလှေလှော်အဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ကမ္ဘာ့ဖလား နဂါးလှေလှော်ပြိုင်ပွဲတွင် အာရှအဆင့်အင်အားကြီးနိုင်ငံများနှင့် အရှေ့တောင်အာရှနိုင်ငံများအပါအဝင် ပြိုင်ပွဲဝင်နိုင်ငံပေါင်း ၂၄ နိုင်ငံ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့်အနက် မြန်မာ့လက်ရွေးစင်လှေလှော်အသင်းသည် ငွေတံဆိပ်သုံးခုနှင့် ကြေးတံဆိပ်နှစ်ခုတို့ကို ထိုက်ထိုက်တန်တန် ဆွတ်ခူးရရှိထားပြီး ယခု တရုတ်နိုင်ငံ ဟန်ကျိုးမြို့၌ ကျင်းပခဲ့သည့်(World Cup) ကမ္ဘာ့ချန်ပီယံရှစ် နဂါးလှေလှော် လက်ရည်စစ်ပြိုင်ပွဲတွင်လည်း ငွေတံဆိပ်နှစ်ခုနှင့် ကြေးတံဆိပ်နှစ်ခုတို့ကို ထပ်မံဆွတ်ခူးရရှိခဲ့သည့်အတွက် မြန်မာ့လက်ရွေးစင်လှေလှော်အသင်းသည် စုစုပေါင်း ငွေတံဆိပ်ငါးခု၊ ကြေးတံဆိပ်လေးခုဖြင့် မြန်မာနိုင်ငံအတွက် ဆုတံဆိပ်များစွာကို ရယူပေးခဲ့သည်။ အဆိုပါအဖွဲ့တွင် အဖွဲ့ခေါင်းဆောင် မြန်မာနိုင်ငံလှေလှော်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးသောင်းထိုက်မင်း၊ အုပ်ချုပ်/ နည်းပြနှင့် အားကစားသမား စုစုပေါင်း ၂၁ ဦးတို့သည် ယနေ့နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်သို့ ပြန်လည်ရောက်ရှိလာရာ အားကစားနှင့်ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံလှေလှော်အဖွဲ့ချုပ်မှ တာဝန်ရှိသူများနှင့် ပြိုင်ပွဲဝင် အားကစားသမားများ၏ မိဘဆွေမျိုးမိတ်သင်္ဂဟများက ဂုဏ်ပြုကြိုဆိုခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

✤ *ကျော်ဖုံးမှ*

ပေါ်တူဂီအသင်းသည် အသင်းအဓိက တိုက်စစ်ကစားသမား စီရော်နယ်ဒို ပါဝင်လာခြင်းမရှိသော်လည်း ကန်ဆယ်လို၊ ရာမို့စ်တို့၏ ခြေစွမ်းပြသွင်းဂိုးများနှင့်အတူ အရေးပါသည့် နိုင်ပွဲရလဒ်ကို ဖော်ဆောင်နိုင်ခဲ့သည်။ နော်ဝေအသင်းသည် ခရစ္စတိုဖာအေယာ၏ သွင်းဂိုးဖြင့် ပေါ်တူဂီအသင်းကို ဦးဆောင်ခွင့်ရရှိခဲ့သော်လည်း ချေပဂိုးနှင့် အနိုင်ဂိုး ပြန်လည်ခွင့်ပြုပေးခဲ့ရသည့်အတွက် ရှုံးပွဲကြုံတွေ့ခဲ့ခြင်း ဖြစ်သည်။

နော်ဝေအသင်း အဓိကတိုက်စစ်ကစားသမား ဟာလန်းသည် ပုံမှန်ခြေစွမ်းပြသနိုင်ခြင်းမရှိဘဲ ဂိုးပေါက်ပျောက်ဆုံးမှုနှင့် ကြုံတွေ့ခဲ့သည်။ ၎င်းသည် နော်ဝေအသင်းအတွက် ၅၉ ပွဲတွင် ၆၅ ဂိုးအထိ သွင်းယူထားသူဖြစ်သည်။ ပေါ်တူဂီအသင်းသည် ပွဲချိန် ၈၆ မိနစ်တွင် ကွင်းလယ်တိုက်စစ်ကစားသမား ဖရစ္စကို ကွန်စီကာအို အနီကတ်ပြ ထုတ်ပယ်ခံခဲ့ရသည့်အတွက် လက်ကျန်ပွဲချိန်များကို တစ်ယောက်လျော့ဖြင့် ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ရသည်။

လက်ရှိချန်ပီယံ ပေါ်တူဂီအသင်းသည် ယခုအနိုင်ပွဲကြောင့် နေးရှင်းလိဂ်ပြိုင်ပွဲတွင် လေးပွဲကစား လေးပွဲစလုံးနိုင်ပွဲရရှိကာ ရမှတ် ၁၂ မှတ်ဖြင့် ကွာတားဖိုင်နယ်သို့ တက်လှမ်းနိုင်ခဲ့ပြီဖြစ်သည်။ ပြိုင်ဘက် နော်ဝေအသင်းက လေးပွဲကစားပြီး တစ်ပွဲနိုင် သုံးပွဲရှုံးရလဒ် ရရှိထားသည်။

အခြားပွဲစဉ်ရလဒ်များတွင် နယ်သာလန်က ဆားဘီးယားကို နှစ်ဂိုး-တစ်ဂိုး၊ ဒိန်းမတ်က ဝေးလ်ကို တစ်ဂိုး- ဂိုးမရှိဖြင့် နိုင်ပွဲအသီးသီးရရှိခဲ့ပြီး ဂရိနှင့် ဂျာမနီအသင်းပွဲစဉ်တွင် ဂိုးမရှိ သရေရလဒ်ထွက်ပေါ်ခဲ့သည်။

**အောင်ဇော်**

❖ *ကျော်ဖုံးမှ*

ပူးပေါင်းအဖွဲ့သည် သတင်းအရ လယ်ဝေးမြို့နယ် တောင်စဉ်အေးရွာအနီးတွင် ဘိုသက်နိုင်(ခ)ကိုရင်ကုလား မောင်းနှင်ပြီး စိုးနိုင်နှင့် သိန်းဌေးဦး(ခ)စာကလေးတို့ လိုက်ပါလာသည့် HINO ၁၂ ဘီးယာဉ်ကို စစ်ဆေးရှာဖွေရာ စိတ်ကြွဆေးပြား ငါးသန်းကျော် (၎င်းဒေသတန်ဖိုးငွေကျပ် ၇ ဒသမ ၅ ဘီလီယံကျော်)နှင့် ဘိန်းညိုမှုန့် ၂၉၅ ကီလို (၎င်းဒေသတန်ဖိုးငွေကျပ် ၂ ဒသမ ၆၅၅ ဘီလီယံ)ဖမ်းဆီးရမိခဲ့သဖြင့် စုစုပေါင်းငွေကျပ် ၁၀ ဒသမ ၁၅၅ ဘီလီယံကျော်ကို သိမ်းဆည်းရမိခဲ့သည်။

ကွင်းဆက်စစ်ဆေး ဖော်ထုတ်ချက်အရ ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများအား ရှမ်းပြည်နယ်(မြောက်ပိုင်း) ကွတ်ခိုင်မှရန်ကုန်သို့ သယ်ဆောင်ရန် အဓိကစီမံခန့်ခွဲသူမှာ လားရှိုးမြို့နေ အောင်သူထွန်း (ဖမ်းဆီးရန်ကျန်)ဖြစ်ကြောင်း သိရသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**သတင်းစဉ်**

❍ *ကျော်ဖုံးမှ*

ရှမ်းယူနိုက်တက်အသင်း၊ ဗဟန်းကွင်း၌ စစ်ကိုင်းယူနိုက်တက်အသင်းနှင့် Falconအသင်း၊ YUSC ကွင်း၌ ဒဂုံစတားယူနိုက်တက်အသင်းနှင့် ISPE အသင်းတို့ အကြိတ်အနယ်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

ထို့ပြင် အောက်တိုဘာ ၈ ရက်တွင် ဗဟန်းကွင်း၌မြဝတီအသင်းနှင့် ဟံသာဝတီယူနိုက်တက်အသင်းတို့ ကစားကြမည်ဖြစ်ပြီး နောက်ဆုံးပွဲစဉ်အဖြစ် အောက်တိုဘာ ၁၀ ရက်တွင် ဗဟန်းကွင်း၌ ရန်ကုန်စီးတီးအသင်းနှင့် Galaxy အသင်းတို့ ဆက်လက်ယှဉ်ပြိုင်သွားကြမည်ဖြစ်သည်။

ယခုတစ်ပတ်ပွဲစဉ်များတွင် အမှတ်ပေးဇယားထိပ်ပိုင်းအသင်းများ တွေ့ဆုံနေခြင်းကြောင့် အပတ်စဉ်(၁၈) ပြိုင်ပွဲများအပြီးတွင် အမှတ်ပေးဇယား ရပ်တည်မှုများ အပြောင်းအလဲရှိလာနိုင်သည်။

**နေမျိုး**

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

**နေပြည်တော် အောက်တိုဘာ ၅**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၆ ခုနှစ် အောက်တိုဘာ ၄ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် “Victoria Kyaw Naing” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် အရိုးကုန်းရပ်ကွက်နေ အောင်ခင်ဆင့်(ခ)ကျော်နိုင်အား မွန်းလွဲ ၂ နာရီ ၄၅ မိနစ်တွင် တာမွေမြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ကြိုတင်ကာကွယ် စူပါအယ်လ်နီညိုဖြစ်စဉ် အန္တရာယ် . . .

**အယ်လ်နီညို(El Niño) ဖြစ်စဉ်ကြောင့် အစွန်းရောက်မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ကြောင်းနှင့် သက်ဆိုင်ရာကဏ္ဍများအလိုက် ကြိုတင်ပြင်ဆင်နိုင်ကြရန် မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက အသိပေးထုတ်ပြန်ထားပါသည်။ ဖြစ်စဉ်ကာလမှာ ၂၀၂၆ ခုနှစ် နှစ်ကုန်ပိုင်း မှ ၂၀၂၇ ခုနှစ် နှစ်ဆန်းပိုင်းအတွင်း ဖြစ်ပွားနိုင်သည်ဟုလည်း ခန့်မှန်းထားသည်။**

*စောအောင်လင်း*

အယ်လ်နီညိုသည် ပစိဖိတ်သမုဒ္ဒရာတွင် ဖြစ်ပေါ်လေ့ရှိသော သဘာဝဖြစ်စဉ်တစ်ခုဖြစ်ပြီး အပူပိုင်းပစိဖိတ်သမုဒ္ဒရာ၏ ရေမျက်နှာပြင်တွင် ပင်လယ်ရေအပူချိန်မြင့်တက်ခြင်းကြောင့် ဖြစ်ပွားရခြင်းဖြစ်သည်။ အီကွေတာအနီးရှိ အပူပိုင်းပစိဖိတ်သမုဒ္ဒရာ (Tropical Pacific Ocean) ၏ ပင်လယ်ရေမျက်နှာပြင် အပူချိန်နှင့် လေထုဖြစ်စဉ်များ အားအလွန်ကောင်းသော အယ်လ်နီညိုအခြေအနေတွင် ဆက်လက်တည်ရှိနေသည်။ ကမ္ဘာ့မိုးလေဝသအဖွဲ့ချုပ်နှင့် နိုင်ငံတကာရာသီဥတုဗဟိုဌာနများ၏ ထုတ်ပြန်ချက်များကို အခြေခံ၍ ခန့်မှန်းသုံးသပ်ချက်များအရ ယခုနှစ် နှစ်ကုန်ပိုင်းတွင် အယ်လ်နီညို အမြင့်ဆုံးအခြေအနေသို့ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းထားသည်။

အယ်လ်နီညိုဖြစ်စဉ်သည် ပစိဖိတ်သမုဒ္ဒရာတွင် ဖြစ်ပေါ်သည့်ဖြစ်စဉ်ဖြစ်သော်လည်း အယ်လ်နီညိုဖြစ်စဉ်ကြောင့် ကမ္ဘာတစ်ဝန်း ယေဘုယျအားဖြင့် မိုးရွာသွန်းမှု မမှန်ခြင်း၊ မုန်တိုင်းဖြစ်ပေါ်လာမှု မမှန်ခြင်း၊ လာမည့်နွေရာသီကာလများတွင် နေ့အပူချိန်မြင့်မားခြင်း၊ မိုးခေါင်ရေရှားခြင်း စသည့် အစွန်းရောက်မိုးလေဝသ ဖြစ်စဉ်များဖြစ်ပေါ်နိုင်သည်ဟု ခန့်မှန်းထားသည်။ အယ်လ်နီညိုဖြစ်စဉ်သည် လက်ရှိကာလ အင်အားအသင့်အတင့်ရှိနေချိန်၌ မိုးရွာသွန်းမှု မမှန်ခြင်းဖြစ်စဉ်များကြောင့် မိုးသည်းထန်စွာရွာသွန်းခြင်း၊ လေပြင်းတိုက်ခတ်ခြင်း၊ ဆိုင်ကလုန်းမုန်တိုင်းဖြစ်ပွားခြင်းများ ဖြစ်ပေါ်လျက်ရှိပါသည်။

ယေဘုယျအားဖြင့် အယ်လ်နီညိုဖြစ်စဉ်များသည် ပစိဖိတ်သမုဒ္ဒရာတွင် နှစ်နှစ်မှ ငါးနှစ် (သို့မဟုတ်) ငါးနှစ်မှ ခုနစ်နှစ်အတွင်းတစ်ကြိမ် ဖြစ်ပေါ်တတ်ပါသည်။ ယခုနောက်ပိုင်းတွင် နှစ်နှစ်၊ သုံးနှစ်အတွင်း၌လည်း ဖြစ်ပေါ်နေပါသည်။ အဆိုပါ ရေပူစီးကြောင်းသည် ရက်သတ္တပတ်အနည်းငယ်မှ တစ်လ သို့မဟုတ် တစ်လထက် ပို၍ ကြာမြင့်တတ်သော်လည်း သုံးနှစ်မှ ခုနစ်နှစ် တစ်ကြိမ်တွင်မူ အယ်လ်နီညိုဖြစ်စဉ်သည် လပေါင်းများစွာ ကြာမြင့်နိုင်ပါသည်။

အယ်လ်နီညိုဖြစ်စဉ် အားကောင်းပါက တောင်အမေရိကနိုင်ငံများမှတစ်ဆင့် တစ်ကမ္ဘာလုံးသို့ ပျံ့နှံ့ဖြစ်ပွားတတ်ပြီး ရာသီဥတုဖောက်ပြန်မှုများ ပြင်းထန်လာတတ်သည်။ အများအားဖြင့် အပူချိန်လွန်ကဲခြင်း၊ တောမီးလောင်ကျွမ်းခြင်း၊ မိုးခေါင်လွန်းခြင်း၊ သောက်သုံးရေ ရှားပါးခြင်း စသည်တို့ ဖြစ်တတ်သည်။ ဩစတြေးလျနှင့် အရှေ့တောင်အာရှနိုင်ငံများတွင် မိုးခေါင်ရေရှားမှုများ ကြုံတွေ့နိုင်သော်လည်း ပီရူးနိုင်ငံ၏ သဲကန္တာရများတွင် အချိန်အခါမဟုတ် မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုများ ဖြစ်ပေါ်တတ်သည်။ အရှေ့အာဖရိကတွင်မူ ဤဖြစ်စဉ်နှစ်ရပ်စလုံးကို ကြုံတွေ့နိုင်ကြောင်း သိရပါသည်။

၂၀၂၆ ခုနှစ်အတွင်း ကမ္ဘာတစ်ဝန်း၌ အပူချိန်များ မြင့်တက်လာခဲ့သည်။ မေ ၂၇ ရက်နေ့က ပါကစ္စတန်နိုင်ငံ ဂျာကိုဘာဘတ်မြို့တွင် အပူချိန် ၄၉ ဒသမ ၃ ဒီဂရီဆဲလ်စီးယပ်အထိ ရှိခဲ့သဖြင့် ကမ္ဘာ့အမြင့်ဆုံး အပူချိန်အဖြစ် မှတ်တမ်းဝင်ခဲ့သည်။ အလားတူ ဇန်နဝါရီလက ဩစတြေးလျနိုင်ငံအနောက်ပိုင်း အွန်စလိုမြို့တွင် ၄၉ ဒီဂရီဆဲလ်စီးယပ်သို့ ရောက်ရှိခဲ့ပြီး ပြင်းထန်သော အပူလှိုင်းသက်ရောက်မှုအဖြစ် မှတ်တမ်းဝင်ခဲ့သည်။ မေလက ဘာရိန်းနိုင်ငံ၌လည်း အပူချိန် ၄၇ ဒသမ ၆ ဒီဂရီဆဲလ်စီးယပ်ဖြင့် ထိုနိုင်ငံ၏ အမြင့်ဆုံးအပူချိန်အဖြစ် မှတ်တမ်းဝင်ခဲ့သည်။

ဥရောပအနောက်ပိုင်းဒေသများ၊ ဗြိတိန်နှင့် အိုင်ယာလန်နိုင်ငံတို့တွင်လည်း မေလတွင် အမြင့်ဆုံး အပူချိန်များ ဖြစ်ပေါ်ခဲ့သည်။ ပြင်သစ်နိုင်ငံတွင်လည်း မေလတွင် အမြင့်ဆုံးအပူချိန် ၃၉ ဒီဂရီဆဲလ်စီးယပ်အထိ ရောက်ရှိခဲ့သည်။ ဥရောပနိုင်ငံများတွင် အပူချိန်မြင့်မားမှုကြောင့် အပူဒဏ်အန္တရာယ်ကို ခံစားခဲ့ကြရပြီး အပူလှိုင်းကြောင့် သေဆုံးသူ ၁၃၀၀ ကျော်ရှိခဲ့ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ထုတ်ပြန်ခဲ့သည်။ ကမ္ဘာ့အရှေ့ခြမ်းနိုင်ငံများတွင်လည်း လေဆင်နှာမောင်းတိုက်ခတ်ခြင်း၊ မိုးသည်းထန်စွာ ရွာသွန်းခြင်းစသည့် သဘာဝဘေးအန္တရာယ်များကို ရင်ဆိုင်ခံစားခဲ့ကြရသည်။

**❝ အယ်လ်နီညိုဖြစ်စဉ်များတွင် "နေ့အပူချိန် မြင့်တက်ခြင်း"သည် ဆိုးကျိုးများစွာ ခံစားရနိုင်ပြီး လူ့အသက်ဆုံးရှုံးနိုင်သည်အထိ ဖြစ်ပေါ်နိုင်ပါသည်။ နေရောင်ခြည်၏ တိုက်ရိုက်ကျရောက်မှုနှင့် ပူပြင်းခြောက်သွေ့သောလေထုကြောင့် လူ့ခန္ဓာကိုယ်တွင်း ဇီဝဖြစ်စဉ်များကို အနှောင့်အယှက်ဖြစ်စေပါသည်။ ချွေးထွက်လွန်ခြင်းကြောင့် ရေနှင့်သတ္တုဓာတ်များ ဆုံးရှုံးပြီး သွေးကြောများ ကျယ်လာကာ သွေးပေါင်ကျခြင်း၊ မူးဝေခြင်း၊ အပူလျှပ်ခြင်းဝေဒနာများ ခံစားရနိုင်ပါသည်။ ခန္ဓာကိုယ်အပူချိန်တက်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်းများ ဖြစ်ပွားနိုင်သည့်အပြင် ကျောက်ရောဂါ၊ ဝက်သက်ရောဂါနှင့် ဝမ်းပျက်ဝမ်းလျှောရောဂါများလည်း ဖြစ်ပွားနိုင်သည်ကို သတိပြုကြရပါမည် ❞**

မြန်မာနိုင်ငံတွင် ဖြစ်ပေါ်ခဲ့သည့် မှတ်တမ်းများကို လေ့လာကြည့်ပါက ၁၉၉၇ – ၁၉၉၈ ခုနှစ်က ဖြစ်ပွားခဲ့သော အယ်လ်နီညိုဖြစ်စဉ်ကြောင့် မြို့ကြီး ၁၈ မြို့တွင် အမြင့်ဆုံးအပူချိန် စံချိန်သစ်များ တင်ခဲ့ပြီး မြို့ကြီး ၁၅ မြို့တွင် မိုးရေချိန်အနည်းဆုံးစံချိန်သစ်များ တင်ခဲ့သည်။ ၂၀၁၆ ခုနှစ်အတွင်း စံချိန်တင်မီးလောင်ကျွမ်းမှုများ၊ ပူပြင်းခြောက်သွေ့မှုနှင့် တိုက်ရိုက်ဆက်စပ်သည့် ရောဂါဖြစ်ပွားမှုများနှင့် သောက်သုံးရေ ရှားပါးမှုများ ကြုံတွေ့ခဲ့ရသည်။ ၂၀၂၄ ခုနှစ် နွေရာသီက မကွေးတိုင်းဒေသကြီး ချောက်မြို့နယ်တွင် အပူချိန် ၄၈ ဒသမ ၂ ဒီဂရီဆဲလ်စီးယပ်ထိ စံချိန်တင်မြင့်တက်ခဲ့သည်။ ၂၀၂၅ ခုနှစ်တွင်လည်း ၄၅ ဒသမ ၃ ဒီဂရီဆဲလ်စီးယပ်၊ ယခုနှစ်တွင် ၄၄ ဒသမ ၉ ဒီဂရီဆဲလ်စီးယပ် ရှိခဲ့သည်။ အခြားမြေလတ်ဒေသမှ မြို့ကြီး ၁၂ မြို့တွင်လည်း ၄၁ ဒီဂရီဆဲလ်စီးယပ်နှင့်အထက် ရှိခဲ့ကြောင်း မိုးလေဝသမှတ်တမ်းများအရ သိရပါသည်။

ယခု ၂၀၂၆ ခုနှစ်တွင်လည်း အနောက်တောင်မုတ်သုံလေ မဆုတ်ခွာမီနှင့် ဆုတ်ခွာချိန် ကာလများတွင် အားကောင်းသော မုန်တိုင်းငယ်များဖြစ်ပေါ်၍ မိုးသည်းထန်စွာရွာသွန်းခြင်း၊ ရုတ်တရက်ရေကြီး၊ ရေလျှံခြင်း၊ မြေပြိုခြင်း၊ လေပြင်းတိုက်ခတ်ခြင်း၊ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် မိုးသက်လေပြင်းများ ကျရောက်၍ လှိုင်းကြီးခြင်းများ ဖြစ်ပေါ်ခဲ့သည်။

ယခုအယ်လ်နီညိုဖြစ်စဉ်သည် ယခင်ဖြစ်စဉ်များထက် အားအလွန်ကောင်းသည့်ဖြစ်စဉ် ဖြစ်ခြင်းကြောင့် **"စူပါအယ်လ်နီညို"** ဟူ၍ပင် ဆိုထားပါသည်။ အားအလွန်ကောင်းသည့် စူပါအယ်လ်နီညိုသည် အစွန်းရောက် မိုးလေဝသဖြစ်စဉ်တစ်ခုဖြစ်ပြီး သဘာဝဘေးအန္တရာယ်တစ်ခုလည်း ဖြစ်ပါသည်။

သဘာဝဘေးအန္တရာယ်ဆိုသည်မှာ သဘာဝအတိုင်း တည်ငြိမ်အေးချမ်းရာမှ ရုတ်ချည်းပြောင်းလဲဖောက်ပြန်သောဖြစ်စဉ်ဖြစ်ပါသည်။ သဘာဝဘေးအန္တရာယ်များသည် ဖယ်ရှားပစ်၍ မရ၊ ရပ်တန့်ထား၍ မရ၊ တားဆီးထား၍လည်းမရနိုင်ပါ။ နည်းပညာခေတ်တွင် အနီးစပ်ဆုံး ကြိုတင်ခန့်မှန်းတွက်ချက်မှုများ ရရှိနိုင်သော်လည်း မည်သည့်အချိန်၊ မည်သည့်နေ့ရက်၊ မည်သည့်ဒေသတွင် အင်အားမည်မျှဖြင့် ဖြစ်ပေါ်နိုင်မည်ကို တိကျခိုင်မာသော အသေးစိတ်အခြေအနေများကို မသိရှိနိုင်သေးပါ။

## ကြိုတင်ပြင်ဆင်ခြင်း

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက အယ်လ်နီညိုဖြစ်စဉ် သတင်းအချက်အလက်များကို အချိန်နှင့် တစ်ပြေးညီ ထုတ်ပြန်ပေးလျက်ရှိပါသည်။ ဌာနဆိုင်ရာများမှလည်း မိမိတို့နှင့် သက်ဆိုင်သည့် လုပ်ငန်းများအတွက် ပြည်သူများလိုက်နာရန် စည်းကမ်းများ၊ ညွှန်ကြားချက်များ၊ အကြံပြုချက်များ၊ ပညာပေးအစီအစဉ်များ ထုတ်ပြန်ပေးခြင်း၊ လူမှုရေးအသင်းအဖွဲ့များ၊ ပရဟိတအဖွဲ့များနှင့် ပူးပေါင်း၍ သရုပ်ပြလေ့ကျင့်ခြင်း၊ သရုပ်ပြခြင်းနှင့်အသိပညာပေးလုပ်ငန်းများ ကျယ်ပြန့်စွာ ဆောင်ရွက်ပေးသင့်ပါသည်။ နိုင်ငံပိုင်မီဒီယာများ သာမက ပုဂ္ဂလိကပိုင်မီဒီယာများမှလည်း သတင်းထုတ်ပြန်ပေးခြင်း၊ အသိပညာပေးခြင်း၊ လိုက်နာရမည့်အစီအစဉ်များ ထုတ်လွှင့်ဖော်ပြပေးခြင်းများကို ကျယ်ကျယ်ပြန့်ပြန့် ပူးပေါင်းဆောင်ရွက်သင့်ပါသည်။

ပြည်သူများအနေဖြင့်လည်း နိုင်ငံတော်က တရားဝင်ထုတ်ပြန်ပေးသည့် မိုးလေဝသသတင်းများကို အမြဲမပြတ်ကြည့်ရှုနားထောင်ခြင်း၊ လိုက်နာဆောင်ရွက်ခြင်း၊ ပတ်ဝန်းကျင်သို့ ပြန်လည်မျှဝေပေးခြင်းများ ဆောင်ရွက်ကြရပါမည်။ ပြည်သူအများစိတ်မချမ်းမြေ့ဖွယ်၊ စိုးရိမ်ပူပန်ဖွယ်ရာ သတင်းတု၊ သတင်းမှားများနှင့် ကောလာဟလများကို ချင့်ချိန်လက်ခံယုံကြည်ကြရန်လည်း လိုအပ်ပါသည်။

အယ်လ်နီညိုဖြစ်စဉ်များတွင် "နေ့အပူချိန် မြင့်တက်ခြင်း"သည် ဆိုးကျိုးများစွာ ခံစားရနိုင်ပြီး လူ့အသက်ဆုံးရှုံးနိုင်သည်အထိ ဖြစ်ပေါ်နိုင်ပါသည်။ နေရောင်ခြည်၏ တိုက်ရိုက်ကျရောက်မှုနှင့် ပူပြင်းခြောက်သွေ့သောလေထုကြောင့် လူ့ခန္ဓာကိုယ်တွင်း ဇီဝဖြစ်စဉ်များကို အနှောင့်အယှက်ဖြစ်စေပါသည်။ ချွေးထွက်လွန်ခြင်းကြောင့် ရေနှင့်သတ္တုဓာတ်များ ဆုံးရှုံးပြီး သွေးကြောများကျယ်လာကာ သွေးပေါင်ကျခြင်း၊ မူးဝေခြင်း၊ အပူလျှပ်ခြင်းဝေဒနာများ ခံစားရနိုင်ပါသည်။ ခန္ဓာကိုယ်အပူချိန်တက်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်းများ ဖြစ်ပွားနိုင်သည့်အပြင် ကျောက်ရောဂါ၊ ဝက်သက်ရောဂါနှင့် ဝမ်းပျက်ဝမ်းလျှောရောဂါများလည်း ဖြစ်ပွားနိုင်သည်ကို သတိပြုကြရပါမည်။

နေ့အပူချိန်မြင့်တက်ချိန် နံနက် ၁၁ နာရီမှ ညနေ ၄ နာရီအတွင်းသည် ခရမ်းလွန်ရောင်ခြည် အပြင်းထန်ဆုံးနှင့် အပူရှိန်အမြင့်ဆုံးအချိန်ဖြစ်ပါသည်။ ထိုအချိန်တွင် ရေချိုးခြင်း၊ အပြင်ထွက်ခြင်းများ မပြုသင့်ပါ။ မဖြစ်မနေ အပြင်ထွက်ရပါက ထီး၊ ဦးထုပ်နှင့် လေဝင်လေထွက်ကောင်းသည့် အဝတ်အစားဝတ်ဆင်ပြီးမှ အပြင်သို့ ထွက်ခြင်း၊ ရေများများသောက်ပေးခြင်း၊ ဓာတ်ဆားရည်သောက်ခြင်း၊ အေးမြပြီး အရိပ်ရသောနေရာတွင် နားခိုနေထိုင်ခြင်း၊ လေဝင်လေထွက်ကောင်းသည့်နေရာတွင် နားနေခြင်း၊ အချို၊ အဆီအဆိမ့်၊ အငန်၊ အစပ် စားသုံးမှု လျှော့ချခြင်း၊ အရက်၊ ဘီယာ သောက်သုံးခြင်း၊ မူးယစ်ဆေးဝါးသုံးစွဲမှုများ ရှောင်ကြဉ်ခြင်း၊ ရေဓာတ်ရရှိစေမည့် အရည်ရွှမ်းသည့်သီးနှံများနှင့် ဟင်းသီးဟင်းရွက်များ စားသုံးခြင်းတို့ ပြုသင့်ပါသည်။

အထူးသဖြင့် သက်ကြီးရွယ်အိုများ၊ နာတာရှည်ရောဂါသည်များ၊ ကလေးသူငယ်များ၏ ကျန်းမာရေးကို အထူးဂရုပြုသင့်ပါသည်။ အပူဒဏ်ကြောင့် ဝေဒနာခံစားရပါက နီးစပ်ရာဆေးရုံ ဆေးခန်းများသို့ အမြန်ဆုံးသွားရောက်၍ ဆေးကုသမှုခံယူသင့်ပါသည်။ အပူချိန်မြင့်တက်မှုကြောင့် ရေရှားပါးမှု ဖြစ်ပေါ်နိုင်၍ သောက်သုံးရေ၊ စိုက်ပျိုးရေများ ဖူလုံအောင် ကြိုတင်စုဆောင်းထားသင့်ပါသည်။ ထို့ပြင် မီးလောင်ကျွမ်းခြင်းများ မဖြစ်စေရန် သတိပြုကြရပါမည်။

စူပါအယ်လ်နီညိုဖြစ်စဉ်ကြောင့် လေပြင်းမုန်တိုင်းတိုက်ခတ်ခြင်း၊ မိုးသည်းထန်စွာ ရွာသွန်းခြင်း၊ ရေကြီးရေလျှံခြင်း၊ မြေပြိုခြင်းနှင့် ဆောင်းရာသီတွင် အအေးပိုခြင်းစသည့် အစွန်းရောက်ရာသီဥတုဖြစ်စဉ်များလည်း ဖြစ်ပွားနိုင်ပါသည်။ မြန်မာနိုင်ငံတွင် နာဂစ်၊ မိုခါ၊ ရာဂီမုန်တိုင်းကဲ့သို့ ပြင်းထန်သည့် မုန်တိုင်းဒဏ်များကို ခံစားခဲ့ကြရဖူးပါသည်။ မုန်တိုင်းအန္တရာယ်ကြောင့် စည်းစိမ်ဥစ္စာများ၊ နိုင်ငံတော်၏ အခြေခံအဆောက်အအုံများနှင့် ပြည်သူတို့၏ အသက်ဆုံးရှုံးမှုများလည်း ခံစားခဲ့ကြရပါသည်။

မုန်တိုင်းသတင်း သိရှိရပါက မဖြစ်ပွားမီကပင် နေအိမ်ကြံ့ခိုင်မှုနှင့် နေအိမ်ပတ်ဝန်းကျင်တွင် ဘေးအန္တရာယ်ဖြစ်နိုင်ခြေများကို စစ်ဆေးခြင်း၊ အန္တရာယ်ဖြစ်စေနိုင်သည့် သစ်ပင်သစ်ကိုင်းများ ရှင်းလင်းခြင်း၊ ဘေးအန္တရာယ်ကြုံတွေ့ရပါက မိသားစုအရေးပေါ်ရွှေ့ပြောင်းရန်နေရာ၊ လမ်းကြောင်းများနှင့် မိသားစုဆုံရပ်ကို ကြိုတင်သတ်မှတ်၍ မိသားစုဝင်များကို အသိပေးထားခြင်း၊ အရေးပေါ်သုံးပစ္စည်း၊ ဆေးဝါးများနှင့် အရေးပေါ်အသက်ကယ်ပစ္စည်းများ ကြိုတင်ပြင်ဆင်ထားခြင်းများ ဆောင်ရွက်ထားရပါမည်။ မုန်တိုင်းဗဟိုဖြတ်သန်းချိန်တွင် ခေတ္တလေငြိမ်တတ်သော်လည်း မကြာမီအချိန်အတွင်း ဆန့်ကျင်ဘက်အရပ်မှ ပိုမိုပြင်းထန်သည့်လေများ တိုက်ခတ်နိုင်သည်ကိုလည်း သတိပြုကြရပါမည်။ မုန်တိုင်းအန္တရာယ်ကင်းရှင်းကြောင်း သက်ဆိုင်ရာမှ သတင်းထုတ်ပြန်သည်အထိ ဘေးကင်းလုံခြုံသောနေရာတွင်သာ နေထိုင်ကြရပါမည်။

*စာမျက်နှာ ၁၇ သို့*

# မလေးရှားနိုင်ငံမှ ပြန်လည်ခေါ်ဆောင်လာသည့် မန္တလေးတိုင်းဒေသကြီးအတွင်းမှ နေရပ်ပြန်မည့်သူများအား စနစ်တကျနေရာချထားပေး

**မန္တလေး အောက်တိုဘာ ၅**
နိုင်ငံတော်အစိုးရအနေဖြင့် ပြည်ပတွင်ရောက်ရှိနေသည့် မြန်မာနိုင်ငံသားများအား မည်သို့သောအခြေအနေတွင်ဖြစ်စေ အခက်အခဲကြုံတွေ့လာပါက အမိနိုင်ငံသားများအပေါ် အလေးအနက်ထား ကူညီစောင့်ရှောက်ပေးလျက်ရှိသည်။

မလေးရှားနိုင်ငံမှ မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်လာပြီး သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်များသို့ပြန်လည်စေလွှတ်လိုက်သော မန္တလေးတိုင်းဒေသကြီးအတွင်းမှ နေရပ်ပြန်မည့်သူများအား မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့က အနီးကပ်ကြီးကြပ်၍ သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများက ခေတ္တနားခိုနေထိုင်နိုင်ရေးအတွက် လိုအပ်သည်များကို စနစ်တကျဆောင်ရွက်ပေးခဲ့သည်။

မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီးဝန်ကြီးများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် အောင်မြေသာစံမြို့နယ် အောင်မြေမန္တလာအားကစားကွင်းရှိ အိပ်ဆောင်များတွင် ခေတ္တနားခိုနေထိုင်နေကြသည့် တိုင်းဒေသကြီးအတွင်းရှိ ခရိုင်ကိုးခုမှ နေရပ်ပြန်မည့်သူ ၆၀ အား စနစ်တကျစီစဉ်ဆောင်ရွက်ထားရှိမှုများကို လှည့်လည်ကြည့်ရှုပြီး ခေတ္တနားခိုနေထိုင်စဉ်အတွင်း အခက်အခဲမရှိစေရန် ဝိုင်းဝန်းပူးပေါင်း၍ စနစ်တကျကြပ်မတ်ဆောင်ရွက်သွားရေး တာဝန်ရှိသူများအား မှာကြားကာ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်းနှင့် မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းအပ်နှံပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**





# တတိယအကြိမ် ချင်းပြည်နယ်လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး တတိယနေ့ကျင်းပ

**ဟားခါး အောက်တိုဘာ ၅**
တတိယအကြိမ် ချင်းပြည်နယ်လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး တတိယနေ့ကို ယနေ့နံနက်ပိုင်းတွင် ဟားခါးမြို့ ချင်းပြည်နယ်လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ ချင်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌက အစည်းအဝေး တက်ရောက်မှုအခြေအနေကို လွှတ်တော်သို့ တင်ပြပြီး အစည်းအဝေး အထမြောက်ကြောင်းနှင့် အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာကာ အစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်သည်။

ထို့နောက်ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်နှစ်ဦး မေးမြန်းသည့် ကြယ်ပွင့်ပြ မေးခွန်းများကို သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင်များက ပြန်လည်ဖြေကြားကြသည်။

ယင်းနောက် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ဟားခါးမြို့နယ် မဲဆန္ဒနယ်ကိုယ်စားလှယ် အမှတ် (၂) ဦးဆန်းအုပ်မန်း တင်သွင်းခဲ့သည့် ချင်းပြည်နယ်၏ မြို့တော်ဖြစ်သော ဟားခါးမြို့တွင် ယနေ့အချိန်အထိ မြို့တော်ခန်းမမရှိသေးသဖြင့် တည်ဆောက်ပေးနိုင်ရေးအတွက် ချင်းပြည်နယ်အစိုးရအား တိုက်တွန်းကြောင်း အဆိုနှင့် ပတ်သက်၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ ရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်းကြေညာပြီး တတိယအကြိမ် ချင်းပြည်နယ်လွှတ်တော် စတုတ္ထ ပုံမှန်အစည်းအဝေး တတိယနေ့ကို ရပ်နားလိုက်ကြောင်း သိရသည်။

**ခရိုင်**
**(ပြန်/ဆက်)**

# တတိယအကြိမ် ကချင်ပြည်နယ်လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး တတိယနေ့ဆက်လက်ကျင်းပ



**မြစ်ကြီးနား အောက်တိုဘာ ၅**
တတိယအကြိမ် ကချင်ပြည်နယ်လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးတတိယနေ့ကို ယနေ့မွန်းလွဲ ၁ နာရီတွင် မြစ်ကြီးနားမြို့ ပြည်နယ်လွှတ်တော်ရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးရားဝမ်ဂျုံ၊ ဒုတိယဥက္ကဋ္ဌ ဦးသိန်းထွန်းအေးနှင့် လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ်များက မေးခွန်း ၁၀ ခုကို မေးမြန်းကြရာ သက်ဆိုင်ရာ ပြည်နယ်ဝန်ကြီးများက ပြန်လည်ရှင်းလင်း ဖြေကြားကြသည်။

ထို့နောက် မိုးကောင်းမြို့နယ် မဲဆန္ဒနယ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် အမှတ်(၁) ဦးနေလင်းစိုး က "ရပ်ကွက် / ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများအား နိုင်ငံတော်မှ ထောက်ပံ့ပေးသည့် ထောက်ပံ့ငွေနှင့် ရုံးအသုံးအဆောင်များကို လက်ရှိ ကုန်ဈေးနှုန်းများဖြင့် ကိုက်ညီမှုရှိစေရန် ပြန်လည်သုံးသပ်၍ တိုးမြှင့်သတ်မှတ်ပေးရန် ပြည်နယ်အစိုးရအဖွဲ့မှ တစ်ဆင့် ပြည်ထောင်စုအစိုးရအဖွဲ့သို့ တိုက်တွန်းကြောင်း" အဆိုအားတင်သွင်းရာ မိုးညှင်းမြို့နယ်မဲဆန္ဒနယ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် အမှတ်(၁) ဦးထက်အောင်က အဆိုအားထောက်ခံပြီး ယင်းအဆိုနှင့်စပ်လျဉ်း၍ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်၏ အဆုံးအဖြတ်ကိုရယူကာ လွှတ်တော်တွင်လက်ခံဆွေးနွေးရန် ဆုံးဖြတ်ကြောင်း ကြေညာပြီး ဆွေးနွေးလိုသည့်ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဆက်လက်၍ ကချင်ပြည်နယ်လွှတ်တော် သစ်တော၊ သတ္တု၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးကော်မတီဥက္ကဋ္ဌ ဗန်းမော်မြို့နယ် မဲဆန္ဒနယ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် အမှတ်(၂) ဦးဖိုးပါကြွယ်က **"ကချင်ပြည်နယ် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေကြမ်း"** အား ပြည်နယ်လွှတ်တော်သို့ တင်သွင်းပြီး ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက တတိယအကြိမ် ကချင်ပြည်နယ်လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး တတိယနေ့ကို ရပ်နားလိုက်ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

## တိမ်အနည်းငယ် ဖြစ်ထွန်း

**နေပြည်တော် အောက်တိုဘာ ၅**
ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်၊ ဘင်္ဂလားပင်လယ်အော်တောင်ပိုင်း၊ အနောက်အလယ်ပိုင်းနှင့် အနောက်မြောက်ပိုင်းတို့တွင် မုတ်သုံလေအားနည်းနေသည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေသည်။

**မိုး/ဇလ**

*စာမျက်နှာ ၁၆ မှ*
မိုးလေဝသဌာနမှ မုန်တိုင်း၏ အန္တရာယ်ကိုပြည်သူများ နားလည်သဘောပေါက်လွယ်စေရန် အရောင်နှင့် သတိပေးစနစ်များဖြင့် ထုတ်ပြန်ပေးထားပါသည်။ ၎င်းတို့မှာ –

(က) အဝါရောင် = ဘင်္ဂလားပင်လယ်အော်၊ ကပ္ပလီပင်လယ်တွင် မုန်တိုင်းများဖြစ်ပေါ်နေသည်။ မုန်တိုင်း၏အခြေအနေကို သတိထားနားစွင့်ပါ။

(ခ) လိမ္မော်ရောင် = မုန်တိုင်းသည် မြန်မာ့ကမ်းရိုးတန်းသို့ ဦးတည်နေသည်။ မုန်တိုင်းသည် မိမိနေထိုင်ရာဒေသဆီသို့ ဦးတည်ရွေ့လျားသည်ဟု သတင်းရရှိပါက မုန်တိုင်း၏ ပြောင်းလဲမှုဖြစ်စဉ်ကို အထူးသတိထားစောင့်ကြည့်ပါ။

(ဂ) အနီရောင် = မုန်တိုင်းသည် ကမ်းရိုးတန်းသို့ (၁၂)နာရီအကြာတွင် ရောက်ရှိလာမည်ဖြစ်ပြီး အန္တရာယ်ရှိနိုင်သည်။ လုံခြုံစိတ်ချရသောနေရာသို့ ပြောင်းရွှေ့နေရာယူပါ။

(ဃ) အညိုရောင် = မုန်တိုင်းအန္တရာယ် ကျရောက်နေသည်။ လုံခြုံစိတ်ချရသည့်နေရာများတွင် ခိုလှုံနေပါ။

(င) အစိမ်းရောင် = မုန်တိုင်း အားပျော့ပျက်ပြယ်သွားပြီး မိမိနေအိမ်သို့ ပြန်နိုင်ပြီတို့ ဖြစ်ပါသည်။

မိဘပြည်သူများသည် စူပါအယ်လ်နီညိုဖြစ်စဉ်များကို ကြိုတင်ပြင်ဆင်ကာကွယ်နိုင်ရန် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သတင်းထုတ်ပြန်ချက်များ၊ သတိပေးချက်များ၊ အကြံပြုချက်များကိုလေ့လာ၍ မဖြစ်မနေလိုက်နာလုပ်ဆောင်ကြရပါမည်။ လူသားတို့၏ ပယောဂကြောင့် ကမ္ဘာကြီးပူနွေးလာရာမှ အစွန်းရောက်ရာသီဥတုဖြစ်စဉ်များဖြစ်ပေါ်မှု ပိုမိုများပြားလာသကဲ့သို့ ပိုမိုပြင်းထန်သည့် သက်ရောက်မှုများကိုလည်း ခံစားနေကြရပါသည်။ သဘာဝဘေးအန္တရာယ်များကို ကြိုတင်ပြင်ဆင်ကာကွယ်ခြင်းဖြင့်သာ ထိခိုက်ဆုံးရှုံးမှုနည်းပါးအောင် ဆောင်ရွက်နိုင်ပါသည်။ စူပါအယ်လ်နီညိုဖြစ်စဉ်များကိုလည်း ထိခိုက်ဆုံးရှုံးမှုအနည်းဆုံးဖြစ်အောင် ကြိုတင်ကာကွယ်သွားနိုင်ကြပါရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

**ကိုးကား**
- နေ့စဉ်ထုတ်သတင်းစာများ
- လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ပညာပေးစာစောင်များ
- http:// my.wikipedia . org

❖



## တတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် စတုတ္ထပုံမှန် အစည်းအဝေး တတိယနေ့ကျင်းပ

**မုံရွာ အောက်တိုဘာ ၅**

တတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး တတိယနေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် မုံရွာမြို့ရှိ လွှတ်တော်အဆောက်အအုံ လွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးတင့်လှိုင်မြင့်က အစည်းအဝေး တက်ရောက်မှုအခြေအနေကို လွှတ်တော်သို့တင်ပြပြီး အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာကာ အစည်းအဝေး တက်ရောက်မှုအခြေအနေကို လွှတ်တော်၏ အတည်ပြုချက်ရယူ၍ မှတ်တမ်းတင်သည်။

ထို့နောက် လွှတ်တော်ကိုယ်စားလှယ် ကိုးဦးက ကြယ်ပွင့်ပြမေးခွန်း ကိုးခုကို မေးမြန်းရာ သက်ဆိုင်ရာ တိုင်းဒေသကြီးဝန်ကြီးများက ပြန်လည်ဖြေကြားကြပြီး တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ်၏ တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးအပ်နိုင်ရေး အဆိုပြုချက်အား ဖတ်ကြားပြီး ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်ဆိုင်ရာ သတင်းထုတ်ပြန်ရေးအဖွဲ့ ဖွဲ့စည်းခြင်းနှင့်စပ်လျဉ်း၍ ဖတ်ကြားရှင်းလင်းပြီး လွှတ်တော်ဒုတိယဥက္ကဋ္ဌက လွှတ်တော်ဆိုင်ရာ သတင်းထုတ်ပြန်ရေးအဖွဲ့ ဖွဲ့စည်းခြင်းနှင့် တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို ရှင်းလင်းဖတ်ကြားကာ လွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်ဆိုင်ရာ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် အပါအဝင် အဖွဲ့ဝင်ခုနစ်ဦး၏ အမည်စာရင်းကို လွှတ်တော်သို့ တင်ပြပြီး ဆွေးနွေးလိုသော လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းကို တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဆက်လက်၍ စီမံကိန်း၊ စီးပွားရေးနှင့် ဘဏ္ဍာရေးဝန်ကြီးက စစ်ကိုင်းတိုင်းဒေသကြီး အသေးစားငွေချေးလုပ်ငန်းဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့် ဥပဒေ(မူကြမ်း)ကို လွှတ်တော်သို့ တင်သွင်းရာ လွှတ်တော်ဥက္ကဋ္ဌက ယင်းဥပဒေ(မူကြမ်း)နှင့် စပ်လျဉ်း၍ ဥပဒေပြုရေးဆိုင်ရာကော်မတီသို့ လွှဲပြောင်းကြောင်း ကြေညာသည်။

ထို့နောက် စီမံကိန်း၊ စီးပွားရေးနှင့်ဘဏ္ဍာရေးဝန်ကြီးက စစ်ကိုင်းတိုင်းဒေသကြီး ဘဏ္ဍာရန်ပုံငွေတွင် ပါဝင်သောဌာန၊ အဖွဲ့အစည်းများ၏ ၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ် အရအသုံး ခန့်မှန်းခြေငွေစာရင်းကို တင်သွင်းပြီး ဒေါ်စန္ဒာသိန်း မော်လိုက်မြို့နယ် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် အမှတ်(၁)က "နိုင်ငံတော်အတွင်း လတ်တလောကြုံတွေ့လာနိုင်သော အယ်လ်နီညိုရာသီဥတု၏ သက်ရောက်မှုများကို ရင်ဆိုင်ကျော်လွှားနိုင်ရေးအတွက် ကြိုတင်ကာကွယ်ရေးနှင့် တုံ့ပြန်ရေးအစီအမံများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်ပေးရန် အစိုးရအားတိုက်တွန်းကြောင်း" အရေးကြီးအဆိုတင်သွင်းရာ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်ခုနစ်ဦးက ထောက်ခံဆွေးနွေးကြသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ လွှတ်တော်က သဘောတူသည့်အတွက် အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာကာ တတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးတတိယနေ့ ရပ်နားလိုက်ကြောင်း သတင်းရရှိသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ လူမှုဝန်ထမ်းနှင့် အသက်မွေးဝမ်းကျောင်းပညာဆိုင်ရာ လုပ်ငန်းဆပ်ကော်မတီ အစည်းအဝေးကျင်းပ

**နေပြည်တော် အောက်တိုဘာ ၅**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအနေဖြင့် နယ်စပ်ဒေသဖွံ့ဖြိုးရေးအတွက် လိုအပ်သည့် အခြေခံအဆောက်အအုံများကို ဆောင်ရွက်ပေးခြင်း၊ ပြည်သူပူးပေါင်းပါဝင်မှုအားကောင်းသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ၊ ခေတ်မီစံပြကျေးရွာစီမံကိန်းများ ဆောင်ရွက်ပေးခြင်း၊ ကျေးလက်ပြည်သူများ၏ အသက်မွေးဝမ်းကျောင်း လုပ်ငန်းများအတွက် အထောက်အကူပြုသည့် အသက်မွေးဝမ်းကျောင်း သင်တန်းများ ဖွင့်လှစ်ခြင်း၊ တစ်နိုင်တစ်ပိုင်လုပ်ငန်း ဆောင်ရွက်မည့်သူများအတွက် အရင်းအနှီးရရှိရေး မြစ်မိုးရောင် ကျေးရွာစီမံကိန်း၊ ကျေးလက်စီးပွားမြင့်မားရေး စီမံကိန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ယနေ့နံနက်ပိုင်းတွင် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည့် ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ လူမှုဝန်ထမ်းနှင့် အသက်မွေးဝမ်းကျောင်းပညာဆိုင်ရာ လုပ်ငန်းဆပ်ကော်မတီ (၁/၂၀၂၆)အစည်းအဝေးတွင် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိုက်စိုးက ထိုသို့ ပြောကြားခဲ့ခြင်းဖြစ်သည်။

ထို့ပြင် ပြည်မဒေသများနှင့် ဖွံ့ဖြိုးတိုးတက်မှု ကွာဟချက်ရှိနေသည့် နယ်မြေဒေသများကို ကွာဟမှုနည်းပါးစေရေး ဆောင်ရွက်ပေးသွားရန်၊ ဒေသခံပြည်သူများ၊ နယ်စပ်ဒေသရှိ တိုင်းရင်းသားများ၏ လိုအပ်ချက်များကို ထိရောက်သည့် ဖွံ့ဖြိုးရေးလုပ်ငန်းများဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သွားရန်၊ စားသောက်ကုန်များ ဖူလုံစေရေးအတွက် ဒေသအလိုက် ကုန်ထုတ်လုပ်မှုများကို မြှင့်တင်ထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားရန်လည်း ဒုတိယဝန်ကြီးကတိုက်တွန်းပြောကြားခဲ့သည်။

အစည်းအဝေးတွင် လုပ်ငန်းဆပ်ကော်မတီ အတွင်းရေးမှူး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ်က လုပ်ငန်းစီမံကိန်းလျာထားချက်များကို ရှင်းလင်းပြောကြားပြီး လုပ်ငန်းဆပ်ကော်မတီအဖွဲ့ဝင်များက သက်ဆိုင်ရာကော်မတီအလိုက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှု၊ ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအမံများကို ဆွေးနွေးတင်ပြကြရာ ဒုတိယဝန်ကြီးက လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ် ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



## (၅-၁၀-၂၀၂၆) ရက်နေ့ရှိ နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

| | အမေရိကန်ဒေါ်လာ | တရုတ်ယွမ် | ထိုင်းဘတ် | အိန္ဒိယရူပီး |
|---|---|---|---|---|
| ငွေလဲလှယ်နှုန်း | ၃၆၆၂.၅ ~ ၃၆၆၉ | ၅၅၇ ~ ၅၅၇.၉ | ၁၂၅.၅ ~ ၁၂၅.၇ | ၄၃.၆၀ |
| ဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ | ၉,၃၀၂,၉၅၆.၁၄ | ၇,၆၉၄,၄၅၃.၂၀ | ၃၁,၅၈၄,၆၆၇.၆၀ | |

## စိတ်ကျန်းမာရေးမကောင်းသူ အမျိုးသားတစ်ဦးကို ပင်လယ်ပြင် ကျားဖောင်လုပ်ငန်း၌ လုပ်ကိုင်ရန် ခြိမ်းခြောက်ခေါ်ဆောင်ပြီး လုပ်အားခငွေများအား ခေါင်းပုံဖြတ်ရယူရန် ဆောင်ရွက်ခဲ့သူများကို လူကုန်ကူးမှုဖြင့် အလုပ်နှင့် ထောင်ဒဏ်ချမှတ်

**နေပြည်တော် အောက်တိုဘာ ၅**

စိတ်ကျန်းမာရေး မကောင်းသူ အမျိုးသားတစ်ဦးကို ပင်လယ်ပြင် ကျားဖောင်လုပ်ငန်း၌ လုပ်ကိုင်ရန် ခြိမ်းခြောက်ခေါ်ဆောင်ပြီး လုပ်အားခငွေများအား ခေါင်းပုံဖြတ်ရယူရန် ဆောင်ရွက်ခဲ့သူများကို လူကုန်ကူးမှုဖြင့် အလုပ်နှင့် ထောင်ဒဏ် ၁၅ နှစ်ချမှတ်ပြီး တိမ်းရှောင်တရားခံများကို ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၈၇/၈၈ အတည်ပြု ထုတ်ဆင့်ခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်နေ စိတ်ကျန်းမာရေး မကောင်းသူ အမျိုးသားတစ်ဦး နေအိမ်မှ ပျောက်ဆုံးသွားသဖြင့် ဖခင်ဖြစ်သူ ဦးမောင်မောင်လွင်က လိုက်လံရှာဖွေခဲ့ရာ ၎င်း၏သားဖြစ်သူအား တစ်မြို့နယ်တည်းနေ ဇော်လှိုင်မောင်၊ ဆိုတေး၊ ထွန်းဝင်းလှိုင်(ခ) ကုလားဝတုတ်၊ ကျော်နိုင်ဦး(ခ) ဖိုးကျော်၊ အောင်ဆန်း(ခ) ဘုံတို၊ မမြမြထွေး(ခ)ကလေးမနှင့် မရီရီသန်းတို့က ခြိမ်းခြောက်ခေါ်ဆောင်ကာ ကျားဖောင်ရေလုပ်ငန်းသို့ ပို့ဆောင်၍ လုပ်အားခအပေါ် ခေါင်းပုံဖြတ် အကျိုးအမြတ်ရယူရန် အေးလွင်၊ မကံ့ကော်ပန်း(ခ)ပုံ့ပုံ့နှင့် အောင်ကိုဦးတို့နှင့် ချိတ်ဆက်ဆောင်ရွက်ခဲ့ကြောင်း စိစစ်ပေါ်ပေါက်သဖြင့် အမှတ်(၆)လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့စု (ရန်ကုန်)မှ တရားလိုပြုလုပ်တိုင်တန်းခဲ့ရာ လှိုင်သာယာ (အနောက်ပိုင်း)မြို့နယ် သောင်ကြီးနယ်မြေရဲစခန်းက လူကုန်ကူးမှု တားဆီးနှိမ်နင်းရေး ဥပဒေပုဒ်မ ၃၈(ခ)ဖြင့် အမှုရေးဖွင့် တရားစွဲတင်ခဲ့ပြီး အောက်တိုဘာ ၁ ရက်တွင် အင်းစိန်ခရိုင်တရားရုံးမှ ဖမ်းမိတရားခံ အေးလွင်၊ မကံ့ကော်ပန်း (ခ)ပုံ့ပုံ့၊ အောင်ကိုဦးနှင့် ဇော်လှိုင်မောင်တို့ လေးဦးအား လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၈(ခ)အရ အလုပ်နှင့် ထောင်ဒဏ် ၁၅ နှစ်စီ ကျခံစေရန် အမိန့်ချမှတ်ခဲ့ပြီး တိမ်းရှောင်တရားခံ ဆိုတေး၊ ထွန်းဝင်းလှိုင် (ခ)ကုလားဝတုတ်၊ ကျော်နိုင်ဦး(ခ)ဖိုးကျော်၊ အောင်ဆန်း(ခ)ဘုံတို၊ မမြမြထွေး(ခ) ကလေးမနှင့် မရီရီသန်းတို့ ခြောက်ဦးကို ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၈၇/၈၈ အတည်ပြု ထုတ်ဆင့်ခဲ့ကြောင်း သိရသည်။

ထို့ပြင် လူမှုကွန်ရက်စာမျက်နှာ Hlaing Info မှ "မြန်မာကျားဖြန့်ဂိုဏ်းတွေက ဘယ်လာရုစ်အဆိုတော်ကိုသတ်ပြီး ကိုယ်တွင်းအင်္ဂါတွေ ထုတ်ယူသွားခဲ့တယ်လို့ သတင်းထွက်" ဟူသော ခေါင်းစဉ်ဖြင့် ဖော်ပြပါရှိသဖြင့် စိစစ်ဆောင်ရွက်ခဲ့ရာ မြန်မာနိုင်ငံသား ကျော်သူ(ခ)စောကျော်သူ၊ ဇင်မင်းထွန်း၊ ရဲလင်းထွန်း(ခ)ကိုရဲ၊ ညီညီသက်နှင့် မနန်းပေါင်းဟွမ်း (ခ)ဆိုဖီယာ(ခ)Li Li(ခ) ကျင်းကျင်းတို့ ငါးဦးက ဘယ်လာရုစ်နိုင်ငံသူ တစ်ဦးအား ငွေကြေးဖြင့် မက်လုံးပေးခေါ်ဆောင်၍ မြန်မာနိုင်ငံသား မျိုးဇော်လင်း၊ ဝသုန်အောင် (ခ)ဝသုန်၊ ရန်ပိုင်စိုး(ခ)အငယ်လေး၊ တာဂျစ်ကစ္စတန်နိုင်ငံသား MUKAIR SHOEV RUSTAM နှင့် ODINAEN ALIJON တို့ ငါးဦးနှင့် ချိတ်ဆက်၍ Online ငွေကြေးလိမ်လည်သည့် လုပ်ငန်းသို့ ပို့ဆောင်ကာ အဓမ္မအလုပ်ခိုင်းစေ၍ လုပ်အားခအပေါ် အကျိုးအမြတ်ရယူရန် ပူးပေါင်းကြံစည်ခဲ့ကြောင်း စိစစ်ပေါ်ပေါက်သဖြင့် အမှတ်(၆)မှုခင်းရဲတပ်ဖွဲ့စု (ရန်ကုန်)မှ တရားလိုပြုလုပ်တိုင်တန်းခဲ့ရာ မင်္ဂလာဒုံမြို့မရဲစခန်းက လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၈(က)/၄၄ အရ အမှုရေးဖွင့်တရားစွဲတင်ခဲ့ပြီး အောက်တိုဘာ ၁ ရက်တွင် မင်္ဂလာဒုံခရိုင်တရားရုံးမှ ဖမ်းမိတရားခံ ကျော်သူ(ခ)စောကျော်သူ၊ ဇင်မင်းထွန်း၊ ရဲလင်းထွန်း(ခ) ကိုရဲ၊ ညီညီသက်နှင့် မနန်းပေါင်းဟွမ်း(ခ)ဆိုဖီယာ(ခ)Li Li (ခ) ကျင်းကျင်းတို့ ငါးဦးအား လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ဥပဒေပုဒ်မ ၃၈(က)အရ အလုပ်နှင့် ထောင်ဒဏ် ၂၀ နှစ်စီ ကျခံစေရန် အမိန့်ချမှတ်ခဲ့ပြီး တိမ်းရှောင်တရားခံ မြန်မာနိုင်ငံသား မျိုးဇော်လင်း၊ ဝသုန်အောင်(ခ)ဝသုန်၊ ရန်ပိုင်စိုး(ခ)အငယ်လေး၊ တာဂျစ်ကစ္စတန်နိုင်ငံသား MUKAIR SHOEV RUSTAM နှင့် ODINAEN ALIJON တို့ ငါးဦးကို ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၈၇/၈၈ အတည်ပြု ထုတ်ဆင့်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ၂၀၂၆ ခုနှစ် တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများ ဆက်လက်ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၅**

တပ်မတော်(ကြည်း၊ရေ၊လေ)လက်ရွေးစင်အားကစားသမားများမှတစ်ဆင့် နိုင်ငံ့ဂုဏ်ကိုဆောင်နိုင်သည့် မြန်မာ့လက်ရွေးစင် အားကစားသမားများအဖြစ် တက်လှမ်းနိုင်စေရန်နှင့် မျိုးဆက်သစ်လူငယ် အားကစားသမားကောင်းများ စဉ်ဆက်မပြတ်ပေါ်ထွန်းလာစေရန်ရည်ရွယ်၍ ၂၀၂၆ခုနှစ် တပ်မတော်(ကြည်း၊ ရေ၊ လေ)အားကစားပြိုင်ပွဲများကို ယနေ့ နံနက်ပိုင်းတွင် သက်ဆိုင်ရာအားကစားနည်းများအလိုက် သတ်မှတ်ထားသော အားကစားကွင်းများနှင့် အားကစားရုံများတွင် ဆက်လက်ယှဉ်ပြိုင်ကစားကြသည်။

၂၀၂၆ ခုနှစ် တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများဖြစ်သည့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊ ရေ၊ လေ) ပြေးခုန်ပစ်ပြိုင်ပွဲများကို ယနေ့နံနက်ပိုင်းတွင် ဇေယျာသီရိတပ်မတော်အားကစားကွင်း၌ အမျိုးသမီး တုတ်ထောက်ခုံပြိုင်ပွဲ ဗိုလ်လုပွဲ၊ အမျိုးသမီး ခုနစ်မျိုးစုံ(၁)မီတာ-၁၀၀ တန်းကျော်ပြေးပြိုင်ပွဲ ဗိုလ်လုပွဲ၊ အမျိုးသား/ အမျိုးသမီးမီတာ - ၄၀၀ အပြေးပြိုင်ပွဲ လူရွေးပွဲနှင့်ဗိုလ်လုပွဲ၊ အမျိုးသမီးခုနစ်မျိုးစုံ နှစ်တန်းမြင့်ခုန် ပြိုင်ပွဲ ဗိုလ်လုပွဲ၊ အမျိုးသား အလျားခုန် ပြိုင်ပွဲ ဗိုလ်လုပွဲ၊ အမျိုးသမီးခုနစ်မျိုးစုံ (၄)မီတာ-၂၀၀ ပြေးပြိုင်ပွဲ ဗိုလ်လုပွဲ ပြိုင်ပွဲများကိုလည်းကောင်း၊ ဇေယျာသီရိ အမှတ်(၁)လေ့ကျင့်ရေးကွင်း၌ အမျိုးသား/ အမျိုးသမီးသံပြားဝိုင်းပစ်ပြိုင်ပွဲ ဗိုလ်လုပွဲ၊ အမျိုးသမီးခုနစ်မျိုးစုံ(၃) သံလုံးပစ် ပြိုင်ပွဲ ဗိုလ်လုပွဲကိုလည်းကောင်း အသီးသီးယှဉ်ပြိုင်ကြပြီး အောက်တိုဘာ ၃ ရက်နှင့် ၄ ရက်ပြိုင်ပွဲများတွင် ဆုရရှိခဲ့သည့် အားကစားသမားများကို တာဝန်ရှိသူများက တစ်ဦးချင်းဆုတံဆိပ်၊ ငွေသားဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။

အလားတူ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော် (ကြည်း၊ ရေ၊ လေ) ဂျူဒိုပြိုင်ပွဲကို ဇေယျာသီရိတပ်မတော် အားကစားရုံ(A)၌ အမျိုးသား/ အမျိုးသမီး ကီလိုတန်းအလိုက် အတိုက်ပြိုင်ပွဲများ အသီးသီးယှဉ်ပြိုင် ကစားကြပြီး အောက်တိုဘာ ၃ ရက်နှင့် ၄ ရက် ပြိုင်ပွဲများတွင် ဆုရရှိခဲ့သည့် အားကစားသမားများကို တာဝန်ရှိသူများက တစ်ဦးချင်းဆုတံဆိပ်၊ ငွေသားဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။

ထို့ပြင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊ ရေ၊ လေ) အမျိုးသား / အမျိုးသမီး ဘော်လီဘောပြိုင်ပွဲကို ဇေယျာသီရိတပ်မတော်အားကစားရုံ(B)၌အမျိုးသား / အမျိုးသမီးကွာတားအဆင့် ပတ်လည်ပြိုင်ပွဲများကို လည်းကောင်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း၊ (၃၃)ကြိမ်မြောက် တပ်မတော်(ကြည်း၊ ရေ၊ လေ) မြန်မာ့သိုင်းပြိုင်ပွဲကို ဇေယျာသီရိ တပ်မတော်အားကစားရုံ(C)၌ အမျိုးသားဓားနှစ်လက် အတိုက်(က)တန်း၊ အမျိုးသား ဓားတစ်လက် အတိုက်(က)တန်း၊ အမျိုးသား ဓားတစ်လက်အတိုက်(ခ)တန်း၊ အမျိုးသမီး ဓားတစ်လက်အတိုက်ပြိုင်ပွဲ၊ အမျိုးသားဗန်တိုအတိုက်(က)တန်း၊ အမျိုးသား ဗန်တိုအတိုက်(ခ)တန်း၊ အမျိုးသား ပန်ကြပ်ဆီလပ်အတိုက်(က)တန်း၊ အမျိုးသမီး ပန်ကြပ်ဆီလပ်အတိုက်ပြိုင်ပွဲများကို လည်းကောင်း အသီးသီးယှဉ်ပြိုင်ကြသည်။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊ ရေ၊ လေ)ပိုက်ကျော်ခြင်းပြိုင်ပွဲကို ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) ဝင်းအတွင်းရှိ စံပယ်အားကစားရုံ၌ အလွတ်တန်းနှစ်ယောက်တွဲ ရှုံးထွက်ပွဲစဉ်များ၊ အကြိုဗိုလ်လုပွဲ၊ တတိယလုပွဲနှင့် ဗိုလ်လုပွဲ ပွဲစဉ်များ၊ အသက်(၂၅)နှစ်အောက် သုံးယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲများကို လည်းကောင်း၊ (၅၆)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း လက်ဝှေ့ပြိုင်ပွဲကို နေပြည်တော်ရှိ စစ်ကြောရေးနှင့် တည်းခိုရေးစခန်း၊ တပ်နယ်အားကစားခန်းမ၌ ကီလိုတန်းအလိုက် အကြိုဗိုလ်လုပွဲ ပွဲစဉ်များနှင့် အလွတ်တန်းပွဲစဉ်များကို အသီးသီးယှဉ်ပြိုင် ကစားကြသည်။

ထို့အတူ ၂၀၂၆ ခုနှစ် (၆၃)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား အလွတ်တန်းအဆင့် ဘောလုံးပြိုင်ပွဲကို ညနေပိုင်းတွင် ဒုတိယအဆင့် အုပ်စုပတ်လည်ပွဲစဉ်အဖြစ် ဇေယျာသီရိ တပ်မတော်အားကစားကွင်း၌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး (လေ) ကိုယ်စားပြုအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်ကိုယ်စားပြုအသင်းက ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ) ကိုယ်စားပြုအသင်းအား လေးဂိုး-ဂိုးမရှိဖြင့်လည်းကောင်း၊ ဇေယျာသီရိ အမှတ်(၁)လေ့ကျင့်ရေးကွင်း၌ နေပြည်တော်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းနှင့် တောင်ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ နေပြည်တော်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းက တောင်ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့်လည်းကောင်း အသီးသီးအနိုင်ရရှိခဲ့သည်။

အဆိုပါအားကစားပြိုင်ပွဲများသို့ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အားကစားသမားများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှု အားပေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# တတိယအကြိမ် ဧရာဝတီတိုင်းဒေသကြီးလွှတ်တော် အထူးအစည်းအဝေး (၁/၂၀၂၆) ဒုတိယနေ့ ကျင်းပ

**ပုသိမ် အောက်တိုဘာ ၅**

တတိယအကြိမ် ဧရာဝတီတိုင်းဒေသကြီး လွှတ်တော်အထူးအစည်းအဝေး (၁/၂၀၂၆) ဒုတိယနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ဧရာဝတီတိုင်းဒေသကြီးလွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် တိုင်းဒေသကြီးစာရင်းစစ်ချုပ်တင်သွင်းခဲ့သည့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အတွင်း တိုင်းဒေသကြီးဘဏ္ဍာရန်ပုံငွေဖြင့် ဆောင်ရွက်သည့် စီမံကိန်းလုပ်ငန်းများအား အချိန်နှင့်တစ်ပြေးညီ စစ်ဆေးခြင်း (Real Time Audit) စစ်ဆေးတွေ့ရှိချက် အစီရင်ခံစာအပေါ် တိုင်းဒေသကြီးလွှတ်တော် ပြည်သူ့ငွေစာရင်း၊ စီမံကိန်းနှင့် ဘဏ္ဍာရေး၊ စီးပွားရေးနှင့် ကုန်သွယ်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးရာကော်မတီအတွင်းရေးမှူး ဦးစန်းမင်းက စိစစ်တွေ့ရှိချက် အစီရင်ခံစာကို တင်သွင်းရာ ဧရာဝတီတိုင်းဒေသကြီး စာရင်းစစ်ချုပ်က ကော်မတီ၏ အစီရင်ခံစာပါအတိုင်း သဘောတူကြောင်း ဆွေးနွေးသည်။



အစီရင်ခံစာနှင့် စပ်လျဉ်း၍ တိုင်းဒေသကြီး လွှတ်တော်၏ သဘောထားကိုရယူရာ လွှတ်တော်က သဘောတူသဖြင့် အတည်ပြုမှတ်တမ်းတင်ကြောင်းနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ဆက်လက်ပေးပို့ရန် ကြေညာပြီး ဧရာဝတီတိုင်းဒေသကြီး လွှတ်တော်အထူးအစည်းအဝေး(၁/၂၀၂၆) ဒုတိယနေ့ကို ရပ်နားခဲ့ကြောင်းနှင့် အထူးအစည်းအဝေး(၁/၂၀၂၆) တတိယနေ့ကို အောက်တိုဘာ ၇ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ပြည်သူ့ကြားက ပြည်သူ့စကား အစီအစဉ်ထုတ်လွှင့်မည်

**နေပြည်တော် အောက်တိုဘာ ၅**

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက် စကားသံများအား သဇင် FM ၏ **“ပြည်သူ့ကြားက ပြည်သူ့စကား”** အစီအစဉ်မှ **“နိုင်ငံတွင်း ပညာတတ်လူငယ် ပေါ်ထွန်းလာမှုကို မလိုလား၍ ပညာရေးဝန်ထမ်းများနှင့် အနာဂတ်ကြယ်ပွင့် ကျောင်းသား၊ ကျောင်းသူများကို အကြောင်းမဲ့ဖမ်းဆီးချုပ်နှောင် နှိပ်စက်သတ်ဖြတ်နေတဲ့ အကြမ်းဖက် PDF များ ”** ခေါင်းစဉ်ဖြင့် အောက်တိုဘာ ၇ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။

လာမည့်အပတ် အောက်တိုဘာ ၁၄ ရက် မွန်းလွဲ ၁ နာရီတွင် **“တာဝန်ယူစိတ်မရှိတဲ့ အကြမ်းဖက် NUG ရဲ့ စကားတွေအောက်မှာ တစ်ယူသန်စိတ်နဲ့ ဘဝနစ်မွန်းခံမှာလား၊ လွတ်လပ်ပျော်ရွှင်တဲ့ ပြည်သူလုပ်မှာလား”** ခေါင်းစဉ်ဖြင့် ဆက်လက်ဆွေးနွေးတင်ဆက်မည်ဖြစ်သည်။ အထက်ပါအစီအစဉ်အား အပတ်စဉ်ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ်ကြာသပတေးနေ့တိုင်း နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့်ပြန်လည်ဆက်သွယ်ရမည့်ဖုန်းနံပါတ်တို့ကို Message ပေးပို့ ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့်ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး(ပထမနေ့)ကျင်းပ

**တောင်ကြီး အောက်တိုဘာ ၅**

တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး(ပထမနေ့)ကို ယနေ့နံနက်ပိုင်းတွင် တောင်ကြီးမြို့ ရှမ်းပြည်နယ်လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစိုင်းလုံကျော်၊ ပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့် တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်သို့ တင်ပြပြီး အစည်းအဝေးအထမြောက်ကြောင်းနှင့် အစည်းအဝေးစတင်ကျင်းပကြောင်း ကြေညာကာ အစည်းအဝေးတက်ရောက်မှုအခြေအနေကိုအတည်ပြုမှတ်တမ်းတင်၍ ကြိုဆိုနှုတ်ခွန်းဆက် စကားပြောကြားသည်။

အစည်းအဝေးတွင် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ၁၂ ဦးက ကြယ်ပွင့်ပြမေးခွန်း ၁၇ ခု ကို မေးမြန်းဆွေးနွေးကြရာ သက်ဆိုင်ရာပြည်နယ်အဆင့် အဖွဲ့အစည်းဝင်များက ပြန်လည်ဖြေကြားကြပြီး ပြည်နယ်စီမံကိန်း၊ စီးပွားရေးနှင့်ဘဏ္ဍာရေးဝန်ကြီး ဒေါက်တာလဆိုင်းက ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေတွင် ပါဝင်သောဌာန၊ အဖွဲ့အစည်းများ၏ ၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ် အရအသုံးခန့်မှန်းခြေငွေစာရင်းကို ဖတ်ကြားတင်သွင်းသည်။

ယင်းငွေစာရင်းနှင့်စပ်လျဉ်း၍ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ဆွေးနွေးလိုသော လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာပြီး ပြည်နယ်ဝန်ကြီးချုပ်က ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၀၈(ခ)(၁)အရ ပြည်ထောင်စုတရားသူကြီးချုပ်နှင့်ညှိနှိုင်းပြီး ပြည်နယ်တရားလွှတ်တော်တရားသူကြီးအဖြစ် ခန့်အပ်တာဝန်ပေးရန် ပေးပို့လာသည့်အမည်စာရင်းအား လွှတ်တော်သို့ တင်ပြကာ ပြည်နယ်တရားလွှတ်တော် တရားသူကြီးအဖြစ် ခန့်အပ်တာဝန်ပေးရန် အမည်စာရင်းနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ထို့နောက် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက တတိယအကြိမ်ရှမ်းပြည်နယ်လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး(ပထမနေ့) ရပ်နားလိုက်ကြောင်း သိရသည်။

**စိုင်းအယ်ဘဲ**

# ရှမ်းပြည်နယ်(တောင်ပိုင်း) ဟိုပုံးမြို့နယ် နားလုံကျေးရွာအနီး အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်သူ ၈၇ ဦးအား လုပ်ငန်းသုံးပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိ

**နေပြည်တော် အောက်တိုဘာ ၅**

နိုင်ငံတော်အစိုးရ အနေဖြင့် မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် နယ်စပ်ဖြတ်ကျော် ဝင်ရောက်လာပြီး ဒေသတွင်း ပြည်သူလူထုကို သာမက ကမ္ဘာတစ်ဝန်းရှိ လူသားမျိုးနွယ်အားလုံး၏ လူမှုစီးပွားဘဝများကို ထိခိုက်ပျက်စီးအောင် အလုံးစုံ အန္တရာယ်ပေးလျက်ရှိသည့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်း လောင်းကစားမှု ကျူးလွန်သူများအား ရှာဖွေဖော်ထုတ် တားဆီးကာကွယ်ခြင်းများကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် အလေးထား ဆောင်ရွက်လျက်ရှိသည့် အပြင် အိမ်နီးချင်းနိုင်ငံ အစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ ထိထိရောက်ရောက် ရှာဖွေဖော်ထုတ် ဖမ်းဆီးအရေးယူခြင်းများ ဆောင်ရွက်လျက်ရှိသည်။ ထိုသို့ အရှိန်အဟုန်ဖြင့် တက်ကြွစွာဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ် (တောင်ပိုင်း) ဟိုပုံးမြို့နယ်အတွင်း အွန်လိုင်းလိမ်လည် လောင်းကစားမှုများကျူးလွန်လုပ်ကိုင်နေသူများအား လုပ်ငန်းသုံးပစ္စည်းများနှင့်အတူ ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့သည်။




ရှမ်းပြည်နယ်(တောင်ပိုင်း)ဟိုပုံးမြို့နယ် နားလုံကျေးရွာအနီး အွန်လိုင်းလိမ်လည်လောင်းကစား လုပ်ကိုင်နေသူများအား လုပ်ငန်းသုံးပစ္စည်းများနှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိသည့်နေရာပြမြေပုံ။

ဟိုပုံးမြို့နယ်အတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှု ပြုလုပ်သူများသည် ယာယီလူနေတဲများ ဆောက်လုပ်၍ အခြေပြုခိုအောင်း လုပ်ကိုင်လျက်ရှိကြောင်း တာဝန်သိဒေသခံပြည်သူများ၏ သတင်းပေးပို့ချက်အရ နယ်မြေလုံခြုံရေး ဆောင်ရွက်နေသည့် လုံခြုံရေး တပ်ဖွဲ့ဝင်များပါသော ပူးပေါင်းအဖွဲ့များက သတင်းကွင်းဆက် ရယူဖော်ထုတ်၍ နယ်မြေလုံခြုံရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ရာ ယနေ့နံနက် ၇ နာရီခန့်တွင် ဟိုပုံးမြို့နယ် မိုင်းပွန်မြို့၏ အနောက်တောင်ဘက် ၂၁ ကီလိုမီတာခန့်အကွာ နားလုံကျေးရွာအနီး၌ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် နယ်စပ်ဖြတ်ကျော် ဝင်ရောက်လာသော အွန်လိုင်း လိမ်လည် လောင်းကစားမှု ကျူးလွန်နေသည့် တရုတ်နိုင်ငံသားအမျိုးသား ၇၅ ဦးနှင့် မြန်မာနိုင်ငံသား ၁၂ ဦး စုစုပေါင်း ၈၇ ဦးတို့အား အလျား ၆၀ ပေ၊ အနံ ၂၀ ပေ၊ လူနေဆောင်နှင့် အလုပ်ရုံတွဲလျက် ယာယီမိုးကာတဲ နှစ်လုံး၊ အလျား ၄၀ ပေ၊ အနံ ၂၀ ပေ စားချက်ဆောင် ယာယီမိုးကာတဲတစ်လုံး၊ အလျား ပေ ၄၀၊ အနံပေ ၂၀ ဆောက်လုပ်ဆဲ ယာယီမိုးကာတဲ တစ်လုံး၊ Star Link လေးစုံ၊ All in One Computer ၁၇ လုံး၊ Laptop နှစ်လုံး၊ ဖုန်းမျိုးစုံ ၅၂၄ လုံးတို့နှင့် အတူဖမ်းဆီးရမိခဲ့သည်။

ထိုသို့ ဖမ်းဆီးရမိခဲ့သည့် အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်သူများအား လိုအပ်သည့် စစ်ဆေးမှုများဆောင်ရွက်ပြီးစီးပါက တည်ဆဲဥပဒေများနှင့်အညီ ထိရောက်ပြင်းထန်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပြီး သိမ်းဆည်းရမိသည့် လုပ်ငန်းသုံးပစ္စည်းများကိုလည်း လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်သည်။ ထို့ပြင် တရားမဝင်ဆောက်လုပ်ထားသည့် လူနေတဲများနှင့် လုပ်ငန်းသုံး တဲများကိုလည်း စနစ်တကျ ဖြိုချဖျက်ဆီးသွားမည်ဖြစ်ကြောင်းနှင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ အခြေချလုပ်ကိုင်နိုင်ခြင်း မရှိစေရေးနှင့် အပြီးတိုင် ပပျောက်စေရေးတို့အတွက် အမြစ်ပြတ်တိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်မပြတ် အထူးအလေးထား၍ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (၁၀၀)



အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ရာတွင်အသုံးပြုသည့် လုပ်ငန်းသုံးဆက်စပ်ပစ္စည်းများအား တွေ့ရစဉ်။

# တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်) သို့ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများ လာရောက်လေ့လာ

**နေပြည်တော် အောက်တိုဘာ ၅**

အနာဂတ်ကာလများတွင် နိုင်ငံတော်ကို ဦးဆောင်ကြမည့် မျိုးဆက်သစ်လူငယ်လူရွယ်များအနေဖြင့် မိမိတို့နိုင်ငံ၏ သမိုင်းကြောင်းဆိုင်ရာ အချက်အလက်များကို လေ့လာသိရှိထားခြင်းအားဖြင့် လူငယ်လူရွယ်များ၏ အနာဂတ်ဘဝလျှောက်လှမ်းမှုကို အထောက်အပံ့ဖြစ်စေရန် ရည်ရွယ်ချက်များဖြင့် နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှု၊ တပ်မတော်၏ စီစဉ်ဆောင်ရွက်ပေးမှုတို့ဖြင့် ကျောင်းသား ကျောင်းသူများအား တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ လာရောက်လေ့လာနိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

ယင်းသို့စီစဉ်ဆောင်ရွက်ပေးမှုဖြင့် ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ပုဗ္ဗသီရိမြို့နယ်ရှိ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း (ရွာတော်)မှ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများသည် ယနေ့တွင် တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ လာရောက်လေ့လာကြသည်။

ဦးစွာ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများသည် တပ်မတော် စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ ရောက်ရှိကြပြီး မြန်မာ့တပ်မတော်သမိုင်း မှတ်တမ်းရုပ်ရှင်ကို စိတ်ဝင်စားစွာ ကြည့်ရှုကြသည်။ ထို့နောက် ပြတိုက်တာဝန်ရှိသူများက လာရောက်လေ့လာကြသော ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများအား မုန့်များပေးဝေကြသည်။ ယင်းနောက် ကျောင်းသား ကျောင်းသူများနှင့် ဆရာ၊ ဆရာမများအား ပြတိုက်တာဝန်ရှိသူက ပြတိုက်၏သမိုင်းနှင့် ပြခန်းများအကြောင်း ရှင်းလင်းပြောကြားသည်။ ယင်းနောက် ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများသည် ပြတိုက်အတွင်းရှိ တပ်မတော်(ကြည်း၊ ရေ၊ လေ)နှင့် လက်ရုံးတပ်ဖွဲ့ ညွှန်ကြားရေးမှူးရုံးပြခန်းများကို စိတ်ပါဝင်စားစွာ လှည့်လည်ကြည့်ရှုခဲ့ကြပြီး သိရှိလိုသည်များကို မေးမြန်းကြရာ ပြခန်းများအလိုက် တာဝန်ရှိသူများက ပြန်လည်ဖြေကြားပေးကြသည်။

ဆက်လက်၍ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများ



သည် ပြင်ပပြကွက်များတွင် ခင်းကျင်းပြသထားသည့် တပ်မတော်(ကြည်း၊ ရေ၊ လေ) တပ်ဖွဲ့များ၏ စစ်လက်နက်ပစ္စည်းများ၊ စစ်ရေယာဉ်များနှင့် တပ်မတော်လေယာဉ်များကို လေ့လာခဲ့ကြပြီး အမှတ်တရ ဓာတ်ပုံများ ရိုက်ကြသည်။

သတင်းစဉ်

# Naypyitaw Polytechnic Institute နှင့် နည်းပညာတက္ကသိုလ်(မိတ္ထီလာ)မှ ကျောင်းသား ကျောင်းသူများ နေပြည်တော် တပ်ကုန်းမြို့ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသို့ လာရောက်လေ့လာ

**နေပြည်တော် အောက်တိုဘာ ၅**

Naypyitaw Polytechnic Institute မှ ကျောင်းသား ကျောင်းသူ ၇၅ ဦးနှင့် နည်းပညာတက္ကသိုလ်(မိတ္ထီလာ)မှ ကျောင်းသား ကျောင်းသူ ၁၁၁ ဦးတို့သည် ကြီးကြပ်သူဆရာ ဆရာမများနှင့်အတူ အောက်တိုဘာ ၅ ရက်က နေပြည်တော် တပ်ကုန်းမြို့ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသို့ လာရောက်လေ့လာကြသည်။



အဆိုပါ လေ့လာရေးအဖွဲ့ဝင်များအား Auditorium ခန်းမ၌ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဝန်ထမ်းများက "ရှင်သန်နေမည် MRTV" တေးသီချင်းဖြင့် ကြိုဆိုဖျော်ဖြေကြပြီး "နိုင်ငံတော်နှင့် ပြည်သူ့အကျိုးအတွက် စဉ်ဆက်မပြတ် ကြိုးပမ်းစွမ်းဆောင်နေသည့် နိုင်ငံတော်မီဒီယာ" Video Clip ကို ပြသသည်။

ထို့နောက် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ တာဝန်ရှိသူက ကြိုဆိုနှုတ်ခွန်းဆက် ပြောကြားပြီး Auditorium ခန်းမ၌ ကြည့်ရှုလေ့လာကြသည်။ ဆက်လက်၍ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ပင်မအဆောက်အအုံ အတွင်းရှိ Radio Recording Studio၊ News Channel Studio နှင့် Audio Mastering Studio များတွင် အဖွဲ့များခွဲ၍ ကြည့်ရှုလေ့လာကြသည်။

ထို့ပြင် လေ့လာရေးအဖွဲ့များသည် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား စိန်ရတုပြတိုက်သို့ သွားရောက်ကြ၍ ပြခန်းပေါင်း ၄၀ ဖြင့် ခင်းကျင်းပြသထားရှိမှုများကို ကြည့်ရှုလေ့လာကြပြီး ပြတိုက်ဆိုင်ရာ မှတ်သားဖွယ်ရာအဖြေလွှာများ ဖြေဆိုကြရာ ပြည့်စုံစွာဖြေဆိုနိုင်သူများအား အမှတ်တရ လက်ဆောင်များ ပေးအပ်သည်။

အဆိုပါ Naypyitaw Polytechnic Institute မှ ကျောင်းသားကျောင်းသူများသည် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတွင် တစ်လတာ လုပ်ငန်းခွင် လက်တွေ့ ကွင်းဆင်းဆောင်ရွက်ကြမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# ဓနုဖြူမြို့နယ်၌ ကျေးလက်ရေရရှိရေးလုပ်ငန်းဆောင်ရွက်

**ဓနုဖြူ အောက်တိုဘာ ၅**

ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ် ကျုံအိပ်ကျေးရွာ၌ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေဖြင့်ဆောင်ရွက်သော ကျေးလက်ရေ ရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေကို ယနေ့နံနက်ပိုင်းက မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းလင်းကျော်၊ တာဝန်ခံအင်ဂျင်နီယာ ဦးမိုးဇော်စိုးနှင့် တာဝန်ရှိသူများက ကျေးရွာရေရရှိရေး ကော်မတီဝင်များနှင့်အတူ ကွင်းဆင်းစစ်ဆေးပြီး ရေကော်မတီဝင်များအား သောက်သုံးရေသုံးစွဲရာတွင် အလေအလွင့်မရှိစေရေး စနစ်တကျဖြန့်ဝေသုံးစွဲကြရန်လိုအပ်ကြောင်း၊ နှစ်စဉ်ပြုပြင်ထိန်းသိမ်းခြင်းအစီအစဉ်များထားရှိရန်နှင့် လိုအပ်သည့် နည်းပညာများ အကြံပြုပြောကြားသည်။

အဆိုပါ ကျုံအိပ်ကျေးရွာ အမြင့်တင်ရေစင်နှင့် ရေစက်ရုံ(တွဲလျက်)တည်ဆောက်ခြင်းလုပ်ငန်းသည် အလျား ၁၀ ပေ၊ အနံ ၁၀ပေ၊ အမြင့်ပေ ၂၀ ဖြစ်၍ မော်တာနှင့်ကွန်ပရက်စာတပ်ဆင်ခြင်း တစ်စုံဖြစ်ပြီး ခွင့်ပြုငွေကျပ် ၃၁ ဒသမ ၈၈ သန်းဖြင့် ဇွန် ၁၁ ရက်မှ စတင်ဆောင်ရွက်ခဲ့ပြီး ယခုအခါ ၉၈ ရာနှုန်းကျော်ပြီးစီးပြီဖြစ်သည်။

အောင်ပြည့်ဖြိုးဇော်(ပြန်/ဆက်)

# တနင်္သာရီတိုင်းဒေသကြီးအတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေဝင်ရောက်မှု ဖြစ်ပွားသည့်နေရာများတွင် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ အင်တိုက်အားတိုက်ဆောင်ရွက်

**နေပြည်တော် အောက်တိုဘာ ၅**

မြန်မာနိုင်ငံအတွင်း ဖြတ်ကျော်ဝင်ရောက်ခဲ့သည့် ကုန်းတွင်းမုန်တိုင်းငယ်ကြောင့် တနင်္သာရီတိုင်းဒေသကြီးအတွင်း စက်တင်ဘာ ၂၆ ရက် ညနေပိုင်းမှစ၍ မိုးသည်းထန်စွာ အဆက်မပြတ်ရွာသွန်းမှုဖြစ်ပေါ်၍ မြို့နယ်အချို့တွင် မြစ်ရေဝင်ရောက်မှုဖြစ်ပွားခဲ့သည့်အပြင် ထားဝယ်-လောင်းလုံး-ကျောက်နီမော် - ရှင်မော်လမ်းမကြီးပေါ်ရှိ နေရာအချို့တွင် ရေကျော်ခြင်းများ၊ လမ်းပေါ်တွင် မြေပြိုကျ၍ လမ်းပိတ်ခြင်းများ၊ လမ်းပေါ်ရှိ တံတားများတွင် အမှိုက်များ ပိတ်ဆို့ခြင်းများ ဖြစ်ပွားခဲ့သည်။



အဆိုပါ ထားဝယ်-လောင်းလုံး-ကျောက်နီမော်-ရှင်မော်လမ်းမကြီးပေါ်ရှိ ပြိုကျနေသော မြေကြီးများအား ဖယ်ရှားရှင်းလင်းရန်နှင့် လမ်းတစ်လျှောက်ရှိ ရေဘေးသင့်ပြည်သူများအား ကူညီကယ်ဆယ်ရေးများ ဆောင်ရွက်ရန်အတွက် ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုကူညီရေးအသင်းအဖွဲ့များ၊ ပရဟိတအသင်းအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများပါဝင်သော ကူညီကယ်ဆယ်ရေးအဖွဲ့သည် သဘာဝဘေးဒဏ်ထိခိုက်မှုများပြားခဲ့သည့် ကဒက်ငယ်ထိန်ကျေးရွာ၌ သဘာဝဘေးကူညီကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ ကူညီကယ်ဆယ်ရေးအဖွဲ့သည် လောင်းလုံးမြို့ ပတ်ဝန်းကျင်ဒေသရှိ သဗျာ၊ ပညွင်း၊ ညွင်းမော်၊ ပြင်းထိန်ကျေးရွာများမှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းဆောင်ရွက်ခြင်းနှင့် နေအိမ်များအတွင်း ဝင်ရောက်နေသော ရွှံ့မြေများအား ဖယ်ရှားရှင်းလင်းပေးခြင်း၊ နေအိမ်နှင့် လမ်းများပေါ်ရှိ ပြိုကျနေသော သစ်ပင်သစ်ကိုင်းများအား ခုတ်ထွင်ရှင်းလင်းခြင်း၊ ကဒက်ငယ်ထိန်ကျေးရွာလမ်းမပေါ်ရှိ လမ်းပေါ်ပြိုကျနေသော မြေကြီးများအား စက်ယန္တရားများဖြင့် ဖယ်ရှားရှင်းလင်းပေးခြင်း၊ လမ်းများအား မြေညှိပြုပြင်ပေးခြင်း၊ တံတားများတွင် ပိတ်နေသော အမှိုက်များအား ရှင်းလင်းပေးခြင်းတို့ကို အချိန်နှင့်တစ်ပြေးညီ အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးလျက်ရှိသည့်အပြင် ကျောက်နီမော်ကျေးရွာတွင် ယန္တရားများဖြင့် ကျေးရွာအတွင်းနှင့် လမ်းပေါ်ရှိ မြေကြီးများအား ဖယ်ရှားရှင်းလင်းခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့အတူ တနင်္သာရီမြို့ ချောင်းကြီးရပ်ကွက်နှင့် စာသင်ကျောင်းတို့၌လည်း နယ်မြေခံတပ်မတော်သားများနှင့် ဌာနဆိုင်ရာအဖွဲ့အစည်းများ ပူးပေါင်း၍ မြစ်ရေပြန်လည်ကျဆင်းသွားပြီးနောက် တင်ကျန်ခဲ့သည့် နုန်းမြေနှင့်အမှိုက်များ ဖယ်ရှားရှင်းလင်းခြင်းတို့ကို ဆောင်ရွက်ပေးခဲ့သည်။

ထိုသို့ ကူညီကယ်ဆယ်ရေးနှင့် ရေဝင်ရောက်မှုတားဆီးကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုများကို တိုင်းဒေသကြီးအစိုးရအဖွဲ့မှ တာဝန်ရှိသူများနှင့် ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## စလင်းမြို့နယ်၌ ဖူဆယ် ဘောလုံးပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ

**စလင်း အောက်တိုဘာ ၅**

နှင့် အုပ်ချုပ်ရေးကော်မတီ မကွေးတိုင်းဒေသကြီး စလင်း ဥက္ကဋ္ဌဖလား မိုးရာသီဖူဆယ် မြို့၌ မြို့နယ်စီမံခန့်ခွဲရေး ဘောလုံးပြိုင်ပွဲ ဆုရရှိသည့်



အားကစားအသင်းများအား ဆုချီးမြှင့်ပွဲ အခမ်းအနားကို စက်တင်ဘာလ နောက်ဆုံးပတ်က အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း အားကစားကွင်း၌ ကျင်းပရာ ပြိုင်ပွဲကို အသင်း ၂၃ သင်းဖြင့် ယှဉ်ပြိုင်ခဲ့ပြီး ဌာနဆိုင်ရာအသင်းကို အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အသင်းက ငါးဂိုး-လေးဂိုးဖြင့် လည်းကောင်း၊ အလွတ်တန်း ဖူဆယ်ဘောလုံးပြိုင်ပွဲတွင် ပေါင်းနား ရပ်ကွက်အသင်းက Golden Brother အသင်းကို လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရဗိုလ်စွဲခဲ့သည်။

ထို့နောက် အလွတ်တန်း ပြိုင်ပွဲတွင် ဆုရရှိကြသူများ၊ အကောင်းဆုံး ဂိုးသမားဆု၊ အကောင်းဆုံး အားကစားသမားဆုနှင့် တံခွန်စိုက်ဒိုင်းဆုတို့ကို မကွေးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမြိုင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးမင်းသီဟဇော်နှင့် စီမံအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများက ဆုများ အသီးသီး ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**မောင်လွင်(စလင်း)**

## စက်ရုံလွှင့်ထုတ် လေညစ်ပုပ် တောတွင်းသစ်ပင် အကုန်စုပ် တို့တွေရှူသွင်း လေသန့်ရှင်း မခြွင်းရမှာ တောကသာ

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇၂ယ/၂၆၈၅၉ ယာဉ်လက်ဝယ်ရှိသူ ဦးမြတ်လင်း ၁၀/မလမ(နိုင်)၁၃၉၇၆၁ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး (မော်လမြိုင်မြို့)**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် AYY/24847, Honda Zoomer ယာဉ်လက်ဝယ်ရှိသူ ဦးစိုးခန့် ၁၄/မအပ(နိုင်)၂၇၇၈၃၇ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မအူပင်) မအူပင်မြို့**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆၃ယ/၃၁၄၉, Honda Wave ယာဉ်လက်ဝယ်ရှိသူ ဦးလမင်းထက် ၁၄/ညတန(နိုင်) ၂၀၉၂၁၁ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မအူပင်) မအူပင်မြို့**

### သွေးသည်အသက်

### ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီ သတင်းကြေညာချက်

၁။ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီသည် ၂၀၂၆ ခုနှစ်၊ (၆၁)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို အောက်တိုဘာလ (၈) ရက်မှ (၁၇) ရက်အထိ နေပြည်တော်၊ မဏိရတနာ ကျောက်စိမ်းခန်းမတွင် ကျင်းပပြုလုပ်မည်ဖြစ်ပြီး ရတနာပြပွဲတွင် မြန်မာနိုင်ငံမှထွက်ရှိသော ပုလဲ၊ ကျောက်မျက်နှင့် ကျောက်စိမ်းအတွဲများကို တင်ပြရောင်းချသွားမည်ဖြစ်ပါသည်။

၂။ ရတနာပြပွဲသို့ မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့်အညီ ခွင့်ပြုမိန့်ရရှိခဲ့သည့် နိုင်ငံသားကျောက်မျက်ရတနာလုပ်ငန်းရှင်များ၊ လိုင်စင်ရယူ၍ ကျောက်မျက်ရတနာ ရောင်းဝယ်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် နိုင်ငံသား ကျောက်မျက်ရတနာလုပ်ငန်းရှင်များကို သတ်မှတ်ချက်များနှင့်အညီ တက်ရောက်ဝယ်ယူခွင့်ပြုမည်ဖြစ်ပါသည်။

၃။ ၂၀၂၆ ခုနှစ်၊ (၆၁) ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ တက်ရောက်ဝယ်ယူခွင့်ကိစ္စများနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီ၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းရုံးချုပ်(နေပြည်တော်)၊ မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်းရုံးချုပ် (နေပြည်တော်) တို့တွင် ဆက်သွယ်စုံစမ်းနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီ**

### တစ်ဦးတည်းဖြစ်ပါကြောင်း

မိုးကောင်းမြို့နယ်၊ နမ္မတီးမြို့၊ မြို့ဦးရပ်ကွက်နေ ဦးဟွမ်းဗဟာဒူး ၏သား မောင်ဆာဂျွန်း(ခ)မောင်ဆာရ်ဂူးလ် ၁/မကတ(နိုင်) ၁၅၇၄၁၂ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**မောင်ဆာဂျွန်း(ခ) မောင်ဆာရ်ဂူးလ်**

### အမည်ပြောင်း

ဦးစိုးနိုင်ထွန်း ၈/ရစက(နိုင်) ၁၈၃၀၁၁ ၏သား ရေစကြိုမြို့နယ်၊ ဆင်ကြို့ရွာ၊ အမှတ်(၅) ဘုန်းတော်ကြီးသင် မူလွန်ပညာရေးကျောင်း Grade-2 မှ မောင်ဟိန်းလင်းငြိမ်းအား မောင်ဟိန်းထက်လင်းဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မောင်ဟိန်းထက်လင်း**

### ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးခရိုင်၊ လှည်းကူးမြို့နယ်၊ သာသနာ့ရိပ်သာရပ်ကွက်၊ ရန်ကင်း(၅)လမ်း ကွင်းအမည်-သာယာကုန်းကွင်း၊ ကွင်းအမှတ်-၉၈၈(က-၂) ဦးပိုင်အမှတ်-၈၉/၂၁၃၊ ဒေါ်ဝါဝါမြင့် အမည်ပေါက် မြေကွက်ကြီး ဧရိယာပေ(၂၀x၆၀)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အား ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်းဖွင့်ဟဝန်ခံကတိပြုသူ ဒေါ်ဇင်မိုးသူ (၆/မမန(နိုင်)၁၉၆၀၀၈)ထံမှ ဦးဝင်းကိုကို(၁၁/သတန(နိုင်)၀၅၉၀၆၇) က အပြီးအပိုင် ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။အထက်ဖော်ပြပါ မြေကွက်အား အရောင်းအဝယ်ပြုလုပ်ခြင်းနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှု စာရွက်စာတမ်းအထောက်အထားမူရင်းအပြည့်အစုံဖြင့် လူကိုယ်တိုင် ဤကြော်ငြာသည့်ရက်မှစ၍ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည့်တိုင် ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးဝင်းကိုကို
(၁၁/သတန(နိုင်)၀၅၉၀၆၇)
ဖုန်း-၀၉-၄၂၀၀၂၀၀



မြန်မာနိုင်ငံ ကြက်ခြေနီအသင်းရုံးချုပ်တွင် ပြုလုပ်သော ရှေးဦးပြုစုခြင်း စွမ်းရည်ပြိုင်ပွဲနှင့် စွမ်းဆောင်ဆုများ ပေးအပ်ပွဲတွင် ပဲခူးတိုင်းကိုယ်စားပြု စွမ်းရည်ပြိုင်ပွဲ ဆုရရှိခဲ့သူ လေးဦးအား အောက်တိုဘာ ၃ ရက်က သာယာဝတီမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးငြိမ်းချမ်းအောင်နှင့် အဖွဲ့ဝင်များ၊ သာယာဝတီ၊ လက်ပံတန်း၊ ဇီးကုန်း၊ ပြည်မြို့နယ်တို့မှ ကြက်ခြေနီ တပ်ဖွဲ့ဝင်များက သွားရောက်ကြိုဆိုဂုဏ်ပြုစဉ်။

ခရိုင်(ပြန်/ဆက်)






## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပြည်ထဲရေးဝန်ကြီးဌာန
## အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန
## နေပြည်တော်
## လျှောက်လွှာခေါ်ယူခြင်း

၁။ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါရာထူးများအတွက် လျှောက်လွှာတင်သွင်းနိုင်ပါသည်-

| စဉ် | ရာထူး/လစာနှုန်း | လစ်လပ် | အနိမ့်ဆုံး ပညာအရည်အချင်း | အသက် |
|---|---|---|---|---|
| (က) | လက်ထောက်စုံစမ်းရေးမှူး (၁၈၀၀၀၀ိ-၂၀၀ိ-၁၉၀၀၀၀ိ) (အမျိုးသား/အမျိုးသမီး) | (၁၀၄)နေရာ | တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူ (ဥပဒေဘွဲ့၊ စီးပွားရေးဘွဲ့၊ အင်္ဂလိပ်စာဘွဲ့၊ ကွန်ပျူတာဘွဲ့ များအား ဦးစားပေးမည်) | ၃၀-၉-၂၀၂၆ နေ့တွင် (၂၈)နှစ်ထက်မကြီးသူ |
| ( ခ ) | အငယ်တန်းစာရေး (၁၈၀၀၀၀ိ-၂၀၀ိ-၁၉၀၀၀၀ိ) (အမျိုးသား/အမျိုးသမီး) | (၁၅) နေရာ | တက္ကသိုလ်တစ်ခုခုမှဘွဲ့ရရှိပြီးသူ | ၃၀-၉-၂၀၂၆ နေ့တွင် (၂၈)နှစ်ထက်မကြီးသူ |
| ( ဂ ) | စာရင်းကိုင်-၄ (၁၈၀၀၀၀ိ-၂၀၀ိ-၁၉၀၀၀၀ိ) (အမျိုးသား/အမျိုးသမီး) | (၅) နေရာ | တက္ကသိုလ်တစ်ခုခုမှဘွဲ့ရရှိပြီးသူ | ၃၀-၉-၂၀၂၆ နေ့တွင် (၂၈)နှစ်ထက်မကြီးသူ |
| (ဃ) | ဒုတိယလက်ထောက် ကွန်ပျူတာလုပ်ဆောင်ရေးမှူး (၁၈၀၀၀၀ိ-၂၀၀ိ-၁၉၀၀၀၀ိ) (အမျိုးသား/အမျိုးသမီး) | (၅) နေရာ | တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူ | ၃၀-၉-၂၀၂၆ နေ့တွင် (၂၈)နှစ်ထက်မကြီးသူ |
| ( င ) | ယာဉ်မောင်း-၅ (၁၆၂၀၀ိ-၂၀၀ိ-၁၇၂၀၀ိ) (အမျိုးသား) | (၄)နေရာ | အခြေခံပညာအလယ်တန်းအဆင့် (ယာဉ်မောင်းလိုင်စင်ရှိရမည်) | ၃၀-၉-၂၀၂၆ နေ့တွင် (၄၅)နှစ်ထက်မကြီးသူ |

၂။ လျှောက်ထားသူသည် -

(က) အပိုဒ် ၁(က)မှ(ဃ) ရာထူးများအတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ (လူပျို/အပျို) ဖြစ်ရမည်၊

( ခ ) အပိုဒ် ၁(က)မှ(ဃ) ရာထူးများအတွက် ဘွဲ့လက်မှတ်(မူရင်း)(သို့မဟုတ်) ဘွဲ့ရရှိကြောင်း ယာယီဘွဲ့ ထောက်ခံစာ( မူရင်း) တို့အား တင်ပြနိုင်ရမည်၊

( ဂ ) အပိုဒ် ၁ (က) လျှောက်ထားသူသည်

(၁) အမျိုးသားဖြစ်ပါက အနည်းဆုံး အရပ်အမြင့် ၅ ပေ ၃ လက်မ၊ ရင်အုပ်နဂိုအနေ ၃၂ လက်မနှင့် ကိုယ်အလေးချိန် ၁၁၀ ပေါင်ရှိရမည်၊

(၂) အမျိုးသမီးဖြစ်ပါက အနည်းဆုံး အရပ်အမြင့် ၅ ပေ ၂ လက်မ ၊ ကိုယ်အလေးချိန် ၁၀၀ ပေါင်ရှိရမည်၊

(၃) ဆေးအဆင့် (က)ရှိရမည်၊

(၄) လက်ထောက်စုံစမ်းရေးမှူးရာထူး အတွက် လုပ်ငန်းသဘောသဘာဝအရ မျက်မှန်တပ်ဆင်ထားသူနှင့် ကိုယ်အင်္ဂါ ချို့ယွင်းသူများ မဖြစ်ရ၊

(ဃ) အပိုဒ် ၁ (င )လျှောက်ထားသူသည် ယာဉ်မောင်းလိုင်စင်(ခ)တင်ပြနိုင်ရမည်။

( င ) နယ်ဘက်တရားရုံးများတွင် အမှုအခင်း ကင်းရှင်းသူဖြစ်ရမည်၊

( စ ) ဒေသမရွေး တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်၊

(ဆ) ဌာနတွင် အနည်းဆုံး(၃)နှစ် တာဝန်ထမ်းဆောင်ရမည်၊

( ဇ ) အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၏ စည်းမျဉ်းစည်းကမ်းများနှင့်အညီ တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

၃။ လက်ထောက်စုံစမ်းရေးမှူးရာထူး လျှောက်ထားသူများသည် မြန်မာစာ၊ အင်္ဂလိပ်စာ၊ အထွေထွေဗဟုသုတ ဘာသာရပ်များကို ရေးဖြေစာမေးပွဲဖြေဆိုရမည်ဖြစ်ပြီး အောင်မြင်သူများကို စိတ်စစ်ဆေးခြင်း၊ ကြံ့ခိုင်စွမ်းရည်စစ်ဆေးခြင်း၊ လူတွေ့စစ်ဆေးခြင်းနှင့် ဆေးစစ်ဆေးခြင်းများ ပြုလုပ်သွားမည်ဖြစ်သည်။

၄။ အငယ်တန်းစာရေး၊ စာရင်းကိုင်-၄ လျှောက်ထားသူများသည် မြန်မာစာ၊ အင်္ဂလိပ်စာ၊ အထွေထွေဗဟုသုတ ဘာသာရပ်များကို ရေးဖြေစာမေးပွဲဖြေဆိုရမည်ဖြစ်ပြီး အောင်မြင်သူများကို လူတွေ့စစ်ဆေးခြင်းနှင့် ဆေးစစ်ဆေးခြင်းများ ပြုလုပ်သွားမည်ဖြစ်သည်။

၅။ ဒုတိယလက်ထောက်ကွန်ပျူတာလုပ်ဆောင်ရေးမှူးရာထူး လျှောက်ထားသူများသည် မြန်မာစာ၊ အင်္ဂလိပ်စာ၊ အထွေထွေဗဟုသုတ ဘာသာရပ်များကို ရေးဖြေစာမေးပွဲဖြေဆိုရမည်ဖြစ်ပြီး အောင်မြင်သူများကို ကွန်ပျူတာကျွမ်းကျင်မှုစစ်ဆေးခြင်း၊ လူတွေ့စစ်ဆေးခြင်းနှင့် ဆေးစစ်ဆေးခြင်းများ ပြုလုပ်သွားမည်ဖြစ်သည်။

၆။ ယာဉ်မောင်း-၅ ရာထူး လျှောက်ထားသူများအား ယာဉ်မောင်းကျွမ်းကျင်မှုစစ်ဆေးပြီးမှသာ လူတွေ့စစ်ဆေးခြင်း ပြုလုပ်မည်ဖြစ်သည်။

၇။ မဟာဘွဲ့ရရှိပြီးသူများအနေဖြင့် အသက် ၃၀ နှစ်အထိ လျှောက်ထားနိုင်သည်။

၈။ သတ်မှတ်ထားသော လျှောက်လွှာပုံစံကို သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနရုံးများတွင် သတင်းစာ၌ ကြော်ငြာပါဝင်သည့်နေ့မှစ၍ ရယူနိုင်သည်၊ ယင်းသတ်မှတ်ထားသော လျှောက်လွှာပုံစံဖြင့် လျှောက်ထားခြင်းကိုသာ လက်ခံမည်။

၉။ လျှောက်လွှာလျှောက်ထားခြင်းကို လျှောက်လွှာရယူခဲ့သော သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ် အထူးစုံစမ်းစစ်ဆေးရေး ဦးစီးဌာနရုံးများသို့ ၂၁-၁၀-၂၀၂၆ ရက်နေ့ နောက်ဆုံးထား၍ လျှောက်ထားရမည်။

၁၀။ လျှောက်လွှာပုံစံနှင့်အတူ အောက်ပါအထောက်အထားစာရွက်စာတမ်းများ ပူးတွဲပါဝင်ရမည်-

(က) ဘွဲ့လက်မှတ်မိတ္တူ၊ တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်မိတ္တူ (ယာဉ်မောင်း-၅ ရာထူးမပါ)

( ခ ) သက်တမ်းရှိ အလုပ်သမားမှတ်ပုံတင်ကတ်ပြား(မိတ္တူ)

( ဂ ) နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ)

(ဃ) အိမ်ထောင်စုစာရင်း(မိတ္တူ)

( င ) ယာဉ်မောင်းလိုင်စင်(မိတ္တူ) (ယာဉ်မောင်း-၅ ရာထူးအတွက်သာ)

( စ ) ပညာအရည်အချင်းထောက်ခံချက်(မိတ္တူ) (ယာဉ်မောင်း-၅ ရာထူးအတွက်သာ)

(ဆ) ပြစ်မှုကင်းရှင်းကြောင်း သက်ဆိုင်ရာရဲစခန်းမှ ထောက်ခံစာ(မူရင်း)၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်(မူရင်း)

( ဇ ) (၂)လအတွင်းရိုက်ထားသော ၁.၅" x ၂" အရွယ် ဓာတ်ပုံ(၅)ပုံ (ဓာတ်ပုံနောက်ဘက်တွင် အမည်နှင့်နိုင်ငံသားစိစစ်ရေးကတ် အမှတ်ရေးရန်)

(ဈ) အိမ်ထောင်မရှိ လူပျို/အပျိုဖြစ်ကြောင်း ကိုယ်တိုင်ခံဝန်ချက်(ယာဉ်မောင်း-၅ ရာထူးမပါ)

(ည) ဒေသမရွေး တာဝန်ထမ်းဆောင်နိုင်သူဖြစ်ကြောင်း ခံဝန်ချက်၊

( ဋ ) ဌာနတွင် (၃)နှစ်တာဝန်ထမ်းဆောင်မည်ဖြစ်ကြောင်း ကိုယ်တိုင်ခံဝန်ချက်၊

( ဌ ) နိုင်ငံ့ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဝန်ကြီးဌာန/အဖွဲ့အစည်း၏ ခွင့်ပြုချက်နှင့် ဌာနဆိုင်ရာပြစ်မှုကင်းရှင်းကြောင်းထောက်ခံ ချက်မူရင်း/မိတ္တူ၊

( ဍ ) ဝန်ထမ်းအဖြစ်မှ နုတ်ထွက်ခဲ့ပါက ဌာန၏ နုတ်ထွက်ခွင့်ပြုကြောင်း အမိန့်စာမိတ္တူ။

၁၁။ ပြည်သူ့စစ်မှုထမ်းတာဝန်ကို ကျေပွန်စွာထမ်းဆောင်ခဲ့ပြီး ပုံစံ(၁၂)ရရှိပြီးသူများသည် သတ်မှတ်ချက်များနှင့် ကိုက်ညီပါက ဌာနမှ သတ်မှတ်အသက်ထက် (၃)နှစ်တိုးမြှင့်၍ လက်ခံပေးမည်ဖြစ်ပါသည်။

၁၂။ အစိုးရဌာနတစ်ခုခု၏ ဝန်ထမ်းအဖြစ်မှ ထုတ်ပစ်/ထုတ်ပယ်ခြင်း၊ ရာထူးခန့်ထားခြင်းမှ အမိန့်စာပယ်ဖျက်ခြင်းခံရသူများ လျှောက်ထားခွင့်မရှိပါ။

၁၃။ ရာထူးခေါ်ယူလျှောက်ထားခြင်းဆိုင်ရာကိစ္စများနှင့်ပတ်သက်၍ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနWebsite www.bsi.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်သည်။ အသေးစိတ်သိရှိလိုပါက ဖုန်းအမှတ်၊ ၀၉-၈၈၄၆၅၀၀၄၃ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်သည်။

**အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန**

---

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ဆောက်လုပ်ရေးဝန်ကြီးဌာန
## တံတားဦးစီးဌာန
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန ၊ တံတားဦးစီးဌာနမှ (၂၀၂၆-၂၀၂၇) ဘဏ္ဍာရေးနှစ်တွင် တည်ဆောက်မည့် တံတားများတွင် အသုံးပြုရန်အတွက် ASTM A615-Grade 60 သံချောင်းလုံး အရွယ်စုံများ ၊ ASTM A706-Grade 60 သံချောင်းလုံး အရွယ်စုံများ၊ P.C Wire ၊ P.C Accessories ၊ Elastomeric Bearing (PC Type, RC Type) နှင့် High Damping Rubber Bearing တို့အား ရန်ကုန်မြို့ရှိ တံတားဦးစီးဌာန၊ တံတားလေးသိုလှောင်ဝန်းနှင့် ပျဉ်းမပင်စတို (နွယ်ခွေ) သိုလှောင်ဝန်းအရောက် မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

၂။ **တင်ဒါပုံစံ စတင် ရောင်းချမည့်ရက်** - (၇-၁၀-၂၀၂၆) ရက် (ရုံးချိန် အတွင်း)

၃။ **တင်ဒါပုံစံ အရောင်း ပိတ်သိမ်းမည့်ရက်** - (၁၆-၁၀-၂၀၂၆) ရက် (ရုံးချိန်အတွင်း)

၄။ **တင်ဒါပုံစံ ရောင်းချမည့်နေရာ** - ရုံးအမှတ်(၁၁) ၊ ဆောက်လုပ်ရေး ဝန်ကြီးဌာန၊ တံတားဦးစီးဌာန၊ ဖြည့်တင်းရေးဌာနခွဲ၊ နေပြည်တော်နှင့် သဇင်ရုံလမ်း၊ မရမ်းကုန်းမြို့နယ်၊ တံတားလေးဝန်း၊ တံတားဦးစီးဌာန၊ ရန်ကုန်။

၅။ **တင်ဒါဖွင့်မည့်ရက်** - တင်ဒါဖွင့်လှစ်မည့်နေ့ရက်နှင့် အချိန်အား အကြောင်းကြားပါမည်။

၆။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ဖုန်း-၀၉-၂၄၅၀၀၀၉၂၊ ၀၉-၈၅၅ ၁၀၈၅၀၀၊ ၀၉-၄၄၈၅၄၅၃၅၂ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ် မေးမြန်းနိုင်ပါသည်။

၇။ သတ်မှတ်ရက်ထက် နောက်ကျတင်သွင်းသည့် အိတ်ဖွင့်တင်ဒါများအား လက်ခံစဉ်းစားမည် မဟုတ်ပါ။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာန၊**
**ရုံးအမှတ် (၁၁)၊ နေပြည်တော်**

---

### ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၃)၊ ဆည်တော်(၂)လမ်း၊ မြေကွက်အမှတ်(၄၆၁)ထဲမှ (၂၀ x ၆၀)ပေရှိ မြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၃)၊ ဆည်တော်(၂)လမ်း၊ မြေကွက်အမှတ်(၄၆၁)ဟုခေါ်တွင်သောမြေအလျား x အနံ (၄၀ x ၆၀)ပေရှိ [ဒေါ်စံပယ်မြင့် အမည်ပေါက်] မြေချပါမစ် မြေကွက်ကြီးထဲမှ တရားဝင်မခွဲမစိတ်ရသေးသည့် ဆည်တော်လမ်းဘက်ခြမ်း (၂၀ x ၆၀)ပေရှိ မြေကွက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအား မူလအမည်ပေါက် ဒေါ်စံပယ်မြင့် ထံမှ အရောင်းအဝယ် အရပ်ကတိစာချုပ်စာတမ်းဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။ ယခုအခါတွင် ထိုသို့ ဝန်ခံကတိပြုသူ ဒေါ်အေးသီတာထွန်း(၁၃/မယတ(နိုင်)၀၀၀၁၂၁) က မိမိကသာ တရားဝင် ပိုင်ဆိုင်ကာ အရှုပ်အရှင်းကင်းရှင်း၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံလျက် ကတိပြုပြောဆိုပြီး ရောင်းချရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးသိန်းထက်သိန်း (၈/မကန(နိုင်)၁၄၄၁၇၄) က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ကို ပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ မြေကွက်အရောင်းအဝယ်ကိစ္စနှင့် စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ တိကျခိုင်လုံသော တရားဝင်စာချုပ်စာတမ်းမူရင်း၊ အထောက်အထားများနှင့်တကွ ယခုကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း လာရောက်ပြသကန့်ကွက်နိုင်ပါသည်။ ယင်းနေ့သတ်မှတ်ရက်ကျော်လွန်က ဤမြေကွက်အရောင်းအဝယ်ကို အပြီးအပိုင် ဝယ်ယူရန်အတွက် တရားဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကျွန်ုပ်တို့၏မိတ်ဆွေ ဦးသိန်းထက်သိန်း ၏ လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| ဒေါ်စုစုအောင် (LL.B) | ဒေါ်ဖွေးလဲ့ဖြူ(LL.B) |
| (စဉ်-၁၃၄၉၈/၂၀၁၇) | (စဉ်-၅၃၁၃၁/၂၀၂၀) |
| (တရားလွှတ်တော်ရှေ့နေ) | (အထက်တန်းရှေ့နေ) |

**အမှတ်(၉၉၉)၊ သစ္စာလမ်း၊ (၁၀)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။**
**ဖုန်း - ၀၉၇၇၈၉၄၀၂၀၆**

---

### ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ပြည်မြို့၊ ကျောင်းကြီးအိုးတန်းရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့်အမည်- ၇/ကျောင်းကြီး၊ ဦးပိုင်အမှတ်-၃၀၈၊ မြို့မြေအမျိုးအစား၊ မြေချိန်ဧရိယာ(၀.၀၁၅)ဧက၊ ဦးပိုင်အမှတ်-၃၀၉၊ ဧရိယာ(၀.၀၂၀)ဧက၊ စုစုပေါင်းဧရိယာ (၀.၀၃၅)ဧကရှိသော ဘိုးဘပိုင်မြေကွက်များနှင့်အကျိုးခံစားခွင့်အရပ်ရပ်အားလုံး တို့ကို အမည်ပေါက်ပိုင်ရှင် ဦးကြည်ဇော်ထက်နှင့် ဒေါ်ပြုံးပြုံးခိုင်တို့က အရောင်းအဝယ် မှတ်ပုံတင်စာချုပ်အမှတ်-၁၁၃/၂၀၂၆ ဖြင့် ချုပ်ဆိုရောင်းချခဲ့ရာ ဦးခင်မောင်သိန်း၊ ဒေါ်ရီရီခိုင်၊ ဒေါ်မာလာခိုင်တို့မှ တရားဝင်မှတ်ပုံတင်စာချုပ် ချုပ်ဆိုပြီးဖြစ်သည့်အတွက် မိမိတို့၏အမည်ဖြင့် ဘိုးဘပိုင်အမည်ပြောင်းလျှောက်ထားမှုနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့ရက်မှစ၍ (၁)လအတွင်း စာရွက်စာတမ်း အထောက်အထားပြည့်စုံစွာဖြင့် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက ဘိုးဘပိုင်အမည်ပြောင်းအား ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဦးခင်မောင်သိန်း၊ ဒေါ်ရီရီခိုင်၊ ဒေါ်မာလာခိုင်**
**အမှတ်(၃၀)၊ ကန်လမ်း၊ ကျောင်းကြီးအိုးတန်းရပ်ကွက်၊ ပြည်မြို့**

---

### ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ပြည်မြို့၊ ခေတ္တရာရပ်ကွက်၊ (၁၀)လမ်း၊ (၃)ကွက်တွင်တည်ရှိသော ကွင်း/အကွက်အမှတ်နှင့်အမည်-၁၆[A]- ခေတ္တရာအနောက်၊ ဦးပိုင်အမှတ်-၄၄၃၊ မြို့မြေအမျိုးအစား၊ မြေချိန် ဧရိယာ(၀.၀၅၅)ဧကရှိသော မြေကွက်ထဲမှ ခြေရင်းခြမ်း၊ မျက်နှာ(၂၀) ပေ x (၆၀)ပေ အကျယ်အဝန်းရှိသော မြေကွက်နှင့် မြေတွင်းမြေပေါ်အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို မူလပိုင်ရှင်ဖြစ်သူ ဒေါ်သန်းကြည်ထံမှ ဒေါ်ခင်ခင်မူကလည်းကောင်း၊ ဒေါ်ခင်ခင်မူထံမှ ဦးရဲထွန်းကလည်းကောင်း၊ ဦးရဲထွန်းထံမှ ဆက်စပ်စာချုပ်များဖြင့် ဦးပန်းစိန်က ပြန်လည်ဝယ်ယူပြီး လက်ရှိနေထိုင်ပိုင်ဆိုင် အကျိုးခံစားလျက်ရှိကြောင်းနှင့် ၎င်းတွင် ရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုကြေညာသည့်အတွက် ပိုင်ရှင် ဦးပန်းစိန်ထံမှ ဒေါ်မြင့်မြင့်အေး(၈/မထန(နိုင်)၀၅၁၂၆၇)က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသပေးချေထားပြီး ဖြစ်ပါသည်။ အထက်ဖော်ပြပါ အရောင်းအဝယ် ပြုလုပ်သည့် မြေကွက်နှင့်ပတ်သက်၍ မည်သူမဆို ကန့်ကွက်လိုပါက ကျွန်မထံသို့ ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၅)ရက်အတွင်း ခိုင်မာသည့် ပိုင်ဆိုင်မှုမူရင်းစာရွက် စာတမ်းအထောက်အထားများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ကာလအတွင်း ကန့်ကွက်မည့်သူမရှိပါက အထက်ဖော်ပြပါ ရောင်းဝယ်မှုကို ဥပဒေနှင့်အညီ ပြီးဆုံးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိ စေရန် ကြေညာအပ်ပါသည်။

**ဒေါ်မြင့်မြင့်အေး(၈/မထန(နိုင်)၀၅၁၂၆၇)**
**ညောင်ပင်ဆိပ်ရွာ၊ အောင်လံမြို့နယ်၊ မကွေးတိုင်းဒေသကြီး**

---

### ငြင်းချက်ထုတ်ရန်ဆင့်စာ
### (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
### တောင်ဥက္ကလာပမြို့နယ်တရားရုံးတော်
### ၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ် ၉၂

ဒေါ်မာမာကြည်(ခ)အမာကြည် နှင့် ၁။ ဒေါ်ခင်သန်းရင် ၂။ ဒေါ်ခင်သန်း ၃။ ဒေါ်အေးအေးသန်း ၄။ ဦးထွန်းသန်း ၅။ ဒေါ်လှလှသန်း

တရားလို — တရားပြိုင်များ

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၄/၃)ရပ်ကွက်၊ ဗမ္မာ့သပြေလမ်း၊ အမှတ်(၁၂၀) နေ ဒေါ်ခင်သန်းရင်၊ ဒေါ်ခင်သန်း၊ ဒေါ်အေးအေးသန်း၊ ဦးထွန်းသန်းနှင့် ဒေါ်လှလှသန်း (ယခုနေရပ်လိပ်စာမသိ)တို့ သိစေရမည်။

တရားလိုက သင်တို့အပေါ်၌ ပဋိညာဉ်မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆို ပေးစေလိုမှုရလိုကြောင်း လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့် ဖြစ်စေ၊ ၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၁၉ ရက်။ (၁၃၈၈ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၈ ရက်) နေ့မွန်းမတည့်မီ ၁၀:၀၀ နာရီအချိန်တွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်တို့မလာ ရောက်ပျက်ကွက်ခဲ့လျှင် သင်တို့မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်တို့ကထုချေ တင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင်တို့ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်တို့ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ ၂၅ ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုး ထုတ်ပေးလိုက်သည်။

**(မသော်သော်ဝင်း)**
**မြို့နယ်တရားသူကြီး**
**တောင်ဥက္ကလာပမြို့နယ်တရားရုံး**

---

### အမည်မှန်

(ဘ) ဦးထွန်းဖြူ ၏သား ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ မင်းရွာ အထကကျောင်း Grade-11(A)မှ မောင်ကောင်းခန့်၏ အမည်မှန်မှာ မောင်ကောင်းခန့်ထွန်းဖြစ်ပါကြောင်း။

**မောင်ကောင်းခန့်ထွန်း**

---

### ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ ပေါက်ခေါင်းမြို့နယ်၊ မြို့တောင်ကျေးရွာ၊ အ.မ.က (မူလွန်) မြို့တောင်(Grade-1) တွင် ပညာသင်ကြားနေသော မောင်အောင်ထက်မြတ်ဦး၏ ဖခင်အမည်မှန်မှာ ဦးအောင်ကိုကို(၁၂/ကမန(နိုင်)၀၈၅ ၅၇၈ ) ဖြစ်ပါကြောင်း။

**ဦးအောင်ကိုကို**
**၁၂/ကမန(နိုင်)၀၈၅၅၇၈**

---

### ကန့်ကွက်နိုင်ပါကြောင်း အသိပေး ကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁၀)၊ ကွင်း/အကွက်အမှတ်(၂/ပဒေသာ)၊ ဦးပိုင်အမှတ် (၅၁)၊ မြေဧရိယာ(၀ဒသမ၀၄၅)ဧကရှိ မြေကွက်အား မြေငှားဂရန် အမည်ပြောင်းလျှောက်ထားနိုင်ရေး ဒေါ်ခင်စိန် မှ ဆက်လက်ဆောင်ရွက်သွား မည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ (၁၅) ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြင်ဦးလွင်မြို့**

---

### ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁၀)၊ ကွင်း/အကွက်အမှတ်(၂/ပဒေသာ)၊ ဦးပိုင်အမှတ် (၃၆၃)၊ မြေဧရိယာ(၀ဒသမ၀၅၅)ဧကရှိ မြေကွက်အား မြေငှားဂရန် အမည်ပြောင်းလျှောက်ထားနိုင်ရေး ဒေါ်ဝါဝါထိုက် မှ ဆက်လက်ဆောင်ရွက်သွား မည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/ မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ (၁၅) ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြင်ဦးလွင်မြို့**

---

### "ဦးဟန်မျိုးသိန်း(၉ /မတရ (နိုင်)၂၄၀၈၇၃) နှင့် အများသိစေရန် ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်နေ ဦးကိုကိုမောင် (ခ) ဦးနေမင်းကိုကို (၁၂/ပဘတ(နိုင်)၀၃၆၅၆၈) ၏ လွှဲအပ်ညွှန်ကြားချက်အရ ကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေ ဦးကိုကိုမောင် (ခ) ဦးနေမင်းကိုကိုသည် (MaLaCity) အမည်ဖြင့် ယခင်ကဖွင့်လှစ်ခဲ့သော မာလာရှမ်းကောဆိုင် ၏ ဝန်ထမ်းဟောင်း ဖြစ်ခဲ့ဖူးသူ ဦးဟန်မျိုးသိန်း (ခ)ဟန်လေးအား မိမိပိုင်ငွေကြေးများအား ယုံကြည်မှု ဖောက်ဖျက်ကာ လိမ်လည်ရောင်းပြေးခဲ့သောကြောင့်(၁၀-၄-၂၀၂၆)ရက်ထုတ် မြန်မာ့အလင်းသတင်းစာ၊ စာမျက်နှာ(၂၄)တွင် အလုပ်မှထုတ်ပယ်ပြီးဖြစ်ကြောင်း နှင့် အကျင့်ပျက်ဝန်ထမ်းအဖြစ် ကြေညာခဲ့ပြီးဖြစ်ပါသည်။ ထို့ပြင် (၁-၅-၂၀၂၆) ရက်တွင် ပန်းဘဲတန်း(မြို့မ)ရဲစခန်းတွင် ဦးဟန်မျိုးသိန်း (ခ)ဟန်လေး အား ဥပဒေအရ အမှုဖွင့်ကာ ဆက်လက်ဆောင်ရွက်နေဆဲဖြစ်ပါသည်။သို့ရာတွင်ဦး ဟန်မျိုးသိန်း(ခ)ဟန်လေး သည် ယခင်ကရုံးလုပ်ငန်းတွင်အသုံးပြုသည့် စာရွက် စာတမ်းနမူနာများအား တုပအသုံးပြုပြီး ဦးကိုကိုမောင် (ခ) ဦးနေမင်းကိုကို၏ လက်မှတ်များအား တုပကာ ပြုလုပ်ထားသည့်စာမှတ်စာတမ်းများရှိကြောင်း ကို ကြားသိရပါသည်။

သို့ဖြစ်ပါ၍အဆိုပါပြုလုပ်မှုများသည်ကျွန်ုပ်မိတ်ဆွေ ဦးကိုကိုမောင် (ခ) ဦးနေမင်းကိုကိုနှင့်မသက်ဆိုင်ဘဲ၊ ၎င်းကိုယ်တိုင်လက်မှတ်အစစ်ရေးထိုးခြင်း မရှိ၊ ပတ်သတ်သိရှိမှုမရှိဘဲပြုလုပ်ထားသည့် ယင်းစာမှတ်စာသားတွင် ပါဝင် ရေးသွင်းထားသော အကြောင်းအရာအချက်အလက်များကို တာဝန်ယူဖြေရှင်း ပေးမည်မဟုတ်ကြောင်းနှင့် လူမှုကွန်ယက်စာမျက်နှာများဖြစ်သော Viber, Facebook, Tittok အစရှိသည့်တို့တွင် ဂုဏ်သိက္ခာညှိုးနွမ်းစေရန်ရည်ရွယ်ကာ စိတ်အနှောင့်ယှက်ဖြစ်စေရန် ပြုလုပ်ခဲ့ပါက ဦးဟန်မျိုးသိန်း (ခ)ဟန်လေး အပါအဝင် ၎င်းနှင့်ဆက်နွယ်ပတ်သတ်ပြီး လာရောက်ပြောဆို သူများကိုပါ ဥပဒေအရ အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာ အပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ဇင်မာမြင့် (LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ် - ၁၂၂၂၀ )**
**အမှတ်- ၄၈ ၊ သတိပဋ္ဌာန်လမ်း၊ ကျားကွက်သစ်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း- ၀၉-၂၅၄၆၁၂၂၈၃**

---

### တစ်ဦးတည်းဖြစ်ပါကြောင်း

ပဲခူးတိုင်းဒေသကြီး(အရှေ့)၊ တောင်ငူမြို့နယ်၊ အထက(၂)ကျောင်းမှ ဒုတိယ အလယ်တန်းပြ ဆရာမ ဒေါ်ရွှေရီဝင်း၏ အမည် ဒေါ်ရွှေရီဝင်း(ခ)ဒေါ်ရွှေရည်ဝင်း ၇/တငန (နိုင်) ၁၃၂၇၂၀မှာတစ်ဦးတည်းဖြစ်ပါကြောင်း။

**ဒေါ်ရွှေရီဝင်း(ခ)**
**ဒေါ်ရွှေရည်ဝင်း**

---

### ပြင်ဆင်ဖတ်ရှုပါရန်

၂၇-၁-၂၀၂၆ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ(၂၃) တွင်ပါရှိသော အထက်တန်းရှေ့နေ ဒေါ်ဂျူလိုင်မိုး ၏ ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာတွင် ရောင်းချသူ ဦးကျော်ခင် ၁၂/တမန(နိုင်) ၀၆၃၀၁၅ အစား ၁၂/တမန(နိုင်) ၀၁၅၀၆၃ ဟု အမှန်ပြင်ဆင်ဖတ်ရှုပါရန်။

---

### ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ အောင်လံမြို့နယ်၊ ပြလို့မြို့၊ စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်း Grade-12 (မွေးမြူရေး) တွင် ပညာသင်ကြားနေသော မောင်ဇော်ထက်အောင်၏ ဖခင်အမည်မှန်မှာ ဦးအောင်ဆွေဦး ၈/အလန(နိုင်)၁၉၅၆၃၃ ဖြစ်ပါကြောင်း။

**ဦးအောင်ဆွေဦး**

## အမည်မှန်

ရှမ်း (တ)၊ နမ့်စန်မြို့၊ ကောင်းမြတ် ကိုယ်ပိုင်အထက်တန်းကျောင်း Grade-8 တွင် ပညာသင်ကြားနေသော မောင်ဖွန်ကျော်ဆက်၏ အမည်မှန်မှာ မောင်အာရုန် ဖြစ်ပါကြောင်း။

## ပျောက်ဆုံးကြောင်း

(ဘ)ဦးထွန်းလှိုင်၏သား ဦးသာအောင် ၁၃/ညရန(နိုင်)၀၆၉၈၄၅ ၏ နိုင်ငံကူးလက်မှတ် (မမှတ်မိ) မှာ ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း- ၀၉-၈၇၄၃၇၄၉၆၉၊ ၀၉-၆၇၄၁၃၂၂၃၁

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၇၃ယ/၃၁၁၃၇ ၏ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ပြည်နယ်ဦးစီးမှူးရုံး၊ မော်လမြိုင်မြို့**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ (၁၀)တောင်ရပ်ကွက်၊ ရတနာလမ်းသစ်လမ်း၊ ရတနာလမ်းသစ်အိမ်ရာ၊ တိုက်(၁)၊ စတုတ္ထထပ်၊ အခန်းအမှတ်(၄၀၄)တိုက်ခန်းအပါအဝင် ယင်းတိုက်ခန်းနှင့် သက်ဆိုင်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အားလက်ရှိပိုင်ဆိုင်ပြီး၊ တရားဝင်လွှဲပြောင်းရောင်းချ ပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြုသူ ဦးသန်းထိုက်အောင် (၁၂/သကတ(နိုင်)၁၈၁၄၈၇)မှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဦးစိုင်းဘုန်းမြတ်မင်း (၁၂/အလန(နိုင်)၀၅၃၈၂၄)က အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပြီးနောက်ပိုင်းကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | | |
|---|---|---|
| **ဒေါ်စုစုခိုင် (LL.B)** | **ဒေါ်ခင်စောသိန်း (LL.B)** | **ဒေါ်သိမ့်သဥ္ဇာလီ (LL.B, LLM)** |
| **(စဉ်-၁၁၅၅၃)** | **(စဉ်-၁၃၂၈၆)** | **(စဉ်-၅၆၈၈၇)** |

**တရားလွှတ်တော်ရှေ့နေများ အထက်တန်းရှေ့နေ**
**တိုက်(၁၀/၁၂)၊ ပထမထပ်၊ အခန်း(၁၀၄/H)၊ ၃၅-လမ်း(အောက်)၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉ -၄၄၃၀၂၆၁၉၉၊ ၀၉- ၇၃၀၂၆၁၉၉**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံဆိပ်ကမ်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၇၃၊ မြေကွက်အမှတ်-၁၀၅/၁၀၆၊ဧရိယာ ၀.၂၂၉ဧက၊ မြေကွက်တည်နေရာ အမှတ်-၁၀၅/၁၀၆ ၊ ခရေလမ်း၊ (၁၇၃)ရပ်ကွက်၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ ဒေါ်အေးကြိုင်(၁၂/အလန(နိုင်) ၀၂၄၂၈) အမည်ပေါက် နှစ် (၆၀) ဂရန်မြေအား ဂရန်အမည်ပေါက် (မိခင်) ဒေါ်အေးကြိုင် (၁၂/အလန(နိုင်)၀၂၄၂၂၈)သည် (၂၄-၇-၂၀၂၁) ရက်တွင်လည်းကောင်း၊ (ဖခင်)ဦးအောင်ထိန်သည် (၁-၁-၂၀၂၆)ရက်တွင်လည်းကောင်းအသီးသီးကွယ်လွန်ပြီး (သမီး)ဒေါ်ခင်စန်းမော်သည် (၂၉-၃-၂၀၂၀) ရက်တွင် မိဘများထက်အရင်ကွယ်လွန်ခဲ့သဖြင့် ၎င်း၏(သား)ဖြစ်သူ အမွေမမိမြေး ဦးမင်းခန့်ကျော် (၁၂/လမန(နိုင်)၁၆၆၆၆၀)နှင့် ကျန်သားသမီးများဖြစ်ကြသော ဦးနိုင်ဦး (၁၂/အလန(နိုင်) ၀၃၅၄၃၆)၊ ဒေါ်မြင့်မြင့်မော် (၁၂/အလန(နိုင်)၀၃၅၄၃၈)၊ ဒေါ်ခင်ဆွေလတ် (၁၂/အလန(နိုင်)၀၃၅၄၃၉)တို့ ပူးတွဲ၍သား/သမီး/မြေးတော်စပ်ကြောင်းနှင့် အမွေဆက်ခံ ပိုင်ဆိုင်ကြောင်း ကျမ်းကျိန်လွှာအမှတ်-၁၄၀/၂၀၂၆(၂-၇-၂၀၂၆)၊ ထောက်ခံကျမ်းကျိန်လွှာ(၂)စောင် သေဆုံးမှုလက်မှတ်၊ အိမ်ထောင်စု လူဦးရေစာရင်းနှင့် နှစ်(၆၀)ဂရန်မူရင်းတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းမြေပုံကူးလျှောက်ထားလာခြင်းအား မြေပြင်ကွင်းဆင်းစစ်ဆေးရာ အုတ်ကာ သွပ်မိုးအဆောက်အအုံ(၁)လုံးရှိပြီး ငါးခြောက်လုပ်ငန်းလုပ်ကိုင်ကြောင်းနှင့် ပူးတွဲလျှောက်ထားသူ ဦးနိုင်ဦး၊ ဒေါ်မြင့်မြင့်မော်၊ဦးမင်းခန့်ကျော်တို့ ခရီးလွန်နေပါသဖြင့် ဖြစ်ပေါ်လာသော ကိစ္စအဝဝကို တာဝန်ယူကြောင်း လျှောက်ထားသူ တစ်ဦးဖြစ်သူ ဒေါ်ခင်ဆွေလတ်မှ လက်မှတ်ရေးထိုးတင်ပြထားပါသဖြင့် ဦးနိုင်ဦး+၃တို့မှပိုင်ဆိုင်ကြောင်း မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## သက်ဆိုင်သူများနှင့်တကွအများသိစေရန်ကြေညာခြင်း

နေပြည်တော်၊ ဇေယျာသီရိမြို့နယ်၊ ပြည်စံအောင်ရပ်ကွက်၊ ၁၂ လမ်း၊ အမှတ် ၂၃၃ နေ ဒေါ်ယုဇနအောင် (၉/ဇယသ(နိုင်)၀၀၇၃၁၃)၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ကျွန်ုပ်မိတ်ဆွေဖြစ်သူသည် တက္ကသိုလ်ကျောင်းဆရာမ (Tutor)တစ်ဦးဖြစ်ပြီး Yuzana Aung အမည်ဖြင့် Facebook, Tiktok, Telegram တို့တွင် နာမည်ပျက်မရှိ ကောင်းမွန်သော ဂုဏ်သတင်းဖြင့် သုံးစွဲလျက်ရှိနေသည်မှာ ယနေ့ထိတိုင်ဖြစ်ပါသည်၊ ယခုအချိန်တွင် ကျွန်ုပ်မိတ်ဆွေ၏ဓါတ်ပုံများအား အသုံးပြု၍ အကောင့်တုများဖြင့် ငွေကြေးများလိုက်လံချေးငှားနေသည်ကိုသိရှိရပါသဖြင့် ကျွန်ုပ်မိတ်ဆွေမှ အကောင့်တုများဖြစ်ကြောင်း ကျွန်ုပ်မိတ်ဆွေဘက်မှ တာဝန်မယူကြောင်း ကျွန်ုပ်မိတ်ဆွေ အသုံးပြုနေသည့်အကောင့်တွင် တိကျစွာ တင်ထားပြီး ဖြစ်ပါလျက် ငွေကြေးလိမ်လည်ခြင်းခံရသူများမှ ကျွန်ုပ်မိတ်ဆွေ၏ ဂုဏ်သိက္ခာကျဆင်းစေရန်အတွက် ရည်ရွယ်ချက်ရှိစွာဖြင့် ၎င်းတို့၏ Facebook, TikTok နှင့် Telegram စာမျက်နှာတွင် မမှန်ကန်သောအကြောင်းအရာများအား ရေးသားဆောင်ရွက်နေသည်များကို တွေ့ရှိလာရပါသည်။ ထို့ကြောင့် ဤကြေညာစာသတင်းစာတွင်ပါရှိသည့်ရက်မှစ၍ ထိုအကောင့်ပိုင်ရှင်များနှင့် ဆက်စပ်အကောင့်ပိုင်ရှင်များသည် ကျွန်ုပ်မိတ်ဆွေ ဂုဏ်သိက္ခာထိခိုက်စေသည့် မမှန်ကန်သောအကြောင်းအရာများ ဖော်ထုတ်ရေးသားခြင်းအား လုံး၀(လုံး၀) မပြုလုပ်ရန် တားမြစ်လိုက်ပါသည်။ ယခင်က ပြုလုပ်ထားသည့် လုပ်ဆောင်ချက်များအားလည်း သတင်းစာတွင်ပါရှိသည့် အချိန်မှစ၍ ၂၄ နာရီအတွင်း ပြန်လည်ရုပ်သိမ်းပေးပါရန်နှင့် လိုက်နာမှုမရှိဘဲ ဆက်လက်ဆောင်ရွက်ပြုလုပ်နေမည်ဆိုပါက တည်ဆဲတရားဥပဒေများနှင့်အညီ ဖော်ထုတ်အရေးယူပြီး သက်ဆိုင်ရာရဲစခန်းများတွင် ဥပဒေနှင့်အညီ တရားစွဲဆို ဆောင်ရွက်သွားမည်ဖြစ်ကြောင်းကိုလည်း သက်ဆိုင်သူများနှင့်တကွ အများသိစေရန်ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ဒေါ်ယုဇနအောင်** | **ဒေါ်သီတာထူး (LL.B,D.B.L)** |
| | **တရားလွှတ်တော်ရှေ့နေ ၊ စဉ်-၁၅၄၆၂** |
| | **အမှတ်-၃၈၊ မြလမ်း၊ သီရိမြိုင်ရပ်၊ မော်လမြိုင်မြို့** |

## ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာပြန်လည်ရုပ်သိမ်းခြင်း

(၃-၉-၂၀၂၆) ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ (၂၇)ပါ ကန့်ကွက်နိုင်ပါကြောင်း တရားလွှတ်တော်ရှေ့နေ ဒေါ်အိအိမော်(ခ)အိသဥ္ဇာအောင်၏ ကြော်ငြာတွင် ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ သန်လျင်မြို့နယ်၊ အေးမေတ္တာရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် - အောင်ချမ်းသာ(၂)၊ မြေကွက်အမှတ်(၃၇၅)၊အလျားXအနံ ပေ ( ၄၀ X ၆၀ )အကျယ်ရှိ ဗိုလ်ကြီးမြတ်မင်း(ငြိမ်း) အမည်ပေါက်မြေကွက်နှင့် ပတ်သက်ပြီး ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာကို ရောင်းသူနှင့် ဝယ်သူတို့ နှစ်ဦးသဘောတူ ဖျက်သိမ်းလိုက်ပြီးဖြစ်ပါသဖြင့် ၎င်းအရောင်းအဝယ်အားအပြီးအပိုင်ပြန်လည်ရုပ်သိမ်းလိုက်ပြီ ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| **ဦးဇာနည်** | **ဒေါ်အိအိမော်(ခ)** | **ဒေါ်ခင်သီတာမြင့်အောင်** |
| **(LL.B, DBL, DIPL, DIL)** | **အိသဥ္ဇာအောင်** | **(LL.B.DBL)(စဉ်-၂၀၀၇၈)** |
| **( စဉ်-၁၄၆၆၈)** | **(LL.B,DIPL)(စဉ်-၁၈၇၂၆)** | |

**တရားလွှတ်တော်ရှေ့နေများ**
**ရုံးအမှတ်(၁၂၈)၊ ကျိုက်ခေါက်ဘုရားလမ်း၊ အောင်မင်္ဂလာရပ်ကွက်၊**
**သန်လျင်မြို့၊ ဖုန်း-၀၉- ၇၉၇၀၇၅၃၁၂**

## ယာဉ်မှတ်ပုံတင်စာအုပ်ပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 48W/83008, Luojia-110 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ချယ်ရီမွေး ၂/လကန(နိုင်) ၀၇၈၂၇၅ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော ထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၃၀) ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ကယားပြည်နယ်ရုံး**
**(လွိုင်ကော်)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 73W/56573 ယာဉ်လက်ဝယ်ရှိသူ Moon Princess Co.,Ltdက ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှစ၍ ရက်(၃၀)အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန ၊ ခရိုင်ရုံး**
**(ရမည်းသင်း)**

## အများသိစေရန်နှင့်ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

တောင်ကြီးမြို့နယ် ၊ အေးသာယာမြို့၊ ကွင်း/အကွက်အမှတ်နှင့် အမည်(၅၉/ဗလီအရှေ့တောင်) ၊ ဦးပိုင်အမှတ်(၁၀၅ )၊ မြေကွက်အမှတ်(၁၀၅)၊ ဂရန်အမှတ်တွဲအမှတ် (၃၀၉၂/၁၉၉၁) ဧရိယာ ဧက(၀ဒသမ၁၁၁)ကေရှိ ဦးအောင်စွာ အမည်ပေါက် နှစ် (၃၀) မြေငှားဂရန်ရရှိထားသော အိမ်မြေကွက်နှင့် ယင်းမြေကွက်ရှိ အကျိုးခံစားခွင့် အရပ်ရပ်ကို ဥပဒေနှင့်အညီ စီမံခန့်ခွဲလွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုရောင်းချလာသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေ ဦးကိုကိုအောင် ၁၃/တကန(နိုင်)၁၂၅၈၄၄ မှ အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးအပ်ထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါအရောင်းအဝယ်ပြုခြင်းကို ကန့်ကွက်လိုပါက ဤကြေညာချက်ပါသည့်ရက်မှ တစ်ဆယ့်လေးရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသည့်စာချုပ်စာတမ်း အထောက်အထားမူရင်းများ ယူဆောင်လာပြီး လာရောက်ကန့်ကွက်နိုင်ကြောင်း အသိပေး အကြောင်းကြားအပ်ပါသည်။ သတ်မှတ်ရက်အတွင်းလာရောက်ကန့်ကွက်ခြင်းမရှိပါကအရောင်းအဝယ် အထမြောက်စေရန် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးကိုကိုအောင် ၁၃/တကန(နိုင်) ၁၂၅၈၄၄ ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဇင်စံပယ်ခိုင် (LL.B) (DBL)**
**တရားလွှတ်တော်ရှေ့နေ( စဉ် - ၁၆၃၇၉)**
**အမှတ်(၁၁၁၃)၊ဗုဒ္ဓဂါယာလမ်း၊ နယ်မြေ(၈)၊ကျောင်းကြီးစုရပ်၊တောင်ကြီးမြို့**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (ထူပါရုံ- ၁ရပ်ကွက်)၊ ထူပါရုံ (၂)လမ်း၊ မြေကွက်အမှတ် (၁၁၁၁)၊ နှစ်ခန်းတွဲ (၆)ထပ်တိုက်ရှိ (၅)လွှာ၊ ခေါင်းရင်းခန်း၊ အကျယ်အဝန်း (၁၇X ၅၄)ပေရှိ တိုက်ခန်းနှင့် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့အား အဆင့်ဆင့်ဝယ်ယူပိုင်ဆိုင်၍ လက်ရောက်ရရှိထားလျက် ရောင်းချခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးအေးဝင်း (၆/မအရ(နိုင်)၀၁၁၆၉၀) ထံမှ အပြီးအပိုင် ဝယ်ယူရန်အတွက် ကျွန်ုပ်မိတ်ဆွေ ဦးဖြိုးသီဟအောင် (၁/မကတ(နိုင်)၁၃၁၄၆၀)က ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါ အရောင်းအဝယ်ကို ကန့်ကွက်လိုသူများအနေဖြင့် ပိုင်ဆိုင်မှုအထောက်အထားများကိုင်ဆောင်၍ ကျွန်ုပ်ထံသို့ (၁၀)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဂျူလိုင်မိုး (LL.B, D.B.L, D.I.L, WIPO Switzerland)**
**အထက်တန်းရှေ့နေ (စဉ် ၅၂၀၇၃)**
**ဖုန်း- ၀၉- ၄၅၆၁၃၃၄၄၆၊ ၀၉- ၇၇၅၀၀၈၃၆၅**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

မုံရွာမြို့၊ စက်မှုဇုန်ရပ်ကွက်၊ အကွက်အမှတ်နှင့် အမည်(၆၈၅-ဆားကျင်းကြီး)၊ ဦးပိုင်အမှတ် (က-လမ်း (၁၇၊ ၁၉)၊ ဧရိယာ(၀ဒသမ၂၂၀)ကေရှိ မြေနေရာသည် မြို့မြေအမှတ်တွဲအမှတ်၊ ၅၆/ ၂၀၀၀ အရ ဦးအိ အမည်ဖြင့် (၅-၇-၂၀၀၀ ရက်မှ ၄-၇-၂၀၃၀ ရက်နေ့ထိ) နှစ်(၃၀) ချထားပေးသောမြေဖြစ်ပြီး အဆို ပါမြေငှားစာချုပ်အား ဒေါ်အိအိဇင် အမည်ဖြင့် မြေငှားစာချုပ် (အမည်ပြောင်း) လျှောက်ထားရာ ကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထား ခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ ကန့်ကွက်လွှာ ကြော်ငြာသည့် (၂၉-၉-၂၀၂၆)ရက်မှစ၍ (၁၅)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား အထက်မြန်မာပြည်မြေနှင့် အခွန်စည်းမျဉ်း ဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ မြေငှားစာချုပ် (အမည်ပြောင်း၊ သက်တမ်းတိုး) ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။ **ကော်လိတ္တော်အရာရှိ**

**မုံရွာခရိုင် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

မုံရွာမြို့၊ မုံရွာတောင်ရပ်ကွက်၊ အကွက်အမှတ်နှင့် အမည်( ၆၇၀/ ပိတောက်ပင် )၊ ဦးပိုင် အမှတ်( ၈၁-ဇ )၊ ဧရိယာ(၀ဒသမ၀၅၃)ကေရှိ မြေကွက်သည် မြို့မြေအမှတ်တွဲအမှတ်၊ ၈၆၂/၁၉၉၆ အရ ဦးတင်ငွေ အမည်ဖြင့် (၂၇-၉-၁၉၉၆)မှ(၂၆-၉-၂၀၂၆)အထိ နှစ်(၃၀) ရရှိခဲ့သော မြေငှားစာချုပ်အား ဒေါ်စိုးစိုးစုနိုင် အမည်ဖြင့် မြေငှားစာချုပ် (အမည်ပြောင်း၊ သက်တမ်းတိုး) လျှောက်ထားရာကျိုးကြောင်း ဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခု လျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထား ခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ ကန့်ကွက်လွှာ ကြော်ငြာသည့် (၂၉-၉-၂၀၂၆) ရက်မှစ၍ (၁၅) ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက် မှုမရှိပါက လျှောက်ထားသူအား အထက်မြန်မာပြည်မြေနှင့် အခွန်စည်းမျဉ်း ဥပဒေပါ ပြဋ္ဌာန်း ချက်များနှင့်အညီ မြေငှားစာချုပ် (အမည်ပြောင်း၊ သက်တမ်းတိုး) ခွင့်ပြုမည် ဖြစ်ကြောင်း အသိပေး ကြော်ငြာအပ်ပါသည်။ **ကော်လိတ္တော်အရာရှိ**

**မုံရွာခရိုင် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန**

## ကန့်ကွက်နိုင်ပါကြောင်း အသိပေး ကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး( ၂ )၊ ကွင်း/အကွက်အမှတ် (၁၆/မီးကြာရိုးတောင်)၊ ဦးပိုင်အမှတ် (၁၁၁)၊ မြေဧရိယာ(၀ဒသမ ၀၈၇)ကေရှိ မြေကွက်အား အမည်ပြောင်း၊သက်တမ်းတိုးမြေငှားဂရန် လျှောက်ထားနိုင်ရေး ဒေါ်ဝမ်တီချိန် မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင် ခရိုင်/မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြင်ဦးလွင်မြို့**

## အမည်ပြောင်း

ရွှေညောင်မြို့နယ်၊ အ ထ က- အောင်သပြေ Grade-1 (A)မှ မမှူးမြင့်မိုရ် အား ယနေ့မှစ၍ မွေးရန့်ခင် ဟုပြောင်းလဲခေါ်ပါရန်။

## ကန့်ကွက်နိုင်ပါကြောင်း အသိပေး ကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး( ၁၀ )၊ ကွင်း/အကွက်အမှတ်(AA/မြနန္ဒာ)၊ ဦးပိုင်အမှတ် (၂၀၈)၊ မြေဧရိယာ(၀ဒသမ၀၈၀)ကေရှိ မြေကွက်အား မြေငှားဂရန် အမည်ပြောင်းထားနိုင်ရေး ဦးမျိုးနိုင်ထွန်း ပါ-၂ဦး မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင် ခရိုင်/မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ (၁၅)ရက် အတွင်း မြေပိုင်ဆိုင်မှု အထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြင်ဦးလွင်မြို့**

## တစ်ဦးတည်းဖြစ်ပါကြောင်း

တောင်ကြီးမြို့၊ ဦးကြီးခမ်းရပ်ကွက်၊ ဂုဏ်ထူးလမ်း၊ အမှတ်(၅၁)နေ ဦးစဝ်ဖနော်(ခ)ဦးစောဖနော် ၁၃/တကန(နိုင်) ၀၁၅၄၈၀ မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ ကိုးလုံးကွင်းရွာ၊ ပိတောက်လမ်းသွယ်(၂)လမ်း၊ အမှတ်(၄၂၄)ဟုခေါ်တွင်သော အကျယ်အဝန်း (၃၇ပေ X ပေ ၆၀)ရှိ ရေမီးစုံ (၂)ထပ် အိမ်(၁)လုံးအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ဥပဒေနှင့်အညီ တရားဝင်ပိုင်ဆိုင်ပြီးရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဒေါ်သက်သက်မွန် (၁၂/မဂဒ(နိုင်)၁၀၂၅၂၇) ထံမှကျွန်ုပ်မိတ်ဆွေဖြစ်သော ဒေါ်နန္ဒာမြင့် (၈/ဆပဝ(နိုင်)၀၅၂၇၀၅) က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက် အတွင်း ပိုင်ဆိုင်မှု စာရွက်စာတမ်းမူရင်းများနှင့်တကွ အထောက်အထား ခိုင်လုံစွာဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးတိုင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်နန္ဒာမြင့် ၏လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ဇင်မေလတ် (LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၅၂၂၁၈)**
**အမှတ်(၄)၊ မြေညီ၊ သီရိလမ်း၊ သီရိခေမာရပ်ကွက်၊ စမ်းချောင်းမြို့နယ်**
**ဖုန်း - ၀၉- ၄၂၀၀၄၀၁၄၉**

## ပတ်စ်ပို့ပျောက်

(ဘ) ဦးလှပေါ်၏ သမီး ဒေါ်တင်မြိုင်ဦး ၁၃/ညရန(နိုင်) ၀၇၉၀၂၅၏ နိုင်ငံကူးလက်မှတ် အမှတ် (MI-184351) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၆၁၆၃၉၉၄၅

## ဖခင်အမည်မှန်

စစ်ကိုင်းမြို့နယ်၊ အထက (ခွဲ) ဝါးချက်ကျောင်းမှ Grade- 11 ကျောင်းသူ မရည်မွန်အေး၏ ဖခင်အမည်မှန်မှာ ဦးဖိုးကောင်း ၈/မမန(နိုင်)၁၅၄၃၉၂ ဖြစ်ပါကြောင်း။ **ဦးဖိုးကောင်း**

## မြေငှားဂရန်လျှောက်ထားချက်အပေါ် ကန့်ကွက်နိုင်ပါကြောင်း

| စဉ် | လျှောက်ထားသူအမည် | လျှောက်ထားသည့်မြေ၏ | | | | | အကြောင်းအရာ |
|---|---|---|---|---|---|---|---|
| | | မြို့နယ်/မြို့ | ရပ်/ကျေး | အကွက်အမှတ်/အမည် | ဦးပိုင်အမှတ် | ဧရိယာ(ဧက) | |
| ၁ | ဦးဝင်းမျိုးလင်းပါ(၂)ဦး | ပုသိမ် | အမှတ်(၁) | ၅၀/အကောက်ဆိပ်တောင် | ၉၂ | ၀.၀၈၃ | ပြောင်း/တိုး |
| ၂ | ဒေါ်စီစီလွင် | ပုသိမ် | အမှတ်(၈) | ၃၅/မီးရထားလမ်း | ၁၁/၁-၉ | ၀.၀၅၅ | အသစ် |
| ၃ | ဒေါ်စိုးစိုးဝင်း | ပုသိမ် | အမှတ်(၁၅) | ၁၆၃-B/ထန်းကုန်းကွင်း | M-၇၉/A၊ M-၇၉/B | ၀.၀၅၅ | အသစ် |
| ၄ | ဦးအောင်ဇင်မိုး(ခ) အယ်လ်ဗင်အောင်ဇင် | ပုသိမ် | အမှတ်(၅) | ၁၃/ငါးကျီးထူ | ၄/ဂ | ၀.၂၃ | အသစ် |
| ၅ | ဒေါ်ဖြူမွန်သိန်း | ငွေဆောင် | သဇင် | ၁၉၈၈/သဇင်ကွင်း | ၁၈၃ | ၀.၃၇ | အသစ် |
| ၆ | ဦးရဲသိန်းကိုကို | ပုသိမ် | ပျဉ်းကတိုးကုန်း | ၅၃/ငါးကျီးထူ | ၄-က/၂ | ၀.၂၀ | အသစ် |
| ၇ | ဦးထက်ဝေအောင် | ပုသိမ် | အမှတ်(၃) | ၃၆/ဈေးချောင်းမြောက် | ၂၄/အအ/၁၁ | ၀.၀၆၂ | ခွဲ/ပြောင်း |
| ၈ | ဒေါ်လှလှဝင်း | ပုသိမ် | အမှတ်(၁၃) | ၅၂/ကင်မလင်းကျွန်း | F-၅၂ | ၀.၀၈၃ | တိုး |
| ၉ | ဒေါ်သဥ္ဇာဝင်းပါ(၂)ဦး | ပုသိမ် | အမှတ်(၁၃) | ၃၅/မီးရထားလမ်း | ၂၇/၁cc/၁၅ | ၀.၀၅၅ | ခွဲ/ပြောင်း |
| ၁၀ | ဦးအောင်ကျော်ထွေး | ပုသိမ် | အမှတ်(၁၃) | ၅၂/စီးပွားဇုန် | D-၄၈၄ | ၀.၀၅၅ | သစ် |
| ၁၁ | ဦးထွန်းဇော် | ပုသိမ် | အမှတ်(၃) | ၃၆/ဈေးချောင်းမြောက် | ၂၄-လ | ၀.၀၆၂ | ပြောင်း |
| ၁၂ | ဦးလှဝင်း | ပုသိမ် | အမှတ်(၁၃) | ၅၂/ကင်မလင်းကျွန်း | F-၁၇၈ | ၀.၀၅၅ | ပြောင်း |
| ၁၃ | ဒေါ်လှလှမိုး | ပုသိမ် | အမှတ်(၃) | ၃၆/ဈေးချောင်းမြောက် | ၂၄-ဘ | ၀.၀၄၅ | ပြောင်း |

ကန့်ကွက်လိုသူများရှိပါက သတင်းစာတွင် ကြော်ငြာသည့်ရက်မှစ၍ (၁၅)ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် ဤရုံးသို့ ကာယကံရှင်ကိုယ်တိုင် လာရောက်ဆက်သွယ်ကန့်ကွက်နိုင်ပါသည်။

**ပုသိမ်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊**
**ပုသိမ်မြို့နယ်**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၇ယ/၂၃၈၂၃ ယာဉ်လက်ဝယ်ရှိသူ ဦးအောင်လှ ၃/ဘအန(နိုင်)၂၈၀၂၀၄ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှစ၍ရက်(၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ် တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန ၊ ပြည်နယ်ဦးစီးမှူးရုံး၊**
**မော်လမြိုင်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆၅ယ/ ၃၇၃၄၅ ယာဉ်လက်ဝယ်ရှိသူ ဦးဘိုဘိုလွင် ၁၀/ဘလန(နိုင်)၀၇၇၄၂၁ က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှစ၍ ရက်(၃၀)အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ် တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန ၊ ပြည်နယ်ဦးစီးမှူးရုံး၊**
**မော်လမြိုင်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆၅ယ/ ၃၃၆၆၉ ယာဉ်လက်ဝယ်ရှိသူ ဦးသီဟဇော် ၁၀/မလမ(နိုင်)၁၉၄၂၀၉က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှစ၍ ရက်(၃၀)အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ် တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန ၊ ပြည်နယ်ဦးစီးမှူးရုံး၊**
**မော်လမြိုင်မြို့**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် -၅၊ နည်းဥပဒေ-၂၀ )
## တောင်ကြီးမြို့နယ်တရားရုံးတော်
## ၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ် -၁၆၇

ဒေါ်ဌေးဌေးရီ နှင့် ဒေါ်အေးယိမ်း
(တရားလို) (တရားပြိုင် )

တောင်ကြီးမြို့နယ်၊ အေးသာယာမြို့၊ ရပ်ကွက်(၆)၊ နောင်အင်တောင်ရွာ၊ လမ်းသွယ်(၆)၊ အမှတ်-၆၄(က)/၉၀ နေ ဒေါ်အေးယိမ်း(ယခုနေရပ် လိပ်စာမသိသူ ) သိစေရမည်။

သင့်တို့အပေါ်၌ တရားလို ဒေါ်ဌေးဌေးရီက "အိမ်မြေကွက်အရောင်းအဝယ်စာချုပ်မှတ်ပုံတင် ချုပ်ဆိုပေးစေလိုမှု" နှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင် ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ် တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့် ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၆ခုနှစ်၊ အောက်တိုဘာလ ၁၆ ရက် ( ၁၃၈၈ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၅ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင်အထက်ပါရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် သည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၂ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။ **(နန်းအေးမြသီရိ )**

**တွဲဖက်မြို့နယ်တရားသူကြီး(၁)**
**တောင်ကြီးမြို့နယ်တရားရုံး**

## အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (၄)ရပ်ကွက်၊ စကားဝါလမ်း၊ အမှတ်(၂၆၀)နေ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးဝင်းမြင့်ဦး(၁၄/မအန (နိုင်) ၁၁၁၈၄၄)နှင့် ဒေါ်ခင်ခင်ဝင်း (၁၂/အစန(နိုင်)၀၅၆၂၅၃) တို့သည် တစ်ဦးနှင့်တစ်ဦးစိတ်သဘောထားချင်းတိုက်ဆိုင်မှုမရှိ၍ အကြင်လင်မယားအဖြစ်ဆက်လက်ပေါင်းသင်းနေထိုင်ကြရန် ဆန္ဒမရှိတော့ပါသောကြောင့် (၂၉-၉-၂၀၂၆) ရက်တွင် မိဘဆွေမျိုးများနှင့် အသိသက်သေ လူကြီးမင်းများရှေ့မှောက်၌ နှစ်ဦးသဘောတူ အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲခြင်း ကတိစာချုပ်ကိုချုပ်ဆိုပြီး လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးဝင်းမြင့်ဦး၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးကျော်ကျော်မျိုး(တရားလွှတ်တော်ရှေ့နေ၊ စဉ်-၁၂၇၉၃/၂၀၁၇)**
**ဖုန်း-၀၉-၂၆၂၂၆၃၀၉၉**

## ကွာရှင်းပြတ်စဲပြီးစီးကြောင်း အများသိစေရန်ကြေညာခြင်း

တောင်ကြီးမြို့၊ ကန်ရှေ့ရပ်ကွက်၊ ဇောတိကလမ်းသွယ်၊ မိုးမြင့်သာအိမ်ရာ၊ အခန်း (၆၀၃) နေ (ဘ) ဦးလှအောင်၏ သားဖြစ်သူ မောင်ဇော်ဇော်လင်း (၁၃/တကန(နိုင်)၁၆၀၄၆၇) ၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။

မောင်ဇော်ဇော်လင်း (၁၃/တကန(နိုင်) ၁၆၀၄၆၇)နှင့် မဖြိုးအိဇော် (၁၃/တကန(နိုင်) ၂၉၃၀၅၂) တို့သည် (၇-၁၀-၂၀၂၂)ရက်တွင် "နှစ်ဦးသဘောတူ အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲခြင်းကတိစာချုပ်" ဖြင့် ကွာရှင်းပြတ်စဲခဲ့ပြီးဖြစ်ပါသည်။ ထို့ကြောင့် အဆိုပါနေ့ရက်မှစ၍ တစ်ဦးနှင့်တစ်ဦး မည်သို့မျှ ဆက်စပ်သက်ဆိုင်ခြင်း လုံးဝ (လုံးဝ) မရှိတော့သည့်အပြင် နောက်နောင်တွင် တစ်ဦး၏ ကိုယ်ရေးကိုယ်တာကိစ္စ၊ ငွေရေးကြေးရေးကိစ္စ ၊ ပြဿနာဟူသမျှကို သက် ဆိုင်ခြင်းမရှိတော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**မောင်ဇော်ဇော်လင်း၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအောင်တေဇဝင်း(LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၈၉၇၂/ ၂၀၂၃)**
**အမှတ် (၂၃၄)၊သဇင်လမ်း၊ ကျောင်းကြီးစုရပ်ကွက်၊တောင်ကြီးမြို့၊**
**ဖုန်း-၀၉- ၄၂၈ ၃၄၃၈၈၄**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 81W/76245 ယာဉ်လက်ဝယ်ရှိသူ NCX Myanmar Co.,Ltdက (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(ရမည်းသင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၉ယ/၇၂၀၅, Honda Dream-ND-125 M M/C ယာဉ်လက်ဝယ်ရှိသူ ဦးရန်မင်းလူ ၆/ထဝန(နိုင်) ၀၈၉၉၂၀ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး (ထားဝယ်)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇၈ယ/၂၁၅၃၀, Honda Dream-125, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ပန်းအိအိလှိုင် ၆/လလန(နိုင်) ၁၆၉၉၂၉က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး (ထားဝယ်)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၅ဟ/၆၈၁၆, Roven -200 သုံးဘီး ယာဉ်လက်ဝယ်ရှိသူ ဦးလှိုင်ဝင့်ဂ် ၆/ထဝန(နိုင်)၀၂၆၇၂၇ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး (ထားဝယ်)**

## အမည်မှန်

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့နယ်၊ ပန်းတိုင်းခြုံကျေးရွာအုပ်စု၊ မြောက်လူးကန်ကျေးရွာနေ (ဘ) ဦးပြေဌေး ၏သမီး ဒေါ်ဝင်းအေး ၏အမည်မှန်မှာ ဒေါ်ဝင်းဝင်းအေး ၈/ပခက(နိုင်)၂၁၈၂၅၁ ဖြစ်ပါကြောင်း။

**ဒေါ်ဝင်းဝင်းအေး**

## အမည်မှန်

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့၊ အမှတ်(၁၅)ရပ်ကွက်၊ (၉) လမ်းနေ (ဘ)ဦးသက်ပိုင်စိုး ၈/ပခက(နိုင်)၂၄၅၆၅၈ ၏သား မောင်လပြည့်ပိုင်၏ အမည်မှန်မှာ မောင်ဝိုင်းလပြည့်ပိုင် ဖြစ်ပါကြောင်း။

**မောင်ဝိုင်းလပြည့်ပိုင်**

## မွေးသက္ကရာဇ်အမှန်

ရောဝတီတိုင်းဒေသကြီး၊ ဖျာပုံမြို့နေ ဦးလှိုင်မျိုးဇော် ၁၄/ဖပန(နိုင်)၁၁၆၄၂၄ ၏သား အထက(၃)၊ ဖျာပုံ၊ Grade(8-A) တွင် ပညာသင်ကြားနေသော မောင်သစ်ထူးလှိုင်၏ မွေးသက္ကရာဇ်အမှန်မှာ (၂၆-၁၀-၂၀၁၂)ဖြစ်ပါကြောင်း။

## မွေးသက္ကရာဇ်အမှန်

ရှမ်း(တ)၊ နမ့်စန်မြို့၊ အထက-ခွဲ (၅)ရပ်ကွက်၊ Grade-5 တွင် ပညာသင်ကြားနေသော မောင်ရာဂျား ၏ မွေးသက္ကရာဇ်အမှန်မှာ (၃၁-၇-၂၀၁၅) ဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ (၉၂)ရပ်ကွက်၊ စစ်တောင်းရိပ်မွန်၊ မြမင်္ဂလာလမ်း၊ တိုက်(၂၉)၊ အခန်း(၀၀၂) မြေညီထပ် (၂၃' x ၃၅')ပေ အကျယ်ရှိ တိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဦးကိုကိုထွန်း ၁၁/ဘသတ(နိုင်)၀၂၁၂၃၇ ထံမှ ကျွန်မ ဒေါ်ခင်သီတာချစ် ၁၂/လမတ(နိုင်)၀၃၂၄၉၀ မှ အပြီးအပိုင် ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုစာချုပ်စာတမ်း မူရင်းအပြည့်အစုံနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ခင်သီတာချစ်**
**တိုက်အမှတ်(၁၀)၊ အခန်း(၈၀၁)၊ ရတနာလမ်း၊ (၉၂)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၇၉၁၆၉၆၉၃၅**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မုံရွာမြို့၊ စက်မှုဇုန်ရပ်ကွက်၊ အကွက်အမှတ်နှင့်အမည် (၃/၅၉၊ နန္ဒဝန် (စက်မှုဇုန်))၊ ဦးပိုင်အမှတ် (၃၉လမ်း(၁၂၆)၊ စွယ်တော်လမ်း(၇၁))၊ ဧရိယာ (၀.၂၂၀)ဧကရှိ မြေနေရာသည် မြို့မြေအမှုတွဲအမှတ်၊ ၁၀၈ V ၂၀၀၂-၂၀၀၃ အရ ဦးသီဟန်မြင့် အမည်ဖြင့် ( ၂၉-၈-၁၉၉၆ မှ ၂၈-၈-၂၀၂၆ ထိ) နှစ်(၃၀) ချထားပေးသော မြေဖြစ်ပြီး အဆိုပါမြေငှားစာချုပ်မှာ (၂၈-၈-၂၀၂၆) ရက်တွင် မြေငှားစာချုပ် သက်တမ်းကုန်ဆုံးပြီဖြစ်၍ ဦးသီဟန်မြင့် အမည်ဖြင့် မြေငှားစာချုပ် (သက်တမ်းတိုး) လျှောက်ထားရာ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထား ခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ ကန့်ကွက်လွှာ ကြော်ငြာသည့် (၂၉-၉-၂၀၂၆) ရက်မှစ၍ (၁၅) ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား အထက်မြန်မာပြည်မြေနှင့် အခွန်စည်းမျဉ်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ပြေငှားစာချုပ် (သက်တမ်းတိုး) ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ၊ မုံရွာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မုံရွာမြို့၊ စက်မှုဇုန်ရပ်ကွက်၊ အကွက်အမှတ်နှင့်အမည်(၃/၅၂၊ နန္ဒဝန် (စက်မှုဇုန်))၊ ဦးပိုင်အမှတ် (စန္ဒကူးလမ်း(၈၀))၊ ဧရိယာ(၀.၁၁၀)ဧကရှိ မြေနေရာသည် မြို့မြေအမှုတွဲအမှတ်၊ ၁၇၅/ ၁၉၉၅-၁၉၉၆ အရ ဦးမုန်း အမည်ဖြင့် (၈-၈-၁၉၉၅ ရက်မှ ၇-၈-၂၀၂၅ ရက်ထိ) နှစ် (၃၀) ချထားပေးသော မြေဖြစ်ပြီး အဆိုပါမြေငှားစာချုပ်အား ဦးဇော်မျိုးသက် အမည်ဖြင့် မြေငှားစာချုပ် (အမည်ပြောင်း၊ သက်တမ်းတိုး) လျှောက်ထားရာ ကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ ကန့်ကွက်လွှာကြော်ငြာသည့် (၂၉-၉-၂၀၂၆)ရက်မှစ၍ (၁၅) ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား အထက်မြန်မာပြည်မြေနှင့်အခွန်စည်းမျဉ်း ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ မြေငှားစာချုပ် (အမည်ပြောင်း၊ သက်တမ်းတိုး) ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ၊ မုံရွာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မုံရွာမြို့၊ ချမ်းမြဝတီရပ်ကွက်၊ အကွက်အမှတ်နှင့်အမည် (၁၇/၂၊ Eco မျက်နှာချင်းဆိုင်)၊ ဦးပိုင်အမှတ် (နှင်းဆီလမ်း ၅၀)၊ ဧရိယာ(၀ဒသမ ၁၁၀)ဧကရှိ မြေအား ဒေါ်မို့မို့အေး အမည်ဖြင့် မြေငှားစာချုပ် (အသစ်) လျှောက်ထားရာ ကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထား ခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ ကန့်ကွက်လွှာကြော်ငြာသည့် (၃၀-၉-၂၀၂၆)ရက်မှစ၍ (၁၅) ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား အထက်မြန်မာပြည် မြေနှင့်အခွန်စည်းမျဉ်းဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ မြေငှားစာချုပ်(အသစ်) ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**မုံရွာခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မုံရွာမြို့၊ ရုံးကြီးရပ်ကွက်၊ အကွက်အမှတ်နှင့် အမည်(၆၇၉/လှေကူးကွေ့ကြီး)၊ ဦးပိုင်အမှတ် (၃၇-က)၊ ဧရိယာ(၀ဒသမ၀၂၅)ဧကရှိမြေအား မြို့မြေအမှုတွဲအမှတ်၊ ၃၈၉ V ၂၀၀၄-၂၀၀၅ အရ ဦးဒေဝ အမည်ဖြင့် (၃၀-၈-၁၉၉၆)မှ (၂၉-၈-၂၀၂၆)ထိ နှစ်(၃၀) ရရှိထားသောမြေသည် (၂၉-၈-၂၀၂၆) ရက်တွင် သက်တမ်းကုန်ဆုံးမည်ဖြစ်၍ ဦးဒေဝ အမည်ဖြင့် မြေငှားစာချုပ် (သက်တမ်းတိုး) လျှောက်ထားရာ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ ကြော်ငြာသည့် (၂၉-၉-၂၀၂၆)ရက်မှစ၍ ရက်ပေါင်း (၁၅)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား အထက်မြန်မာပြည်မြေနှင့် အခွန်စည်းမျဉ်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ မြေငှားစာချုပ်(သက်တမ်းတိုး) ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ **ကော်လိတ္တော်အရာရှိ**

**မုံရွာခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန**

## ကုန်အမှတ်တံဆိပ်အသိပေးကြေညာခြင်းအား ပြန်လည်ရုပ်သိမ်းကြောင်းကြေညာခြင်း

တာချီလိတ်မြို့၊ ဆန်ဆိုင်း(ခ)ရပ်ကွက်၊ ဗိုလ်ချုပ်အောင်ဆန်းလမ်းမကြီး၊ အမှတ်၄/၁၇နေ ဦးသိန်းတိုး(၅/ ရဘန (နိုင်) ၁၈၁၂၀၆) မှ အောက်ပါကုန်အမှတ်တံဆိပ်အား ပြုလုပ်သုံးစွဲရန် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မူပိုင်ခွင့်ဦးစီးဌာနတွင် လျှောက်ထားခဲ့ရာ မူပိုင်ခွင့်ဦးစီးဌာနမှ Application Number T/2026/0005242ဖြင့် ရရှိပြီးနောက် (၂၃-၉-၂၀၂၆)ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ(၂၇)တွင် ကုန်အမှတ်တံဆိပ်အသိပေးကြေညာခြင်း ခေါင်းစဉ်ဖြင့် ကြေညာခဲ့ပါသည်။

ထိနန်းထိုက် ထိဆိုင်

ယခုအခါ အဆိုပါ ကုန်အမှတ်တံဆိပ်နှင့်ပတ်သက်၍ ပြုပြင်လိုသည့်အချက်များရှိနေပါသဖြင့် ကုန်အမှတ်တံဆိပ် မှတ်ပုံတင်လျှောက်ထားခြင်းအား ရုပ်သိမ်းပေးရန် တောင်းဆိုသည့် လျှောက်လွှာအား (၂၅-၉- ၂၀၂၆)ရက်တွင်စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ မူပိုင်ခွင့်ဦးစီးဌာနသို့ Request Number TMUD/2026/014885 ဖြင့် တင်သွင်းခဲ့ပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ဦးသိန်းတိုးသည် အထက်ပါကုန်အမှတ်တံဆိပ် မှတ်ပုံတင်လျှောက်ထားခြင်းနှင့်ပတ်သက်၍ (၂၃-၉-၂၀၂၆)ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ(၂၇)တွင် ကုန်အမှတ်တံဆိပ် အသိပေးကြေညာခြင်းခေါင်းစဉ်ဖြင့် ကြေညာခဲ့ခြင်းကို ပြန်လည်ရုပ်သိမ်းကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးသိန်းတိုး၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးမင်းသူရစိုး(LL.B ) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၇၆၃၂)**
**၀တ ၅၊ မြသပိတ်ကျောင်းလမ်း၊ ကျောင်းကြီးစုရပ်ကွက်၊ တောင်ကြီးမြို့။ ဖုန်း-၀၉-၆၆၂၅၄၄၆၄၆**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံဆိပ်ကမ်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၇၃၊ မြေကွက်အမှတ်-၁၉၁/၁၉၂၊ဧရိယာ ၀.၂၂၉ဧက၊ မြေကွက်တည်နေရာ အမှတ်-၁၉၁/၁၉၂၊ ခရေလမ်း၊ (၁၇၃)ရပ်ကွက်၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ ဒေါ်အေးကြိုင်(၁၂/အလန(နိုင်)၀၂၄၂၂၈) အမည် ပေါက်နှစ် ၆၀ ဂရန်မြေအား ဂရန်အမည်ပေါက် (မိခင်)ဒေါ်အေးကြိုင်(၁၂/အလန(နိုင်)၀၂၄၂၂၈)သည် (၂၄-၇-၂၀၂၁) ရက်တွင် လည်းကောင်း၊ (ဖခင်)ဦးအောင်ထိန်သည်(၁-၁-၂၀၂၆)ရက်တွင်လည်းကောင်း အသီးသီးကွယ်လွန်ပြီး (သမီး) ဒေါ်ခင်စန်းမော်သည် (၂၉-၃-၂၀၂၀) ရက်တွင် မိဘများထက်အရင်ကွယ်လွန်ခဲ့သဖြင့် ၎င်း၏(သား)ဖြစ်သူအမွေမမီမြေး ဦးမင်းခန့်ကျော်(၁၂/လမန(နိုင်)၁၆၆၆၆၀နှင့် ကျန်သားသမီးများဖြစ်ကြသော ဦးနိုင်ဦး(၁၂/အလန(နိုင်)၀၃၅၄၃၆)၊ ဒေါ်မြင့်မြင့်မော်(၁၂/အလန(နိုင်)၀၃၅၄၃၈)၊ ဒေါ်ခင်ဆွေလတ်(၁၂/အလန(နိုင်)၀၃၅၄၃၉)တို့ ပူးတွဲ၍သား/သမီး/မြေးတော်စပ်ကြောင်းနှင့် အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကျမ်းကျိန်လွှာအမှတ်-၁၃၈/၂၀၂၆(၂-၇-၂၀၂၆)၊ ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ သေဆုံးမှုလက်မှတ်၊ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နှစ် (၆၀) ဂရန်မူရင်းတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းမြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## မွေးသက္ကရာဇ်အမှန်

ရောဝတီတိုင်းဒေသကြီး၊ ကျုံပျော်ခရိုင်၊ ရေကြည်မြို့၊ အထက(ရေကြည်) Grade-9 မှ ဦးအောင်ကျော်စိုး ၏သား မောင်မြတ်သူရစိုး ၏ မွေးသက္ကရာဇ်အမှန်မှာ ၂၈-၁၀- ၂၀၁၀ ဖြစ်ပါကြောင်း။

**၂၈-၁၀- ၂၀၁၀**

## အမည်မှန်

ဦးမျိုးဟန်ထွန်း ၈/ခမန(နိုင်)၁၂၇၀၄၅ ၏သား မကွေးမြို့၊ လမ်းပြကြယ်ကိုယ်ပိုင် အထက်တန်းကျောင်း Grade-12 မှ မောင်စည်းစိမ်ခန့်၏ အမည်မှန်မှာ မောင်စည်းစိမ်ခန့် ဖြစ်ပါကြောင်း။

**မောင်စည်းစိမ်ခန့်**

## ပြင်ဆင်ဖတ်ရှုပါရန်

၃၀-၉-၂၀၂၆ ရက်ထုတ် ဤသတင်းစာ၏ စာမျက်နှာ ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း ကြော်ငြာတွင် ဒေါ်ခင်မာဝင်း အစား ဒေါ်ခင်ဝင်းမာ ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ရွာမအနောက်ရပ်ကွက်၊ ဆန်စက်လမ်းနှင့် ဖန်ချက်လမ်းကြား၊ အမှတ်(၈၉၅)(စေတော်ဝင်အဆင့်မြင့်အိမ်ရာ)၊ အခန်းအမှတ်-(၃/၇)(၃-လွှာ) တိုက်ခန်းအပါအဝင် ယင်းတိုက်ခန်းနှင့်သက်ဆိုင်သည့်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား လက်ရှိပိုင်ဆိုင်ပြီး၊ တရားဝင်လွှဲဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြုသူ ဒေါ်ယောဟောလယ်ဘ (၁၃/တခလ(နိုင်)၀၈၉၉၉၄)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေများဖြစ်ကြသော ဒေါ်နွေးသီရိလွင် (၁၂/မဂဒ(နိုင်)၁၆၇၇၆၆)၊ ဦးဟန်သိန်း (၉/ခအဇ(နိုင်)၀၁၃၄၀၁)တို့က အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေပေး ချေထားပြီးဖြစ်ပါသည်။ အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ဤကြော်ငြာပါသည်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပြီးနောက်ပိုင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | | |
|---|---|---|
| **ဒေါ်စုစုခိုင် (LL.B)** | **ဒေါ်ခင်စောသိန်း (LL.B)** | **ဒေါ်သိမ့်သဥ္ဇလီ (LL.B, LL.M)** |
| **(စဉ်-၁၁၅၅၃)** | **(စဉ်-၁၃၂၈၆)** | **(စဉ်-၅၆၈၈၇)** |
| **တရားလွှတ်တော်ရှေ့နေများ** | | **အထက်တန်းရှေ့နေ** |

**တိုက်(၁၀/၁၂)၊ ပထမထပ်၊ အခန်း(၁၀၄/H)၊ ၃၅-လမ်း(အောက်)၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၄၄၃၀၂၆၁၉၉၊ ၀၉-၇၃၀၂၆၁၉၉**

## စာချုပ်များပျောက်ဆုံးနေကြောင်းနှင့် ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ သုံးတောင်ရွာနေ ကျွန်ုပ်၏မိတ်ဆွေဖြစ်သောဦးစိုးစိုးဦး(၉/ပသက(နိုင်)၁၂၀၀၁၉)၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်-

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့နယ်၊ အောင်ချမ်းသာကျေးရွာအုပ်စု၊ တွင်းငယ်ဘုရားကုန်းအနီးရှိ အရှေ့လားသော်-လမ်းမြေ၊ အနောက်လားသော်- ဘုရားကုန်းမြေ၊ တောင်လားသော်- မြေကွက်လွတ်၊ မြောက်လားသော်-လမ်းမြေ၊ နယ်လေးရပ်တွင်းတည်ရှိပြီး မြေဧရိယာ ပေ (၁၀၀X ၆၀) အကျယ်ရှိမြေကွက်အား ကျွန်ုပ်၏မိတ်ဆွေက ပြင်ဦးလွင်မြို့၊ ဝါးဘိုးရေကျေးရွာနေ ဦးမင်းဝေထံမှ လွန်ခဲ့သော(၁၀)နှစ်ကျော်ခန့်ကတည်းက အရပ်ကတိစာချုပ်အဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီးနောက် ယနေ့အချိန်အထိ လက်ရှိထားပိုင်ဆိုင်ထားပါသည်။ ကျွန်ုပ်၏မိတ်ဆွေနှင့် ဦးမင်းဝေတို့ နှစ်ဦးသဘောတူ ချုပ်ဆိုခဲ့သည့် အရပ်ကတိစာချုပ်များသည် နေအိမ်ပြောင်းရွှေ့စဉ် ပျောက်ဆုံးသွားခဲ့ပါကြောင်းနှင့် အထက်ပါမြေကွက်အား ကျွန်ုပ်၏မိတ်ဆွေမှ အခြားမည်သူတစ်ဦး တစ်ယောက်ထံသို့မျှ ရောင်းချထားခြင်း၊ ပေါင်နှံထားခြင်း၊ လွှဲပြောင်းထားခြင်းတို့မရှိဘဲ ယနေ့အချိန်အထိ ကျွန်ုပ်၏မိတ်ဆွေမှသာ လက်ရှိထားပိုင်ဆိုင်ထားလျက်ရှိပါသည်။ အထက်ပါနယ်လေးရပ်အတွင်းရှိ မြေကွက် ကျွန်ုပ်၏မိတ်ဆွေမှ ပြန်လည်ရောင်းချရန် ဆောင်ရွက်လျက်ရှိပါသည်။ ယင်းမြေကွက်၏ ပိုင်ဆိုင်မှုနှင့်ပတ်သက်ပြီး ကန့်ကွက်လို၍ဖြစ်စေ၊ ရောင်းချရန်ဆောင်ရွက်ခြင်းအား ကန့်ကွက်လို၍ဖြစ်စေ မြေကွက်နှင့်သက်ဆိုင်သည့် စာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ဤကြေညာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ဦးစိုးစိုးဦး၏လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးကျော်ဇေယျာ (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၃၆၁)**
**နွယ်နင်းရပ်၊ ရပ်ကွက်ကြီး(၁၇) ပြင်ဦးလွင်မြို့၊**
**ဖုန်း/၀၉-၇၉၇၆၁၃၇၇၁၀၊ ၀၉-၆၈၈၃၀၀၉၀၀**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅၁ယ/၉၆၆၄၅ ယာဉ်လက်ဝယ်ရှိသူ ဦးဇင်မင်းဦး ၁၀/ပမန(နိုင်)၁၂၆၉၃၉ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှစ၍ ရက်(၃၀)အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန ၊ ပြည်နယ်ဦးစီးမှူးရုံး၊ မော်လမြိုင်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၃ယ/၅၃၂၇၁ ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ဗိုလ်ဦး ၁၀/မလမ(နိုင်)၁၅၆၁၀၈ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှစ၍ ရက် (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန ၊ ပြည်နယ်ဦးစီးမှူးရုံး၊ မော်လမြိုင်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၁ယ/၄၂၀၉၇ ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ဆွေ ၁၀/ခဆန(နိုင်)၀၁၇၂၇၃ က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှစ၍ ရက် (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန ၊ ပြည်နယ်ဦးစီးမှူးရုံး၊ မော်လမြိုင်မြို့**

## ငြင်းချက်ထုတ်ရန်ဆင့်စာ

**(တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)**
**သာကေတမြို့နယ်တရားရုံးတော်၌**
**၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၀၁**

၁။ ဒေါ်ထိုက်ထိုက် **နှင့်** ဒေါ်သိန်းခင်
၂။ ဒေါ်သန္တာစိုး
၃။ ဦးသန်းတိုးဇော်
(တရားလို(၂)(၃)တို့၏အခွင့်ရကိုယ်စားလှယ် ဒေါ်ထိုက်ထိုက်)
**(တရားလိုများ)** **(တရားပြိုင်)**

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ၁/အနော်မာရပ်ကွက်၊ လမ်းသစ်(၂)လမ်း၊ အမှတ်(၁၆၂၀/က)နေ တရားပြိုင် ဒေါ်သိန်းခင်(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုများက အရောင်းအဝယ်ကတိပဋိညာဉ်အတိုင်း မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ် ရုံးအခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပ ပြောဆိုနိုင်သူတစ်ဦးတစ်ယောက်၊ ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ၊ ၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၁၆ ရက်(၁၃၈၈ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၅ ရက်)မွန်းမတည့်မီ ၁၀ နာရီအချိန်တွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုများ စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်က ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုများက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၂ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(တင်ဇာဝင်း)**
**တွဲဖက်မြို့နယ်တရားသူကြီး(၁)**
**သာကေတမြို့နယ်တရားရုံး**

## ငြင်းချက်ထုတ်ရန်ဆင့်စာ

**(တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**တောင်ဥက္ကလာပမြို့နယ်တရားရုံးတော်**
**၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၁၀၄**

ဒေါ်ဝင်းဝင်းမြင့် **နှင့်** ၁။ ဦးမောင်ဝင်း
၂။ ဒေါ်ရင်နွဲ့
**(တရားလို)** **(တရားပြိုင်များ)**

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၀)ရပ်ကွက်၊ ဇေယျ(၈)လမ်း၊ အမှတ်(၄၅၀) နေ တရားပြိုင် ၁။ ဦးမောင်ဝင်းနှင့် ၂။ ဒေါ်ရင်နွဲ့ တို့ သိစေရမည်။

